# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်　၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်၊ စနေနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၃၁]


**မြတ်ဗုဒ္ဓ၏တန်ခိုးကြီးမား အသိပေးတရား**

**အပ္ပမာဒေန သမ္ပာဒေထ**

မမေ့မလျော့ မပေါ့မတန် အစဉ်သဖြင့် သတိတရားဖြင့် နေကြလော့။ ''သတ္တဝါအများ အိုချစ်သားတို့။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်သမျှ စီရင်သမျှ ခံနေကြရကုန်သော ရုပ်နာမ်နှစ်ပါး၊ သင်္ခါရတရားတို့သည် ဖြစ်လျှင်ပျက်သောသဘောရှိကုန်၏။ မြဲမြံသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ်ကုန်လော့။'' (ဒီဃနိကာယ်မဟာဝဂ္ဂပါဠိ-၁၂၈။)

# မဇင်းရေလှောင်တမံသည် ပတ်ဝန်းကျင်ဒေသများ စိမ်းလန်းစိုပြည်ရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်တည်ဆောက်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မဇင်းရေလှောင်တမံဆည်၌ ဒေသခံကလေးငယ်များက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်း၊ စာမျက်နှာ-၈) (ဓာတ်ပုံ-သတင်းစဉ်)

**GREEN ECONOMY GREEN GROWTH　အစိမ်းရောင်စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေဖို့**

သတင်းဆောင်းပါး စာမျက်နှာ-၆




**စမ်းပြီးလိမ်းကြည့်စေချင် ရွှေပြည်နန်းသနပ်ခါးရဲ့ အကျိုးကျေးဇူးတွေမင်**

ကျွန်မမှာ တူမသုံးယောက်ရှိပါတယ်။ သူတို့တွေဟာ အလုပ်ကိုယ်စီနဲ့ အချိန်မအားလပ်တာရယ်ကြောင့် အလွယ်တကူ ရွှေပြည်နန်း 4 in 1သနပ်ခါးကို ဝယ်ယူလိမ်းလိုက်တဲ့အခါကျမှ အဆင်ပြေသွားတာ ကျွန်မတွေ့ရတော့တယ်။ တစ်ယောက်က မျက်နှာမှာ ဝတ်ခြံထွက်လို့ သံပရာပါတဲ့ ရွှေပြည်နန်းကို သုံးပါတယ်။ တစ်ယောက်ကနှင်းဆီနှင့်စံပယ်သနပ်ခါးကို ရွေးသုံးပါတယ်။ အဲဒါတွေအပြင် ရုံးမှာလုပ်တဲ့ အသက်(၅၀)ကျော်နှင့်အသက်(၈၀)ကျော် ကျွန်မအမေမကတော့ နံ့သာဖြူသင်းနေတဲ့ ရွှေပြည်နန်းသနပ်ခါးကို ကြိုက်လို့သုံးတဲ့အပြင် ကျွန်မနဲ့ကျွန်မအမေမဟာ ခြေလက်ညောင်းညာပြီးခြေထောက်မကွေးနိုင်တာကို မုံညင်းဆီနှင့်ဆေးမြစ်စုံပါဝင်တဲ့ ရွှေပြည်နန်းရတနာကိုးသွယ်သနပ်ခါးကို လိမ်းလိုက်တဲ့အခါကျမှ ပေါ့ပါးလန်းဆန်းပြီး ခြေထောက်တွေအကြောတင်းနေတာကနေ ပျောက်သွားတာဟာ ကျွန်မကိုယ်တွေ့ပါပဲ။ ကျွန်မပြောတာမယုံရင် စမ်းပြီးလိမ်းကြည့်စေချင်ပါတယ်. . . ကျွန်မကတော့ ရွှေပြည်နန်းသနပ်ခါးကို အမြဲအားပေးနေအုန်းမှာပဲ. . .

ဒေါ်ခင်ဆွေဝင်း၊ ရုံးအုပ်(ငြိမ်း)လိုင်းရုံး၊ မဟာဓာတ်အားလိုင်းမှူးရုံး၊ ကန်တော်လမ်း၊ တောင်ငူမြို့။

ထပ်ဆင့်ထောက်ခံသူ ။ ။ ဒေါ်ခင်ထားမြင့်၊ စာရင်းကိုင်(၁) ငြိမ်း--လိုင်းရုံး၊ လှော်ပ်စစ်လမ်း၊ (၂)ရပ်ကွက်၊ တောင်ငူမြို့။

ဒေါ်ခင်ဆွေဝင်း ရုံးအုပ်(ငြိမ်း)လိုင်းရုံး

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ရေးသားပေးပို့နိုင်ပါကြောင့် လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဒီမိုကရေစီနှင့် ဦးဆောင်သူတို့ဆန္ဒ

ဒီမိုကရေစီအစိုးရသည် ပြည်သူတစ်ဦးချင်းစီတို့၏ဆန္ဒအရ ရွေးကောက်တင်မြှောက်ထားသည့်အစိုးရဖြစ်ခြင်းကြောင့် ပြည်သူလူထုအတွက်အကျိုးဖြစ်ထွန်းစေမည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစွမ်းကုန်ကြိုးပမ်းအားထုတ်ကြရပေသည်။ ဒီမိုကရေစီခေတ်တွင် ပြည်သူသာလျှင် အဓိက၊ ပြည်သူသာလျှင်ပဓာနဖြစ်သည်။ ပြည်သူကိုဗဟိုပြု၊ ပြည်သူကိုရှေးရှုပြီး အစွမ်းကုန်ကြိုးပမ်းအားထုတ်ကြရပေသည်။

ဤသို့ပြည်သူ့အကျိုးစီးပွားကို အဓိကဦးဆောင်ဦးရွက်ပြုမည့်အစိုးရတစ်ရပ်ပေါ်ပေါက်လာစေရေး မကြာမီရက်များအတွင်း မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကျင်းပပေတော့မည်။ ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်းများက နိုင်ငံတစ်ဝန်းမဲဆွယ်စည်းရုံးဟောပြောနေကြပြီဖြစ်ပါသည်။ ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ မဲဆွယ်စည်းရုံးမှုများ အရှိန်အဟုန်အားကောင်းလာလျက်ရှိသည်။ သို့သော် ရွေးကောက်ပွဲဝင်ပါတီအချင်းချင်း ထိပ်တိုက်ဆုံတွေ့မှုကြောင့် မလိုလားအပ်ဘဲ ပဋိပက္ခများဖြစ်ပွားခြင်းမှ ရှောင်ရှားနိုင်ရန် အထူးအလေးထား ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ရမည့်အချိန်ဖြစ်ပါသည်။

ဒီမိုကရေစီအစိုးရတစ်ရပ်တွင် ပြည်သူလူထု၏အကျိုးစီးပွားကိုအလေးထားဆောင်ရွက်ပေးလိုသောဆန္ဒသည် ဦးဆောင်ဦးရွက်ပြုခွင့်ရသောအစိုးရတို့၏ ဆန္ဒပင်ဖြစ်ပါသည်။ ဒီမိုကရေစီအစိုးရတိုင်းသည် ပြည်သူလူထု၏ဆန္ဒကို အလေးထားတုံ့ပြန်ဆောင်ရွက်ပေးရသည့်သဘောရှိသည်။

ထို့ကြောင့်လည်း ဒီမိုကရေစီစနစ်ကိုစတင်အကောင်အထည်ဖော်ဆောင်ရွက်သည့် လက်ရှိအစိုးရလက်ထက် လွန်ခဲ့သည့်လေးနှစ်ကျော်ငါးနှစ်နီးပါးကာလအတွင်း ပြည်သူလူထုကိုတိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများစွာပြုပြင်ပြောင်းလဲမှုများနှင့်အတူ ဖော်ဆောင်ပေးနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ အထူးသဖြင့် အခြေခံဆောက်အအုံများစွာတို့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။

အများသိသာမြင်သာရှိသော ကဏ္ဍတစ်ခုကို ပြောပါဆိုလျှင် ဆက်သွယ်ရေးကဏ္ဍဟု ဆိုရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် လူတိုင်းအင်တာနက်ပါ မိုဘိုင်းဖုန်းများကို မြို့ပြများသာမက ကျေးလက်တောရွာများအထိ လွယ်လင့်တကူသုံးစွဲလာနိုင်ခြင်းကြောင့်ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင်လည်း နိုင်ငံတစ်နံတစ်လျား လမ်းတံတားများ ကွန်ရက်အလားတိုးတက်လာခဲ့ပြီး ပြည်သူတို့သွားလာမှုအဆင်ပြေခဲ့ပါသည်။ ယခင်က စက်ဘီးသာသုံးနိုင်သော ပြည်သူများ ဆိုင်ကယ်များအသုံးပြုလာနိုင်ကြပြီဖြစ်ပါသည်။

ကျေးလက်ဒေသများအထိဖြန့်ကြက်လျက် လျှပ်စစ်မီးလင်းရေးကို အလေးထားဆောင်ရွက်နေသည်။ ကျန်းမာရေးစောင့်ရှောက်မှုဆေးရုံဆေးခန်းများတိုးတက်လာသည့်အပြင် ကုသစောင့်ရှောက်မှုများလည်း တိုးတက်လာခဲ့သည်။ ပညာရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ခဲ့သည့်အပြင် သင်ကြားရေးဆရာ ဆရာမများ တိုးမြှင့်ခန့်ထားပေးခြင်း၊ ကျောင်းများအဆင့်မြှင့်တိုးချဲ့မှုများပြုလုပ်နိုင်ခဲ့၍ တိုးတက်သောအပြောင်းအလဲများအဖြစ် တွေ့ရမည်ဖြစ်ပါသည်။

ဤသည်မှာ ဒီမိုကရေစီအစိုးရတစ်ရပ်အနေဖြင့် ပြည်သူကိုအလေးထားဆောင်ရွက်ပေးလျက်ရှိသည်မှာ အထင်အရှားတွေ့ရမည်ဖြစ်ပါသည်။ ဒီမိုကရေစီ သက်တမ်းရင့်ကျက်လာကာတိုင်းပြည်တည်ငြိမ်အေးချမ်းပြီး နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ယခုထက် ပိုမိုကောင်းမွန်သော ပြည်သူ့အကျိုးစီးပွားကို ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ရပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ရေတာရှည်မြို့လုံးဆိုင်ရာ သံဃာအပါး ၄၃၀ တို့အား ဝါကျွတ်ဆွမ်းလောင်းလှူပွဲကျင်းပ

**ရေတာရှည် အောက်တိုဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ ငွေရတုကုသိုလ်အာရုံဝတ်အသင်းက ကြီးမှူးကျင်းပသော (၂၅)ကြိမ်မြောက် ဝါကျွတ်ဆွမ်းလောင်းပွဲအား အောက်တိုဘာ ၃၀ ရက်က ကျင်းပခဲ့ပြီး မြို့ပေါ်ကျောင်းတိုက်အသီးသီးရှိ သံဃာပေါင်း ၄၃၀ ကျော် ကြွရောက်အလှူခံတော်မူခဲ့ကြောင်း သိရသည်။

အမှတ်(၄)ရပ်ကွက်ရှိ ရွှေကျင်ပရိယတ္တိစာတိုက်မှစတင်၍ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မြို့တွင်းရှိ ရပ်ကွက်အသီးသီးသို့ ကြွချီခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)



# မော်ကျွန်းတာဝတိံသာဘုရားဆင်းပွဲတော် ဘုရားဖူးများစည်ကား

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့တွင် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်သော (၈၃) ကြိမ်မြောက် တာဝတိံသာဘုရားဆင်း ဝါကျွတ်ပွဲတော်ကို အောက်တိုဘာ ၂၉ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ယင်းတာဝတိံသာဘုရားဆင်းပွဲတော်သို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မအူပင်၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဝါးခယ်မ၊ ကျုံမငေးနှင့် မြောင်းမြမြို့နယ်တို့မှ ဘုရားဖူးများ မြို့နယ်အတွင်းရှိ လှိုင်ဘုန်း၊ ကျိုက်ပိ၊ အလယ်ရေကျော်၊ မြတ်သာ၊ ငွေစင်ယော်၊ ကြက်ရှာနှင့်တံခွန်တိုင်ကြီး ကျေးရွာကြီးများမှ ဘုရားဖူးများသည် ညနေ ၃ နာရီမှစတင်ပြီး မြို့ပေါ်ရှိ လမ်းမကြီးများတွင် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည့်အပြင် ဘုရားလမ်း၊ အောင်ဇေယျလမ်းမကြီးနှင့် ဘုရင့်နောင်(၁၁) လမ်း လမ်းမကြီးတစ်လျှောက်တို့တွင် အနယ်နယ်အရပ်ရပ်မှ အရောင်းစျေးသည်များ၊ မြို့နယ်အတွင်းမှ အရောင်းစျေးသည်များ ရောင်းချလျက်ရှိခြင်းနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများဖြင့် ကြက်ပျံမကျ စည်ကားလျက်ရှိကြောင်း သိရသည်။

မော်ကျွန်း-မြင့်အောင်



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၇)ရပ်ကွက် ဗိုလ်မှူးဖိုးကွန်းလမ်းမကြီးပေါ်တွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းထွန်းဦးနှင့် ဝန်ထမ်းများ အောက်တိုဘာ ၂၉ ရက်က လျှပ်စစ်ဓာတ်အားပြတ်တောက်မှုအကြိမ်လျော့နည်းစေရေး၊ ဓာတ်အားပျောက်ဆုံးမှုကျဆင်းရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် စက်ယန္တရားများဖြင့် ကွင်းဆင်းဆောင်ရွက်စဉ်။

ကျော်လှ(တောင်ငူ)

# ကိုးထပ်ကြီးဘုရား၌ ဆွမ်းဆန်စိမ်းလောင်းလှူမည်

**ရန်ကုန် အောက်တိုဘာ ၃၀**

စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက်အတွင်း ဝါဆိုတော်မူခဲ့ကြသော သံဃာအပါး ၉၀ တို့အား အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီးဂေါပကအဖွဲ့၏ဦးဆောင်မှုဖြင့် ကိုးထပ်ကြီးဘုရားအရိပ်တော်အောက်ရှိ နဝဂုဏ ဗုဒ္ဓမာမက သာသနာပြုပါရမီရှင်များအသင်းက နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီတွင် ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်သည်။

ဘုရားကြီး၏ ဂန္ဓကုဋိတိုက်အတွင်း ကျင်းပမည်ဖြစ်၍ နေရာအခင်းအကျင်း ကြိုတင်ပြင်ဆင်ပေးနိုင်ရန်အတွက် ပါဝင်ကုသိုလ်ယူလောင်းလှူလိုသူများအနေဖြင့် ကိုးထပ်ကြီးဘုရားဂေါပကအဖွဲ့ရုံး ဖုန်း ၀၁-၅၁၀၆၆၃ နှင့် ၀၉-၅၀၇၆၀၅၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ ကိုကြီးတင်

# မြန်မာ့ရိုးရာ မြန်မာမုန့်ပွဲတော်ကျင်းပ

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်(မြောက်ပြင်) ဥပုသ်တော်ရပ်ရှိ ဘောဇနဒါန တနင်္ဂနွေဘုရားရှိခိုးအသင်းကြီးနှင့် ဓမ္မစကြာဝတ်အသင်းသူအသင်းသားများက ကုသိုလ်ပြုပူးပေါင်းပါဝင်ကျင်းပသော မြန်မာ့ရိုးရာနိဗ္ဗာန်စျေး မြန်မာမုန့်ပွဲတော်ကြီးကို အောက်တိုဘာ ၂၇ ရက်က နဂါးပရိယတ္တိစာသင်တိုက်ကျောင်းဝင်းအတွင်း၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည်။

အဆိုပါနိဗ္ဗာန်စျေးမုန့်ပွဲတော်ကြီးတွင် အသင်းလိုက်မြန်မာမုန့်များဖြင့် ကြွရောက်လာသူအပေါင်းကို တည်ခင်းဧည့်ခံကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်စျေးနှုန်း ၃၀-၁၀-၂၀၁၅

**ရွှေစျေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၄၂၀၀ |

**စက်သုံးဆီစျေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာစျေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၇ |
| ဥရောပ | တစ်ယူရို | ၁၄၅၄·၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၂၁·၅၂ |
| ထိုင်း | တစ်ဘတ် | ၃၆·၃၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉·၈၀၆ |
| တရုတ် | တစ်ယွမ် | ၂၀၁·၉၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅·၂၉ |

ခင်ရတနာ-စုစည်းသည်။

# (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်(၄)ရပ်ဖြင့် ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၃၀**

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ (ပထမအကြိမ်)ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**



အစည်းအဝေးသို့ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်နှစ်တိုင်း အစီအစဉ်နှစ်ရပ်ဖြင့် ကျင်းပခဲ့ပါကြောင်း၊ နံနက်ပိုင်းအစီအစဉ်တွင် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား၊ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားနှင့် နိုင်ငံတော်သမ္မတ ထံမှပေးပို့သည့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားတို့ကို ပြုလုပ်ပါကြောင်း၊ ညနေပိုင်းအစီအစဉ်တွင် နိုင်ငံတော်သမ္မတက တည်ခင်းဧည့်ခံသည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲကျင်းပခြင်း အခမ်းအနားကို ကျင်းပပါကြောင်း၊ ယခုနှစ်ကျင်းပမည့် လွတ်လပ်ရေးနေ့ အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအသီးသီးကို ဖွဲ့စည်းပေးထားပြီးဖြစ်ပါကြောင်း၊ ယင်းဆပ်ကော်မတီများအနေဖြင့် ယခင်နှစ်၏ အားနည်းချက်၊ အားသာချက်များအပေါ် ပြန်လည်သုံးသပ်၍ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား အောင်အောင်မြင်မြင်ကျင်းပနိုင်ရေး အတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများအနေဖြင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ အောင်မြင်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေး အတွက် ဗဟိုကော်မတီအောက်၌ ဆပ်ကော်မတီခုနစ်ခု ဖွဲ့စည်းတာဝန်ပေးအပ်ထားမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်နေသည့် အခြေအနေ၊ ဧည့်ခံရေး၊ တည်းခိုနေထိုင်ရေး၊ လုံခြုံရေး၊ ပြန်ကြားရေး၊ သဝဏ်လွှာ ပြုစုရေး၊ ကျန်းမာရေးနှင့် အားကစားပြိုင်ပွဲများ ကျင်းပရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို တင်ပြကြပြီး ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများက ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက လိုအပ်သည်များကို ဖြည့်ဆည်း မှာကြားသည်။

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်း ကာကွယ်ရေး၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်နှင့်အတူ ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး စသည့် အမျိုးသားရေးဦးတည်ချက်(၄)ရပ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




**ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ပရိုင်းမိတ်နှင့်ကျောက်ဖြစ်ရုပ်ကြွင်းများအကြောင်း ဟောပြောပွဲ၌ အမှာစကားပြောကြားစဉ်။**

* *ကျောဖုံးမှ*

ဟောပြောပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ဂျပန်နိုင်ငံ ပညာရှင်များနှင့် မြန်မာနိုင်ငံ ဘူမိဗေဒပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များ ပူးပေါင်း၍ သုတေသနလုပ်ငန်းများကို လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်ကတည်းက ကွင်းဆင်းဆောင်ရွက်ခဲ့ကြရာ ရရှိခဲ့သည့် သုတေသနအထောက်အထားများကို ပြည်သူလူထုသိရှိနိုင်ရန် ယခုကဲ့သို့ ဟောပြောပွဲကျင်းပရခြင်းဖြစ်ကြောင်း၊ လူသားအစ မျိုးနွယ်စုသည် မြန်မာနိုင်ငံဖြစ်လာမည့် နေရာက စတင်ခဲ့သည်ဆိုခြင်းကို ယနေ့ပညာရှင်များ၏ လေ့လာတွေ့ရှိချက်များနှင့် နှိုင်းယှဉ်စဉ်းစားကြရမည်ဟု ပြောသည်။

ဟသ်ာတတက္ကသိုလ် ဘူမိဗေဒဌာန တွဲဖက်ပါမောက္ခ ဒေါက်တာ ချစ်စိန်က "မြန်မာနိုင်ငံ ပုံတောင်ပရိုင်းမိတ် လေ့လာရေးအဖွဲ့ရဲ့ ရှာဖွေတွေ့ရှိမှု၊ အောင်မြင်မှုသမိုင်းကြောင်းတွေကို ၁၉၉၇ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ လှုပ်ရှားဆောင်ရွက်မှုတွေကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ပရိုင်းမိတ်နဲ့ ကျောက်ဖြစ်ရုပ်ကြွင်းဆိုတာ ဘာလဲ။ သူတို့ရဲ့အဓိပ္ပာယ် ဖွင့်ဆိုချက်တွေ၊ မြန်မာနိုင်ငံရဲ့ ကျောက်လွှာတွေမှာ တွေ့ရှိခဲ့တဲ့ ကျောက်ဖြစ်ရုပ်ကြွင်းအမျိုးအစားတွေကို အကျဉ်းချုပ်တင်ပြထားတယ်။ နောက်လူတူပရိုင်းမိတ်တွေ့ရှိခဲ့တဲ့ ပုံတောင်ဒေသ၊ လူတူပရိုင်းမိတ် စတင်တွေ့ရှိမှု၊ နောက်ခံသမိုင်းကြောင်း၊ လက်ရှိထပ်မံတွေ့ရှိမှု၊ နိုင်ငံတကာ ပညာရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ သုတေသနသမိုင်းကြောင်း ဆောင်ရွက်ချက်တွေအားလုံးကို အဆင့်ဆင့် တင်ပြသွားမှာဖြစ်ပါတယ်။ ပုံတောင်ကျောက်လွှာထုရဲ့ ဘူမိသက်တမ်းအကြောင်း၊ စမ်းသပ်တွေ့ရှိလို့ရတဲ့ ရလဒ်တွေနဲ့ မြေပြင်များရှာဖွေနည်း၊ ရေဆေးဆန်ခါချ ရှာဖွေနည်းစတဲ့ ရှာဖွေပုံ၊ ရှာဖွေနည်းအကြောင်းလည်း ပါတယ်။ အခုလို လူသားမျိုးနွယ်တို့ရဲ့ မူလအစကို ရှာဖွေတဲ့အခါ အရေးကြီးတဲ့အထောက်အထားဖြစ်တဲ့ လူတူပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းတွေကို မြန်မာနိုင်ငံ ကျောက်လွှာထုထဲမှာ တွေ့ရှိရတဲ့အတွက် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ရော၊ ပညာရှင် တစ်ယောက်အနေနဲ့ပါ ဂုဏ်ယူပါတယ်။ ဒီလုပ်ငန်းတွေကို ဆက်လက်ပြီး လေ့လာဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဆိုသည်။

ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ် Primate Research Institute မှ Prof.Masanaru TAKAI က "မြန်မာနိုင်ငံမှာ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းတွေကို ၁၈ နှစ်ကျော် သုတေသနပြုခဲ့တယ်။ သုတေသနတွေ့ရှိချက်တွေအရ မြန်မာပြည်မှာ ပရိုင်းမိတ် မျိုးနွယ်စုနှစ်စုလောက်ပဲ ရှိခဲ့ပေမယ့် အခုနောက်ပိုင်း တွေ့ရှိချက်အရ ပရိုင်းမိတ်မျိုးနွယ်စု ၁၀ မျိုးဖြစ်လာတယ်။ ၁၀ မျိုးရှိတဲ့အထဲမှာ လူသားမျိုးနွယ်နဲ့ဆက်စပ်တဲ့ ပရိုင်းမိတ်အပြင် အခြားမျိုးနွယ်စုတွေပါ ယှဉ်တွဲနေထိုင်ခဲ့တယ် ဆိုတာကို ခိုင်လုံတဲ့ ပတ်ဝန်းကျင်အထောက်အထားတွေအရ သိရတယ်။ ပုံတောင်ဒေသမှာ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းမျိုးစု ၁၀ မျိုးကျော်နဲ့ ပတ်သက်ပြီး ပရိုင်းမိတ်မျိုးနွယ်စုတွေ စုံလင်လှတဲ့အတွက် လူသားမျိုးနွယ်နဲ့ ဆက်စပ်တဲ့ အခြားမျိုးနွယ်စုတွေပါ နေထိုင်ကြောင်း တွေ့ရှိရတယ်။ နောက်ထပ် စိတ်ဝင်စားစရာ အချက်ကတော့ မြန်မာပြည်မှာတွေ့ရတဲ့ အစောပိုင်း ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းတွေက အာဖရိကမှာ တွေ့ရှိတဲ့ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းတွေနဲ့ အသွင်သဏ္ဍာန်ဆင်တူမှု တွေ့ရတဲ့အတွက် လွန်ခဲ့တဲ့နှစ်သန်းပေါင်းများစွာက အာဖရိကနဲ့ အာရှတိုက်အကြား ကူးလူးဆက်ဆံမှုတွေ ရှိခဲ့တယ်ဆိုတာ သိရပါတယ်။ အဓိပ္ပာယ်ကတော့ အာရှတိုက်မှ ပရိုင်းမိတ်တွေက အာဖရိကကို ရောက်သွားတဲ့ သဘောပါ။ အဲ့ဒီက ဆက်ပြီး သုတေသနတွေ့ရှိချက်တွေအရ လွန်ခဲ့သော နှစ်ပေါင်းသန်း ၄၀ ကျော်က မြန်မာပြည်မှာရှိတဲ့ အစောပိုင်း ပရိုင်းမိတ်မျိုးနွယ်စုတွေနဲ့ အာဖရိကမှာ နောက်ပိုင်းတွေ့ရတဲ့ ပရိုင်းမိတ်မျိုးနွယ်စုတွေ ဘယ်လိုဆက်စပ်မှုရှိလဲ၊ ဘယ်လိုဆင့်ကဲ ပြောင်းလဲသွားလဲ၊ ဘယ်လိုပြောင်းလဲနေထိုင်မှုရှိလဲ ဆိုတာတွေကို ဆက်လက်တူးဖော်တွေ့ရှိရပါတယ်။ ရှေ့လျှောက် မြန်မာပြည်မှာ ဒီထက်ကောင်းတဲ့ ပရိုင်းမိတ်မျိုးဆက် ကျောက်ဖြစ်ရုပ်ကြွင်းတွေကို ရှာဖွေတွေ့ရှိပြီး ဒီထက်ကောင်းတဲ့ အချက်အလက်တွေကို ရှာဖွေတွေ့ရှိရမယ်လို့ မျှော်လင့်ထားပါတယ်"ဟု ရှင်းပြသည်။

ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ် Primate Research Institute မှ Prof.Dr. Ken HIRAYAMA ကမူ "ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းတွေကို သုတေသနပြုတဲ့အခါ ရှာတွေ့ခဲ့တဲ့ လိပ်ကျောက်ဖြစ်ရုပ်ကြွင်းတွေထဲမှာ ကမ္ဘာ့အကြီးဆုံးလိပ်ကို တွေ့ရတယ်။ ပုံမှန်ဆိုရင် လိပ်ကို ဒီလောက်ကြီးမယ်လို့ ထင်မထားကြဘူး။ အရင်က တွေ့ထားတဲ့လိပ်ထက် ပိုကြီးတယ်။ မော်တော်ကား အရွယ်အစားလောက်ရှိတဲ့ ကမ္ဘာ့အကြီးဆုံးလိပ်ကို တွေ့ရတဲ့အတွက် တကယ့်ကို အရေးပါတဲ့ သုတေသနဖြစ်ပါတယ်။ ဒီလိပ်ကျောက်ဖြစ်ရုပ်ကြွင်းကို သုတေသနပြုတဲ့အခါ လိပ်က ကုန်းလိပ်မျိုးပါ။ ကုန်းတွင်းပိုင်းမှာ ဒီလောက်ကြီးတဲ့ လိပ်မျိုးတွေ နေထိုင်လို့ရအောင် ဘယ်လိုပတ်ဝန်းကျင်မျိုးဖြစ်ခဲ့တယ် ဆိုတာကို အဓိကထားပြီး သုတေသနပြုလေ့လာတာဖြစ်ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး တွေ့ရှိချက်တွေ ထပ်မံရရှိမယ်လို့မျှော်လင့်ပါတယ်"ဟုပြောသည်။



**တွဲဖက်ပါမောက္ခ ဒေါက်တာ ချစ်စိန်**



**Prof.Masanaru TAKAI**



**Prof.Dr. Ken HIRAYAMA**

အဆိုပါ ဟောပြောပွဲကို ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဟောပြောပွဲသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပညာရှင်များ၊ ဘူမိဗေဒကျောင်းသား ကျောင်းသူများ၊ ပညာရပ်ဆိုင်ရာ စာရေးဆရာများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။ ဟောပြောပွဲတွင် ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ ပညာရှင်နှစ်ဦးနှင့် မြန်မာနိုင်ငံမှ ပညာရှင်တစ်ဦးတို့က သုတေသနတွေ့ရှိချက် စာတမ်းလေးစောင်ကို ဟောပြောကြသည်။

# အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်

**ဘဂ္ဂဒက် အောက်တိုဘာ ၃၀**

အောက်တိုဘာ၂၉ ရက်က အီရတ်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ဒေသအတော်များများ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး ဘဂ္ဂဒက်မြို့၏ လမ်းများပေါ်တွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်ကာ ရွှေ့ပြောင်းဒုက္ခသည်များ၏ ယာယီတည်းခိုရာစခန်းများလည်း ပျက်စီးခဲ့ကြောင်း သိရသည်။

အင်အားပြင်းမုန်တိုင်းတစ်ခုသည် ဘဂ္ဂဒက်မြို့ကို အောက်တိုဘာ၂၈ ညနေက ဝင်ရောက်တိုက်ခတ်ခဲ့ရာ အီရတ်၏ ခြောက်သွေ့သော နွေရာသီတွင် မကြုံစဖူး ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့သည်။

အခြေခံအဆောက်အအုံများဖွံ့ဖြိုးမှုအားနည်းသည့် အီရတ်၏ ဒုတိယ အကြီးဆုံး ဘဂ္ဂဒက်မြို့ရှိ လူပေါင်း ရှစ်သန်းကျော်မှာ ရေလွှမ်းမိုးမှုကို ခံစားခဲ့ရကြောင်း သိရသည်။ ထို့အပြင် မုန်တိုင်းတိုက်ခတ်သောဒေသရှိ ပြည်သူများက လုပ်ငန်းခွင်သို့သွားရောက်ရာတွင် အခက်အခဲများဖြစ်သောကြောင့် အောက်တိုဘာ ၂၉ ရက်ကို အများပြည်သူရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် တောင်းဆိုလိုက်ကြောင်း သိရသည်။

ထို့အပြင် အချို့ဘဂ္ဂဒက်မြို့သားများမှာ မြေအောက်မြောင်းမှရေများနှင့် မိုးရေများရောနှောနေသော အောက်ထပ်များတွင် တစ်ညတာလုံး နေခဲ့ရသည်။ အိုးအိမ်က ပစ္စည်းများကိုအသာထား၊ ရေကြီးမှုကြောင့် ရောဂါများပြန့်ပွားလာမည်ကို စိုးရိမ်မိကြောင်းစသည်ဖြင့် ဒေသခံတစ်ဦးက ပြောခဲ့သည်။

ယခုနှစ်တွင် အီရတ်နိုင်ငံ၌ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ညံ့ဖျင်းသည့်အတွက် ဆန္ဒပြမှုများလည်း ဖြစ်ပွားလျက်ရှိသည်။ ထို့ပြင် အန်ဘာဒေသရှိ ရွှေ့ပြောင်းနေထိုင်သူများ၏ စခန်းများမှာလည်း ရေကြီးမှုများကိုခံစားခဲ့ရပြီး မြို့တော်ဝန်က အန္တရာယ်ကင်းရာဒေသသို့သွားရောက်သည့် တံတားများကို ဖွင့်ပေးသင့်ကြောင်း ပြောကြားခဲ့သည်။ လာမည့်သီတင်းပတ်တွင်လည်း ယင်းဒေသ၌ မိုးသက်မုန်တိုင်းများကျရောက်နိုင်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။

**(ဆင်ဟွာ)**



# အမေရိကန်၏လုပ်ရပ် တောင်တရုတ်ပင်လယ်အတွင်း စစ်မီးတောက်လောင်နိုင်ဟုဆို



**ပေကျင်း အောက်တိုဘာ ၃၀**

အမေရိကန်တို့အနေဖြင့် တောင်တရုတ် အငြင်းပွားနယ်မြေအတွင်း ရန်လိုသော လုပ်ဆောင်မှုများ ရပ်တန့်နိုင်ခြင်းမရှိလျှင် အသေးအဖွဲဖြစ်စဉ်မှသည် စစ်မီးတောက်လောင်သွားနိုင်ကြောင်း တရုတ်ရေတပ် ဗိုလ်ချုပ်ကြီးက အမေရိကန် ဗိုလ်ချုပ်ကြီးအား ပြောကြားလိုက်သည်ဟု တရုတ်ရေတပ်၏ ကြေညာချက်တွင် ဖော်ပြသည်။

တရုတ်ရေတပ် ဗိုလ်ချုပ်ကြီး ဝူရှန်ဂလီက အမေရိကန်ရေတပ် အကြီးအကဲ ဂျွန်ရစ်ချတ်ဆင်အား ကြာသပတေးနေ့က အထက်ပါအတိုင်း ပြောဆိုလိုက်ကြောင်း တရုတ်ရေတပ်၏ ကြေညာချက်တွင် ဖော်ပြသည်။

နှစ်နိုင်ငံ စစ်ဘက်အရာရှိနှစ်ဦးသည် အမေရိကန်စစ်သင်္ဘောတစ်စင်း တရုတ်လူလုပ်ကျွန်းအနီး ရေပိုင်နက် ၁၂ မိုင်အတွင်း ဝင်ရောက်ခဲ့ပြီးနောက် ထိုသို့ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံက အမေရိကန်၏ ကင်းလှည့် ဝင်ရောက်မှုအပေါ် ပြင်းပြင်း ထန်ထန်ဝေဖန်ရှုတ်ချလိုက်သည်။ အမေရိကန်က တရုတ်တို့၏ လူလုပ်ကျွန်းအနီး ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခဲ့မှုသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်ဟု ဆိုသည်။ တရုတ်တို့က တောင်တရုတ်ပင်လယ်အတွင်း လူလုပ်ကျွန်း ခုနစ်ခု တည်ဆောက်ထားရာ ၄င်းဒေသမှာ ကမ္ဘာ့ပင်လယ်ကူးသင်္ဘောကြီးများ အဓိကဖြတ်သန်းသွားလာရာဒေသဖြစ်သည်ဟု ဆိုသည်။ အမေရိကန်အနေဖြင့် ယင်းကဲ့သို့အပြုအမူ ထပ်မံပြုလုပ်လာလျှင် စစ်မီးတောက်လောင်မှုအထိ ဖြစ်နိုင်ကြောင်း တရုတ်ရေတပ်ဗိုလ်ချုပ်ကြီးဝူက ပြောသည်။

**(ရိုက်တာ)**

# နျူကလီးယားစမ်းသပ်ရန် မြောက်ကိုရီးယား ဥမင်လိုဏ်ခေါင်းသစ်ဖောက်လုပ်နေဟုဆို



**ပြုံယမ်း အောက်တိုဘာ ၃၀**

မြောက်ကိုရီးယားအနေဖြင့် အနာဂတ် နျူကလီးယားစမ်းသပ်မှုများ ပိုမိုပြုလုပ်နိုင်ရန် ရည်ရွယ်လျက် ဥမင်လိုဏ်ခေါင်းသစ်တစ်ခုတူးနေကြောင်း သောကြာနေ့က တောင်ကိုရီးယားသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်တန်ကာတာသည် မြောက်ကိုရီးယားဒုံးပျံနှင့် နျူကလီးယားခြိမ်းခြောက်မှု တုံ့ပြန်မည့်အရေးဆွေးနွေးရန် တနင်္ဂနွေနေ့က တောင်ကိုရီးယားသို့ သီးခြားသွားရောက်လိမ့်မည်ဟု ဆိုသည်။

အဆိုပါ ဥမင်လိုဏ်ခေါင်းတူးဖော်နေသည့်နေရာမှာ ယခင်နျူကလီးယားစမ်းသပ်မှု သုံးကြိမ်ပြုလုပ်ခဲ့သော မြောက်ကိုရီးယား အရှေ့ဘက်ကမ်းခြေတွင် တည်ရှိကြောင်း၊ လိုဏ်ခေါင်းသစ်အတွင်း အလုပ်သမားများနှင့် မော်တော်ယာဉ်များ သွားလာ လှုပ်ရှားနေသည်ကိုတွေ့ရကြောင်း အမည်မဖော်လိုသူ အစိုးရသတင်းရပ်ကွက်မှ ပြောကြားချက်ကို ကိုးကားပြီး ယွန်ဟတ်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ ဥမင်သစ်ကို ဆက်လက်ဖောက်လုပ်နေဆဲ ဖြစ်ကြောင်း၊ သို့သော် နျူကလီးယားစမ်းသပ်ရန် ပြင်ဆင်မှုကို မတွေ့သေးကြောင်း အဆိုပါ သတင်းရပ်ကွက်က ပြောသည်။ မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားစမ်းသပ်မှု သုံးကြိမ်ပြုလုပ်ခဲ့ရာ ၂၀၁၃ ခုနှစ်က နောက်ဆုံး စမ်းသပ်ခဲ့သည်ဟု ဆိုသည်။

**(ရိုက်တာ)**

# အန္တာတိကပေါ်ရှိ အိုဇုန်းလွှာအပေါက် ပိုကျယ်လာ

**ဂျီနီဗာ အောက်တိုဘာ ၃၀**

ကမ္ဘာ့မိုးလေဝသဆိုင်ရာအဖွဲ့အစည်းက အန္တာတိကတိုက်ပေါ်ရှိ အိုဇုန်းလွှာပေါက်သည် ယခင်အရွယ်အစားထက် သုံးဆပိုကြီးလာကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အိုဇုန်းလွှာအပေါက်သည် အောက်တိုဘာ ၂ ရက်တွင် ၂၈ ဒသမ ၂ ရာခိုင်နှုန်းပိုကြီးလာကြောင်း ဂျီနီဗာအခြေစိုက် ကုလသမဂ္ဂ အေဂျင်စီက ပြောခဲ့သည်။ အဆိုပါအရွယ်အစားသည် အန္တာတိက၏ နှစ်ဆခန့်ရှိပြီး ကနေဒါနှင့် ရုရှား နှစ်နိုင်ငံပေါင်းထက်ပင် ကြီးမား ကြောင်း သိရသည်။

၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၆ ခုနှစ်တွင် စံချိန်ချိုးခဲ့သော အိုဇုန်းလွှာအပေါက်ကို လေ့လာမှုပြုလုပ်ခဲ့ပြီးနောက် ယခုအကြိမ်သည် တတိယအကြီးဆုံး လေ့လာဆန်းစစ်မှုဖြစ်ကြောင်း ယင်းအေဂျင်စီက ပြောခဲ့သည်။

ကလိုရိုဖလိုရိုကာဗွန်နှင့် အခြားလူတို့ပြုလုပ်သောဓာတ်ငွေ့များက အိုဇုန်းလွှာကိုပျက်စီးစေသည့် အဓိကအကြောင်းရင်းများဖြစ်ကြောင်း၊ အိုဇုန်းလွှာသည် လူတို့၏ အသားအရေနှင့် မျက်လုံးတို့ကိုထိခိုက်စေမည့် ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပိတ်ဆို့ပေးသည့်အလွှာဖြစ်ကြောင်း သိရသည်။

အိုဇုန်းလွှာအပေါက် ကျယ်လာရခြင်းသည် အန္တာတိကအပူချိန် ပြောင်းလဲခြင်းကြောင့်ဖြစ်ပြီး ယင်းအပူချိန်သည် နှစ်စဉ်နှစ်တိုင်းပြောင်းလဲလျက်ရှိကြောင်း ကမ္ဘာ့မိုးလေဝသဆိုင်ရာအဖွဲ့အစည်းကပြောကြားခဲ့သည်။

ထို့အပြင် ကမ္ဘာကြီးက အိုဇုန်းလွှာပြဿနာကို အမြဲဂရုပြုရမည်ဖြစ်ကြောင်း ၄င်းအဖွဲ့အစည်းကြီးက ပြောခဲ့သည်။ **(အင်နှဲအိတ်ချ်ကေ)**

# ဆလိုဗေးနီးယားသို့ ဒုက္ခသည် ၆၀၀၀ ကျော်ရောက်ရှိ

**လဂျူဘလူဂျာနား (ဆလိုဗေးနီးယား) အောက်တိုဘာ ၃၀**

ဆလိုဗေးနီးယားအစိုးရက ဒုက္ခသည် ၆၄၀၀ သည် ၄င်းတို့၏ နိုင်ငံသို့ရောက်ရှိလာကြောင်း အောက်တိုဘာ ၂၉ ရက်ကကြေညာခဲ့သည်။ ခရိုအေးရှားမှ ဒုက္ခသည်များစီးနင်းလိုက်ပါလာသော ရထားနှစ်စင်းသည် ဆလိုဗေးနီးယားနိုင်ငံတစ်ဝန်းရှိ ဒုက္ခသည်၈၂၀၀ မှီတင်းနေထိုင်သော ဒုက္ခသည်စခန်းများသို့ ဒေသစံတော်ချိန် ညနေ ၅နာရီက ရောက်ရှိလာကြောင်း သိရသည်။

ယင်းနေ့တစ်နေ့တည်းမှာပင် ဩစတြီးယားနိုင်ငံမှ ဒုက္ခသည် ၇၀၀၀ ကိုလက်ခံခဲ့ကြောင်း ဆလိုဗေးနီးယားရဲများက ပြောခဲ့သည်။

ဆလိုဗေးနီးယားပြည်ထဲရေးဝန်ကြီး ဗက်စ်နာဂျိုကို့စ်ဇနီဒါက အစိုးရအဖွဲ့က တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများအား ခုခံကာကွယ်သွားရန် ဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့ကြောင်းပြောသည်။ သို့သော် အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ထို့ပြင် ဆလိုဗေးနီးယား၏နယ်စပ်ဖြစ်သော ချန်ဂျန်ကို ပိတ်ရန် ကြိုးစားနေကြောင်း ဝန်ကြီးချုပ်ကပြောကြားသည်။ ထိုသို့ ပိတ်လိုက်ခြင်းဖြင့် ဒုက္ခသည်စီးဝင်မှုကို လျော့နည်းစေမည်ဖြစ်ကြောင်း ၄င်းက ပြောခဲ့သည်။

**(ဆင်ဟွာ)**

# ညလုံးပေါက် မဲရေတွက်ရာတွင် အသုံးပြုရန် ဂျပန်နိုင်ငံအစိုးရက နေရောင်ခြည်စွမ်းအင်သုံး မီးအိမ်များလှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၂၀**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ဂျပန်နိုင်ငံအစိုးရက နေရောင်ခြည်စွမ်းအင်သုံး မီးအိမ်များ လွှဲပြောင်းလှူဒါန်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi HIGUCHI၊ UNDP ဌာနေညွှန်ကြားရေးမှူး Mr. Toily Kurbanov နှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ကော်မရှင်နှင့် UNDP တို့ ဆွေးနွေးညှိနှိုင်းမှုအရ UNDP အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းသုံး ပစ္စည်းများဖြစ်သည့် ဆိုလာမီးအိမ်များ ဖျက်၍မရသောမင်များ ဝယ်ယူပေးရန်နှင့် ကိုယ်စားလှယ်လောင်းများအတွက် Information Session များ ပြုလုပ်ပေးရန် သဘောတူဆုံးဖြတ်ခဲ့ကြောင်း။

ဆိုလာမီးအိမ်ဝယ်ယူထောက်ပံ့ရေးအတွက် UNDP နှင့် ဂျပန်နိုင်ငံတို့ မိတ်ဖက်ပြုပြီး နိုင်ငံတစ်ဝန်းလုံးရှိ လျှပ်စစ်မီးအချိန်ပြည့်မရသော မဲရုံများအတွက် နေရောင်ခြည်စွမ်းအင်သုံး မီးအိမ်ပေါင်း ၅၁၂၉၈ လုံးကို ဝယ်ယူ၍ ရန်ကုန်နှင့် မန္တလေးမြို့များမှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေပေးပို့ပြီးဖြစ်ကြောင်း၊ ဆိုလာမီးအိမ်များ ပံ့ပိုးလှူဒါန်းပေးသည့်အတွက် ရွေးကောက်ပွဲကျင်းပသည့်နေ့ ညလုံးပေါက်မဲရေတွက်ရသော မဲရုံများ၌ မဲလက်မှတ်များရေတွက်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

ထို့နောက် ဂျပန်သံအမတ်ကြီးက ဆိုလာမီးအိမ်များအား ဂျပန်အစိုးရအနေဖြင့် UNDP မှတစ်ဆင့် လှူဒါန်းခဲ့ကြောင်း၊ လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အားထုတ်ကြိုးပမ်းမှုသည် မြန်မာနိုင်ငံသားများအတွက်သာမက နိုင်ငံတကာအသိုက်အဝန်းအတွက်လည်း အရေးကြီးပါကြောင်း၊ ဆိုလာမီးအိမ်သည် ၁၂ နာရီကြာ အသုံးပြုနိုင်ပြီး နေရောင်ခြည်စွမ်းအင်သာမက ဓာတ်ခဲ၊ ဘက်ထရီဖြင့်လည်း ဆက်သွယ်ကာ မဲလက်မှတ်ရေတွက်စာရင်းပြုစုရာတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်သံအမတ်ကြီးက ရွေးကောက်ပွဲတွင် အသုံးပြုမည့် ဆိုလာမီးအိမ်များကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လက်ခံယူသည်။ **(ဝဲပုံ)**

ထို့နောက် UNDP ဌာနေညွှန်ကြားရေးမှူးက ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအောင်မြင်ရန်အတွက် အကြောင်းအရာများစွာကို အသေးစိတ်စဉ်းစားပြီး ဆိုလာမီးအိမ်များ လှူဒါန်းရရှိရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ လျှပ်စစ်မီးမရရှိသော ဒေသများတွင် မဲရေတွက်ရန်အတွက် ဆိုလာမီးအိမ်များ ဖြန့်ဝေထုတ်ပေးနိုင်မှုသည် ယင်းဒေသများရှိ ကိုယ်စားလှယ်လောင်းများနှင့် ပြည်သူများ၏ယုံကြည်မှုကို မြင့်မားစေမည်ဖြစ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

## မိုင်းရှူးမြို့နယ်၊ ကျေးသီးမြို့နယ်တို့အား မြို့နယ်တစ်ခုလုံးစီနှင့် တန့်ယန်းမြို့နယ်၊ ဟိုပန်မြို့နယ်များအတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၅၀)တို့တွင် ရွေးကောက်ပွဲများကျင်းပခြင်း မပြုခြင်းမှာ ဥပဒေနှင့်အညီ ရွေးကောက်ပွဲရွှေ့ဆိုင်းခြင်းဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**သတင်းထုတ်ပြန်ချက်**
**နေပြည်တော်၊ အောက်တိုဘာ ၂၀**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား ကျင်းပပြုလုပ်ရာ၌ ရှမ်းပြည်နယ်အတွင်းရှိ မိုင်းရှူးမြို့နယ်နှင့် ကျေးသီးမြို့နယ်တို့အား မြို့နယ်တစ်ခုလုံးစီနှင့် တန့်ယန်းမြို့နယ်၊ ဟိုပန်မြို့နယ်များအတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၅၀)တို့တွင် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုကြောင်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၂၇) ရက်နေ့၌ ကြေညာချက်အမှတ် (၆၇/ ၂၀၁၅) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ထိုနယ်မြေဒေသများတွင် ၂၀၁၅ ခုနှစ် ဇွန်လကတည်းက RCSS/ SSA (တောင်ပိုင်း) လက်နက်ကိုင်အဖွဲ့များအနေဖြင့် လက်နက်ဖြင့်ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်ခြင်း၊ မလျော်သြဇာသုံးခြင်းများရှိကြောင်း၊ ၎င်းဒေသတွင် ယှဉ်ပြိုင်အရွေးခံကြမည့် နိုင်ငံရေးပါတီများမှတင်ပြချက်အပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ နယ်မြေလုံခြုံရေးအခြေအနေအရ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်းများရှိနိုင်ကြောင်း၊ မဲဆန္ဒနယ်မြေအားလုံးတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန်အတွက် နယ်မြေအတွင်းရှိ နိုင်ငံရေးပါတီများအနေဖြင့် နယ်မြေလူထုအား စည်းရုံးဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် လက်နက်ဖြင့် ခြိမ်းခြောက်၍ မဲထည့်စေခြင်း၊ မဲမထည့်ရန်တားဆီးခြင်းပြုလုပ်ပါက ရွေးကောက်ပွဲတွင် အနိုင်ရရှိသော်လည်း ရွေးကောက်ပွဲပြီးနောက် ကန့်ကွက်လွှာများ တင်သွင်းလာပါက ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တစ်ဆင့် နိုင်ငံရေးပါတီများသို့ ခေါ်ယူအသိပေးပြောကြားသွားရန် အကြောင်းကြားဆောင်ရွက်စေခဲ့ပါသည်။ အောက်တိုဘာလ (၁၉) ရက်နေ့တွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီကလည်းကောင်း၊ အောက်တိုဘာလ(၂၁)ရက်နေ့တွင် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကလည်းကောင်း၊ ၎င်းဒေသများတွင် စစ်ရေးလှုပ်ရှားမှုများ၊ တိုက်ပွဲဖြစ်ပွားမှုများရှိနေပြီး ဒေသခံများမှာ မိမိတို့၏နေအိမ်များအားစွန့်ခွာ၍ အခြားနေရာများသို့ ပြောင်းရွှေ့ထွက်ခွာနေရသဖြင့် ၎င်းဒေသများအား ရွေးကောက်ပွဲရွှေ့ဆိုင်းပေးရန် တင်ပြခဲ့ကြပါသည်။ ထို့အတူ ရှမ်းပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲကလည်း သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရွေးကောက်ပွဲလုံခြုံရေး စီမံခန့်ခွဲမှုကော်မတီတို့နှင့် အစည်းအဝေးပြုလုပ်သုံးသပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရန်အခြေအနေမရှိ၍ ရွှေ့ဆိုင်းပေးရန်တင်ပြခဲ့ပါသည်။ ထို့အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလည်း ၎င်းဒေသများအတွင်း ၆-၁၀-၂၀၁၅ ရက်နေ့မှ ၂၁-၁၀-၂၀၁၅ ရက်နေ့အထိ တိုက်ပွဲများဖြစ်ပွားလျက်ရှိကြောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် အခက်အခဲများရှိကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးမှုတွင် အနှောင့်အယှက်အဟန့်အတားများရှိနိုင်ကြောင်း၊ မဲရုံများ ဖွင့်လှစ်ဆောင်ရွက်ရာတွင်လည်း လုံခြုံမှုစိတ်ချရသော အခြေအနေမရှိကြောင်း၊ မဲရုံတာဝန်ကျ ဝန်ထမ်းများအား ဖိအားပေးခြိမ်းခြောက်မှုများရှိနိုင်ကြောင်းနှင့် မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် မိမိသဘောဆန္ဒအရမဟုတ်ဘဲ ခြိမ်းခြောက်၍ မဲပေးစေမှုများရှိနိုင်ခြင်းတို့ကြောင့် ၎င်းဒေသများတွင် ရွေးကောက်ပွဲရွှေ့ဆိုင်းပေးရန် တင်ပြခဲ့ပါသည်။ ကော်မရှင်အနေဖြင့် ၎င်းနယ်မြေဒေသများသို့ ဆန္ဒမဲလက်မှတ်များပေးပို့ရန် ဆောင်ရွက်ရာတွင်လည်း တိုက်ပွဲများဖြစ်ပွားနေ၍ ပေးပို့နိုင်ခြင်းမရှိသေးဘဲ ဆန္ဒမဲလက်မှတ်များအား ကျေးသီးမြို့နယ်အတွက် ခိုလန်ရဲစခန်းတွင် လည်းကောင်း၊ မိုင်းရှူးမြို့နယ်အတွက် ကွန်ဟိန်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်တို့တွင် ထိန်းသိမ်းထားရပါသည်။

၃။ ၎င်းကြေညာချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ၂၉-၁၀-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်လာသော နိုင်ငံရေးပါတီများအား ချပြဆွေးနွေးခဲ့ရာ နိုင်ငံရေးပါတီများအနေဖြင့် ထောက်ခံသောပါတီများသာရှိခဲ့ပြီး ကန့်ကွက်သောပါတီမရှိပါ။

၄။ သို့ဖြစ်ပါ၍ အဆိုပါရွေးကောက်ပွဲရွှေ့ဆိုင်းခြင်းကိစ္စအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနယ်မြေရှိ အာဏာပိုင်အဖွဲ့အစည်းများ၊ ကော်မရှင်အဖွဲ့ခွဲများ၊ ပါတီများနှင့် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ တင်ပြချက်များအပေါ် သုံးသပ်၍ ဥပဒေနှင့်အညီ ရွေးကောက်ပွဲရွှေ့ဆိုင်းခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပခုက္ကူခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် နိုင်ငံရေးပါတီများတွေ့ဆုံ

**ပခုက္ကူ အောက်တိုဘာ ၂၀**

ပခုက္ကူခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် နိုင်ငံရေးပါတီများတွေ့ဆုံပွဲကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

တွေ့ဆုံပွဲတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရွှေကျော့က နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးရာတွင် လိုက်နာရမည့်အချက်များ၊ ကျင့်ဝတ်များ၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များနှင့် ပတ်သက်၍ ဝတ်စားဆင်ယင်မှု ဆိုင်ရာများကို ဆွေးနွေးသည်။

ထို့နောက် နိုင်ငံရေးပါတီများက မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်ထားရှိရေးနှင့် အခြားသိလိုသည်များမေးမြန်းရာ ခရိုင်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲအရာရှိတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ပခုက္ကူခရိုင်အောက်ရှိ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်နှင့် ဆိပ်ဖြူ မြို့နယ်တို့တွင် စုစုပေါင်းမဲရုံ ၁၁၁၂ ရုံရှိပြီး လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း ၈၇ ဦးဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံမည်ဖြစ်ကြောင်း သိရသည်။

**(၁၁၇)**



## အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးရှင်းလင်း

**သံတွဲ အောက်တိုဘာ ၂၀**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက သံတွဲမြို့ ဒွါရာဝတီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သံတွဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်က ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား ရှင်းလင်းဆွေးနွေးပြီး မဲပေးခြင်းဆိုင်ရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးကာ မဲပေးခြင်းဆိုင်ရာ လုပ်ငန်းများ လက်တွေ့ဆောင်ရွက်ခြင်းကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင် ဦးအောင်ကျော်သိန်းက လက်တွေ့ရှင်းလင်းပြသသည်။

ဆက်လက်၍ တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်နှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

*၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်၌ ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံအစိမ်းရောင်စီးပွားရေးဌာန (ASEAN Institute for Green Economy-AIGE) တစ်ခုကို မြန်မာနိုင်ငံ (ရန်ကုန်မြို့)၌ ဖွင့်လှစ်တည်ထောင်နိုင်မှု တစ်နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး*

## အစိမ်းရောင်စီးပွားရေးလမ်းကြောင်းပေါ် မလွဲမသွေ ပူးပေါင်းလျှောက်လှမ်း

**ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အထောက်အကူပြုတဲ့ အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြပါစို့။**

(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ နေပြည်တော် MICC -2 ၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

မြင့်မောင်စိုး

# အစိမ်းရောင်စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေဖို့



ကမ္ဘာကြီးတွင် သဘာဝသယံဇာတများ အလွန်အကျွံထုတ်ယူသုံးစွဲမှုများကြောင့် ဂေဟစနစ်များ ပျက်စီးကာ အမျိုးမျိုးသောသဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်နေကြရပါသည်။

မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ တောမီးလောင်ခြင်း အစရှိသော ဘေးအန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့်အတွက် နောက်ဆက်တွဲဆိုးကျိုးများအဖြစ် လူသားတို့၏ နေ့စဉ်ဘဝရပ်တည်ရေး လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးထိခိုက်မှုများအထိ ခြိမ်းခြောက်လျက်ရှိပါသည်။

ထို့ကြောင့်လည်း စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပတ်ဝန်းကျင်ဂေဟစနစ်ကို ထိခိုက်ပျက်စီးယိုယွင်းမှုမရှိသည့် စီးပွားရေးလုပ်ငန်းများအဖြစ် ပြုပြင်ပြောင်းလဲလုပ်ဆောင်သွားကြရန် ပညာရှင်တို့က တိုက်တွန်းနေကြပြီဖြစ်သည်။

တစ်နည်းအားဖြင့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သွားရန် ဆော်ဩတိုက်တွန်းနေကြခြင်း ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများသာမက ဖွံ့ဖြိုးဆဲနိုင်ငံများ၌ပါ စီးပွားရေးလုပ်ငန်းများ အပြိုင်အဆိုင် ရင်းနှီးမြှုပ်နှံချဲ့ထွင် လုပ်ကိုင်ကြရာတွင် သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များကို ဆိုးရွားစွာထိခိုက်ပျက်စီးလျက်ရှိပါသည်။ သစ်တောများပြုန်းတီးလာခြင်း၊ မြေဆီလွှာများ ပျက်စီးယိုယွင်းလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ရှားပါးလာခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ ဆိုးရွားသောမုန်တိုင်းများ ဖြစ်ပေါ်ခြင်းစသော သဘာဝဘေးများနှင့် ရင်ဆိုင်နေကြရပါသည်။

မြန်မာနိုင်ငံတွင်လည်း လွန်ခဲ့သော ဆယ်စုနှစ်အတွင်း နာဂစ်မုန်တိုင်းကဲ့သို့ ဆိုးရွားသော သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့လာရသည်။ ယခုနှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများသည်လည်း သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးလာခြင်း၏ အကျိုးဆက်အကြောင်းတရားများဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။

ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသစီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မရှင်(ယူနက်စကတ်)၏ မကြာသေးမီက ထုတ်ပြန်ချက်အရ အာရှနှင့်ပစိဖိတ်ဒေသ၌ ၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ သဘာဝဘေးအန္တရာယ် ဖြစ်စဉ်ပေါင်း ၁၆၂၅ ကြိမ်ဖြစ်ပွားခဲ့ရာ ဘေးအန္တရာယ်များကြောင့် လူအသက်ပေါင်း ငါးသိန်းခန့် သေကျေပျက်စီးခဲ့ရသည်ဟု ဆိုထားသည်။ အာရှနှင့် ပစိဖိတ်ဒေသအတွင်း နိုင်ငံများ၌ မုန်တိုင်းဒဏ် မကြာခဏကြုံတွေ့ရခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ ဆူနာမီဖြစ်ပေါ်ခြင်း၊ မြေငလျင်လှုပ်ခြင်းစသော သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်နေကြရပါသည်။ ရေကြီးရေလျှံမှုနှင့် မုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များသည် နှစ်စဉ်နှစ်တိုင်း မိုးရာသီကာလတွင် နိုင်ငံတိုင်းနီးပါး ရင်ဆိုင်ကြုံတွေ့နေကြရစမြဲ ဖြစ်ပါသည်။

**ရောဝတီမြစ်ဝှမ်းအတွင်း စိုက်ပျိုးထုတ်လုပ်မှုအတွက် သဘာဝ သယံဇာတအရင်းအမြစ်များ၊ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆွေးနွေး**

ဤကဲ့သို့သော သဘာဝဘေးအန္တရာယ်များသည် တားဆီး၍ မရနိုင်သော်လည်း ထိခိုက်မှုအနည်းဆုံးဖြစ်အောင် အစီအမံများချမှတ်၍ ဆောင်ရွက်နိုင်စွမ်းရှိပါသည်။ တစ်နည်းအားဖြင့် သဘာဝဘေးအန္တရာယ်များ လျော့ပါးသက်သာအောင် ဆောင်ရွက်ရာတွင် ဤကမ္ဘာမြေ၏ မြေထု၊ လေထုနှင့် ရေထုတို့ကို ထိခိုက်ပျက်စီးယိုယွင်းမှုအနည်းဆုံးဖြစ်အောင် လုပ်ဆောင်ခြင်းပင်ဖြစ်ပါသည်။ ဤသည်ကိုပင် ပညာရှင်တို့၏ အဆိုအရ အစိမ်းရောင်လောက စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဟု ဆိုနိုင်ပါသည်။

ထို့ကြောင့်လည်း ဘရာဇီးနိုင်ငံတွင် ၁၉၉၂ နှင့် ၂၀၁၂ ခုနှစ်တို့က ကမ္ဘာကြီးက ရေရှည်တည်တံ့ရေးအတွက် ကမ္ဘာမြေထိပ်သီးညီလာခံကို နှစ်ကြိမ်တိုင်တိုင်ကျင်းပခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် ကျင်းပခဲ့သည့် Rio+20 ညီလာခံတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးအတွက် အစိမ်းရောင်စီးပွားရေးကို မဖြစ်မနေဖော်ဆောင်သွားနိုင်ရန် အဓိကထား ဆွေးနွေးခဲ့ကြပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း Rio+20 ကြေညာချက်များနှင့်အညီ ကာဗွန်ထုတ်လုပ်မှုနည်းပါးပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုသည့် စီးပွားရေးလုပ်ငန်းများအဖြစ် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် စွမ်းအင်ထိရောက်စွာ အသုံးပြုရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးရေး၊ စဉ်ဆက်မပြတ် စိုက်ပျိုးမွေးမြူရေး၊ သစ်တောများ ဇီဝမျိုးစုံမျိုးကွဲများ၊ ရေသယံဇာတနှင့် ဂေဟစနစ်ထိန်းသိမ်းရေး၊ မြေအသုံးချမှုစနစ်တကျဖြစ်စေရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုလျော့နည်းသက်သာစေရေး၊ ရေရှည်တည်တံ့သည့် အစိမ်းရောင်မြို့ကြီးများ ဖြစ်ပေါ်လာရေး၊ ဘေးအန္တရာယ်ဖြစ်စေသည့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေး၊ သမုဒ္ဒရာပင်လယ်နှင့် ကမ်းရိုးတန်းဒေသများ ထိန်းသိမ်းရေး၊ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ယခုနှစ် နှစ်ဆန်းပိုင်းကလည်း နေပြည်တော်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ မြန်မာ Green Economy Green Growth-GEGG (Myanmar) တို့ ပူးပေါင်းကာ စတုတ္ထအကြိမ် အစိမ်းရောင် စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို နေပြည်တော်၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ဤဖိုရမ်တွင် အဓိကအားဖြင့် ထာဝစဉ်တည်တံ့စေသော သဘာဝသယံဇာတများ၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်မှုနှင့် နက်ရှိုင်းသော ပေါင်းစပ်ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ အစိမ်းရောင်ထုတ်ကုန်မြှင့်တင်ရေး၊ ခံနိုင်ရည်ရှိသည့် အစိမ်းရောင်အခြေခံစနစ်များ တည်ဆောက်ရေး၊ တာဝန်ရှိမှုတာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေးစသည်ဖြင့် ဆွေးနွေးခဲ့ကြပါသည်။

တစ်ဖန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သားငါးကဏ္ဍများအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်နေပြည်သူများ၏ စီးပွားရေးနှင့် လူမှုရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံ ပို့ဆောင်ရေးအခြေခံအဆောက်အအုံများအား သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတမျှတစွာ သယ်ယူပို့ဆောင်ရေးကဏ္ဍကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း နိုင်ငံများ၏ အတွေ့အကြုံများကို အခြေခံပြီး ဧရာဝတီမြစ်ဝှမ်းအတွင်း စိုက်ပျိုးထုတ်လုပ်မှုအတွက် သဘာဝ သယံဇာတ အရင်းအမြစ်များ၊ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်းကောင်း ဆွေးနွေးခဲ့ကြသည်ကို သတိပြုမိပါသည်။

ရှေးအခါက လူတို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုသာအဓိက၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ဒုတိယဟူသည့် အတွေးအခေါ်များဖြင့် စီးပွားရေးကောင်းမွန်ရန်အတွက်သာ စဉ်းစားလုပ်ဆောင်ခဲ့ကြသည့်အတွက် ကမ္ဘာမြေပူနွေးလာခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်လာကြရပါသည်။

မျက်မှောက်ခေတ်တွင် ထိုအတွေးအခေါ် အယူအဆမှာ ပြောင်းလဲသွားခဲ့ပြီဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ဆောင်သည့်အခါတိုင်း ပတ်ဝန်းကျင်ထိခိုက်ပျက်စီးယိုယွင်းခြင်းမရှိအောင် ပညာရှင်တို့က ထည့်သွင်းစဉ်းစားလုပ်ဆောင်နေကြပြီဖြစ်ပါသည်။

သို့သော် မတူညီသော လူ့ဘောင်အဖွဲ့အစည်းအတွင်း အခက်အခဲများနှင့်စိန်ခေါ်မှုများရှိကောင်းရှိနိုင်ပါသည်။ အတူတကွ ပူးပေါင်းလုပ်ဆောင်သည့် အလေ့အထရှိမှသာလျှင် အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ပါသည်။ စုပေါင်းလုပ်ဆောင်တတ်သည့် စိတ်ဓာတ်နှင့် လုပ်ဆောင်နိုင်သည့်စွမ်းရည်များရှိလျှင် စိန်ခေါ်မှုများကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ပါသည်။

ပိုမိုကောင်းမွန်သော အနာဂတ်လူမှုဘဝပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာစေရေးအတွက် အစိမ်းရောင် စီးပွားရေးနှင့် အစိမ်းရောင်လောက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သယံဇာတများ ပြုန်းတီးမှုမရှိအောင်ထိန်းသိမ်းဆောင်ရွက်ရေး၊ သစ်တောပြုန်းတီးမှုများ လျှော့ချနိုင်ရေး၊ စီးပွားရေးလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရေးစသော အစီအမံများ၊ အစီအစဉ်များကို အရှိန်အဟုန်မြှင့်တင်လျက် မိမိတို့ကျရာအခန်းကဏ္ဍအသီးသီးတို့မှ အားကြိုးမာန်တက် ဝိုင်းဝန်းဆောင်ရွက်သွားသင့်သည်ဟု ရေးသားတင်ပြလိုက်ရပါသည်။



# အကြိမ်(၄၀)နှင့်အထက် သွေးလှူရှင်များကို ဂုဏ်ပြုပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၀**

ဗဟိုအမျိုးသားသွေးဌာန၏(၃၉)ကြိမ်မြောက် သွေးလှူရှင်ဂုဏ်ပြုပွဲကို လာမည့် ဒီဇင်ဘာ ၁၃ ရက်တွင် ကျင်းပသွားမည်ဖြစ်သောကြောင့် သက်ဆိုင်ရာသွေးလှူရှင်များ အနေဖြင့် အချိန်မီလာရောက်ဆက်သွယ် စာရင်းပေးသွင်းနိုင်ရန် အမျိုးသားသွေးဌာနက နှိုးဆော်ထားကြောင်း သိရသည်။

ယခုနှစ် သွေးလှူရှင်ဂုဏ်ပြုပွဲတွင် ထူးခြားမှုအနေဖြင့် သွေးလှူဒါန်းမှု အကြိမ်(၄၀)နှင့် အကြိမ်(၄၀) အထက်သွေးလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းတင်သွားမည် ဖြစ်ရာ သက်ဆိုင်ရာ သွေးလှူရှင်များအနေဖြင့် နိုဝင်ဘာ ၂ ရက်မှ ၃၀ ရက်အတွင်း မိမိတို့၏ နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ယူဆောင်၍ ရုံးဖွင့်ရက်များတွင် အမျိုးသားသွေးဌာနသို့ နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီခွဲအတွင်း ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။ **သီဟသူ**

သင့်သွေးဖြင့် အသက်ကယ်ပါ

# သန်လျင်ကျိုက်ခေါက်စေတီ တန်ဆောင်တိုင်ပွဲတော် စည်ကားစွာကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို နိုဝင်ဘာ ၂၅ ရက်မှ ၂၆ ရက်အထိ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ ရွှေသင်္ကန်းကပ်လှူပွဲ၊ ဆီမီးပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲ၊ မြို့လုံးကျွတ်သံဃာအပါး ၃၀၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စေတီတော်မြတ်ဂေါပကအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါပွဲတော်ကြီးသို့ ရပ်နီးရပ်ဝေးမှအလှူရှင်များ ကြွရောက်လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



# မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဆု (၂၀၁၄)နှင့် သုတေသနအကောင်းဆုံးစာတမ်းဆုချီးမြှင့်



**ရန်ကုန် အောက်တိုဘာ ၃၀**

နဝမအကြိမ်မြောက် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဆု(၂၀၁၄)နှင့် (၁၅)ကြိမ်မြောက် သုတေသနအကောင်းဆုံးစာတမ်းဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ နိုင်ငံတော်သမ္မတ ပညာရေးအကြံပေးပညာရှင် ဒေါက်တာဦးသန်းဦးနှင့်တာဝန်ရှိသူများ၊ စာတမ်းရှင်များ တက်ရောက်ကြသည်။

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် နဝမအကြိမ်မြောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဆု(၂၀၁၄)အတွက် ဝိဇ္ဇာပညာရှင်ဆုနှစ်ဆု၊ သိပ္ပံပညာရှင်ဆု သုံးဆုနှင့် လူမှုရေးပညာရှင်ဆု နှစ်ဆုအပါအဝင် စုစုပေါင်း ပညာရှင်အဖွဲ့ဆုခုနစ်ဆုကို ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသိမ်းမြင့်တို့ကလည်းကောင်း၊ (၁၅)ကြိမ်မြောက် သုတေသနအကောင်းဆုံးစာတမ်းအတွက် ဘာသာရပ်ပေါင်းစုံမှ အကောင်းဆုံးစာတမ်းဆု ၂၂ ဆုကို မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဝင် ဆရာကြီး ဆရာမကြီးများကလည်းကောင်း ဆုရရှိသူများကို ချီးမြှင့်ကြကြောင်း သိရသည်။ **(ပညာရေး)**

# မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းများကြည့်ရှု

**ချောင်းဦး အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်အတွင်းမှ ကျေးရွာများသို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို မုံရွာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်တိုဘာ ၃၀ ရက်က သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ ၁၀ ရွာ ရှိပါတယ်။ တစ်ရွာကို သိန်း ၃၀၀ ထုတ်ချေးပေးပြီး အိမ်ခြေ ၈၀ နဲ့အထက် ကျေးရွာများကို ချေးပေးတာ ဖြစ်ပါတယ်။ အိုင်နီကျေးရွာနဲ့ ကျောက်တန်းကျေးရွာတို့မှာတော့ အိမ်ခြေ ၈၀ အထက်မရှိတာကြောင့် နှစ်ရွာပေါင်းပြီး ချေးပေးတာ ဖြစ်ပါတယ်။ ရန်ပုံငွေရဲ့ ချေးငွေနဲ့ ဆောင်ရွက်ထားတဲ့ လုပ်ငန်းတွေ အောင်မြင်အောင် ကွင်းဆင်းကြည့်ရှုတာ ဖြစ်ပါတယ်။ ချောင်းဦးမြို့နယ်အနေနဲ့ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေရဲ့ ချေးငွေဖြင့် မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်"ဟု ချောင်းဦးမြို့နယ် ကျေးလက်ဦးစီးမှူး ဒေါ်သီတာဦးက ပြောသည်။

မုံရွာခရိုင်ကျေးလက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းထွေး၊ ချောင်းဦးမြို့နယ် ကျေးလက်ဦးစီးမှူး ဒေါ်သီတာဦးနှင့်ဝန်ထမ်းများသည် အဆိုပါ မြစိမ်းရောင်စီမံကိန်း ကျေးရွာ ၁၀ ရွာအနက် ချောင်းမကျေးရွာ၊ အိုင်နီ-ကျောက်တန်းကျေးရွာများသို့ သွားရောက်ပြီး ကျေးရွာမြစိမ်းရောင်ကော်မတီအဖွဲ့၏ စာရင်းဇယားများဆောင်ရွက်ထားရှိမှုများနှင့် လုပ်ငန်းများဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။ **(အောက်ပုံ)**

အိုင်နီကျေးရွာမှ တောင်သူ ဦးငွေးက "စက်တင်ဘာလက မြစိမ်းရောင်ချေးငွေအဖြစ် ငွေကျပ်လေးသိန်း ထုတ်ယူခဲ့ပြီး နှမ်းငါးဧက စိုက်ပျိုးဖြစ်ခဲ့ပါတယ်။ အရင်နှစ်တွေက အခုလို အရင်းအနှီးမရှိတော့ စိတ်သွားတိုင်းကိုယ်မပါနိုင်ပါဘူး။ ဒီနှစ်တော့ မြစိမ်းရောင် စီမံကိန်းကြောင့် နှမ်းတွေဧကတိုးပြီး စိုက်ပျိုးနိုင်တာကြောင့် မိသားစု စီးပွားရေးအတွက် အကျိုးအမြတ်ရတော့မှာပါ" ဟု ပြောပြသည်။

**ယုယုဝင်း(မြန်/ဆက်)**



# မြို့ပြဧရိယာစီမံကိန်းဖော်ထုတ်ဆောင်ရွက်မည့် စီမံကိန်းအတွက် M.O.A လက်မှတ်ရေးထိုး

**စစ်တွေ အောက်တိုဘာ ၃၀**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် B.X.T International Co.,Ltd. တို့အကြား အကျိုးတူပူးပေါင်းဆောင်ရွက်မည့် စစ်တွေမြို့ ကစ္ဆပနဒီမြစ်အနောက်ဘက်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေဖို့ခြင်း၊ တမံပြုလုပ်ခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် မြို့ပြဧရိယာဖော်ထုတ်ဆောင်ရွက်မည့် စီမံကိန်းဆောင်ရွက်ရန် M.O.A လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့နှင့် B.X.T International Co.,Ltd. တို့အကြား အကျိုးတူ ပူးပေါင်းဆောင်ရွက်မည့် စစ်တွေမြို့ ကစ္ဆပနဒီမြစ် အနောက်ဘက်ကမ်းဖွံ့ဖြိုးရေးအတွက် မြို့ပြဧရိယာဖော်ထုတ်မည့် စီမံကိန်း လုပ်ငန်းဆောင်ရွက်ရန် ပြည်နယ်အတွင်းရေးမှူး ဦးတင်မောင်ဆွေနှင့် B.X.T International Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာတို့က M.O.A လက်မှတ်ရေးထိုးကြကြောင်း သိရသည်။

**(ပြည်နယ် မြန်/ဆက်)**

# ထိုင်းနိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်းခံနေရသော မြန်မာနိုင်ငံသားများနှင့်ပတ်သက်၍ မေတ္တာရပ်ခံစာများပေးပို့

**နေပြည်တော် အောက်တိုဘာ ၃၀**

ထိုင်းနိုင်ငံ(တောင်ပိုင်း)ရနောင်းမြို့၌ စက်တင်ဘာ ၂၈ ရက်က အသက် ၁၈ နှစ်အရွယ် ကျောင်းသူတစ်ဦးကို သတ်ဖြတ်သည်ဟူသောသံသယဖြင့် မြန်မာနိုင်ငံသား ထားဝယ်မြို့ဇာတိညီအစ်ကိုနှစ်ဦးဖြစ်သော မိုးဇင်အောင်(၁၅ နှစ်)နှင့် ကျော်ရဲအောင်(၁၆ နှစ်)တို့ကို ထိုင်းနိုင်ငံရဲတပ်ဖွဲ့ကအောက်တိုဘာ ၂၀ ရက်တွင် ဖမ်းဆီးခဲ့သည်ဟုကြားသိရသဖြင့် ၄င်းတို့သည် မြန်မာနိုင်ငံသားများဖြစ်စေကာမူ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများဖြစ်ခြင်းကြောင့် ထိုင်းနိုင်ငံတရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကိုခံယူရရှိရေး၊ လူသားချင်း စာနာထောက်ထားသောစိတ်ဖြင့် ပြုမူဆက်ဆံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ ရှေ့နေနှင့် တွေ့ဆုံခွင့်ပြုရေး၊ စနစ်တကျစုံစမ်းဖော်ထုတ်ရေး၊ အမှန်တကယ်ပြစ်မှုကျူးလွန်ခြင်းမရှိပါက လွတ်မြောက်ရေး၊ ပြစ်မှုကျူးလွန်သည်ဆိုပါက အသက် ၁၈ နှစ်မပြည့်သေးသောလူငယ်များဖြစ်သည့်အတွက် နိုင်ငံတကာ ကလေးသူငယ်ဥပဒေနှင့်အညီ သက်ညှာစွာ တရားစီရင်ရေးတို့အတွက် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်၍ ကူညီဆောင်ရွက်ပေးပါရန် အောက်တိုဘာ ၂၇ ရက်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က မြန်မာနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနသို့လည်းကောင်း၊ ထိုင်းအမျိုးသား လူ့အခွင့်အရေးကော်မရှင်သို့လည်းကောင်း မေတ္တာရပ်ခံစာပေးပို့ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# နောင်ဖွံ့ဖြိုးတိုးတက်လာမည့် မြို့ပြနှင့်လူဦးရေကိုမျှော်မှန်း၍ ကြိုတင်တွက်ဆဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၀

**ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးအုန်းမြင့်၊ ဒေါက်တာသန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် အောင်ကျော်ဇော၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ရောက်ရှိကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။**

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်များဖြင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်းရှိ မဇင်းရေလှောင်တမံသို့ရောက်ရှိရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မဇင်းရေလှောင်တမံမှ ပဲခူးမြို့သို့ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေနေမှုနှင့်ပတ်သက်ပြီး မှာကြားရာတွင် မဇင်းရေလှောင်တမံနှင့် ဇလတ်ထော်ရေလှောင်တမံတို့သည် အသစ်တည်ဆောက်မည့် ဟံသာဝတီလေဆိပ်အနီး၌ တည်ရှိနေသည့်အတွက် နောင်ဖွံ့ဖြိုးတိုးတက်လာမည့် မြို့ပြနှင့် လူဦးရေကိုမျှော်မှန်း၍ ကြိုတင်တွက်ဆဆောင်ရွက်သွားရန်နှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)နှင့် ပူးပေါင်းဆောင်ရွက်နေ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မဇင်းရေလှောင်တမံတစ်လျှောက် ဒေသခံများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မဇင်းရေလှောင်တမံဆည်၌ ကင်းထောက်လူငယ်များ ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

သည် မဇင်းရေလှောင်တမံစီမံကိန်း ရှင်းလင်းဆောင်သို့ မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ တမံတစ်လျှောက်တွင်လည်း ဒေသခံပြည်သူများက နိုင်ငံတော်အလံငယ်များကိုဝှေ့ယမ်း၍ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းတို့က မဇင်းရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းရည်ရွယ်ချက်၊ နှစ်အလိုက် မိုးရေချိန်၊ ရေဝင်ရောက်မှု၊ ရေထုတ်လွှတ်ပေးနိုင်မှုနှင့် ပဲခူးမြို့ ရေကြီးရေလျှံမှုမှကာကွယ်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည့်လုပ်ငန်းများကိုလည်း ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မဇင်းရေလှောင်တမံကြံ့ခိုင်မှုအခြေအနေနှင့် ရေသိုလှောင်ထားရှိမှုအခြေအနေများကို တမံရှုရပ်မှ ကြည့်ရှုစစ်ဆေးသည်။

မဇင်းရေလှောင်တမံသည် ပဲခူးမြို့၏ အနောက်ဘက်ရှိ မဇင်းချောင်းနှင့်ကြက်သောင်းချောင်းဆုံ အထက် ပေ ၅၀၀ ခန့်အကွာ၌ တည်ရှိပြီး ပဲခူးမြို့အတွက် သောက်သုံးရေနှင့် စက်ရုံ၊ အလုပ်ရုံသုံးရေ နေ့စဉ် ဂါလန် ၁၁ သန်းပေးဝေရန်၊ ပဲခူးမြို့အတွင်းရှိ မဲခုန်ကျေးရွာအုပ်စုနှင့် ဗိုင်းဂနိုင်းကြီးကျေးရွာအုပ်စုရှိ လယ်မြေဧက ၆၅၀ ခန့်ကို စိုက်ပျိုးရေပေးဝေရန်၊ ပဲခူးမြို့နှင့် ပတ်ဝန်းကျင်ဒေသများ မိုးရာသီမြစ်ရေကြီးမှုမှ တစ်စိတ်တစ်ဒေသ ကာကွယ်ပေးနိုင်ရန်၊ ပတ်ဝန်းကျင်ဒေသများ စိမ်းလန်းစိုပြည်ရန်နှင့် ပြည်သူလူထု၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် တည်ဆောက်ထားသည့် မြေသားရေလှောင်တမံ အမျိုးအစားဖြစ်သည်။

ပဲခူးမြို့သည် ပဲခူးမြစ်ကမ်းဘေး၌ တည်ရှိပြီး မြေနိမ့်လွင်ပြင်ဖြစ်၍ ပဲခူးမြစ် ရေကြီးရေလျှံမှုကို နှစ်စဉ်ကြုံတွေ့နေရသည့်အတွက် မဇင်းတမံမှ ပဲခူးမြစ်အထိ မဇင်းချောင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ခေါင်းဆေးကျွန်းတံတားမှ ပဲခူးမြစ်အထိ ခေါင်းဆေးကျွန်းချောင်း တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းကြောင့် ပဲခူးမြို့ပေါ်ရပ်ကွက်များတွင် ရေကြီးရေလျှံမှုနှင့် ခေါင်းဆေးကျွန်းတံတားအနီးရှိ ရန်ကုန်-မန္တလေး ကားလမ်းရေကျော်ခြင်းတို့မှ လျော့ပါးသက်သာစေပြီး ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများမှ ကာကွယ်ပေးလျက်ရှိသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မဇင်းရေလှောင်တမံမှ နှစ်မိုင်အကွာ၌ တည်ရှိသည့် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ လမ်းတစ်လျှောက်ဝဲယာမှ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ(မဇင်း) ဘက်စုံသင်တန်းခန်းမသို့ ရောက်ရှိရာ

*စာမျက်နှာ ၉ သို့*



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မဇင်းရေလှောင်တမံဆည်၌ ဒေသခံများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ (မဇင်း)အား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၈ မှ*

ဆည်မြောင်းဦးစီးဌာန လေ့ကျင့်ရေးဌာနခွဲ(မဇင်း)၏ နောက်ခံသမိုင်း၊ ဆည်မြောင်းနည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လေ့ကျင့်ပေးနေမှု၊ နည်းပညာပူးပေါင်းလုပ်ဆောင်မှုများနှင့် သင်တန်းများဖွင့်လှစ်ပို့ချနေမှု အခြေအနေများကို ဗီဒီယိုမှတ်တမ်းဖြင့် တင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် လေ့ကျင့်ရေးဌာနခွဲအတွင်းရှိ စာကြည့်တိုက်၊ အိပ်ဆောင်များနှင့် ဆည်မြောင်းတည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ အရည်အသွေး စမ်းသပ်ခန်း၊ ဓာတ်ခွဲခန်းများနှင့် ဆည်မြောင်းဒီဇိုင်းပုံစံငယ်အခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆည်မြောင်းဦးစီးဌာန၌ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ(မဇင်း)နှင့် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ (ပုသိမ်ကြီး)တို့ ပါဝင်ဖွဲ့စည်းထားရှိပြီး မဇင်းဌာနခွဲကို ဂျပန်နိုင်ငံအစိုးရ၏ အကူအညီဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် လေ့ကျင့်ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပဲခူးမြို့၌ ၁၉၈၈ ခုနှစ် မတ်လက ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)နှင့် ပူးပေါင်း၍ စီမံကိန်းအဆင့်(၁) ကာလတွင် ကွန်ပျူတာအသုံးပြုမှု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ မိုးလေဝသ၊ သဘာဝတို့နှင့် လိုက်လျောညီထွေဖြစ်မည့် ဆည်မြောင်းလုပ်ငန်းများအတွက် ဒီဇိုင်းစံညွှန်းများ ပြုစုရေးဆွဲခြင်း၊ တည်ဆောက်ရေးပစ္စည်းများ ဓာတ်ခွဲစမ်းသပ်ခြင်းနှင့် ဗဟုသုတများ မြှင့်တင်ပေးရန်အတွက် သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ စီမံကိန်းအဆင့်(၂)ကာလတွင် နိုင်ငံတော်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးမြောက်မြားစွာဖြင့် တည်ဆောက်ခဲ့သော ဆည်မြောင်းစီမံကိန်း များ၏ အကျိုးသက်ရောက်မှုများ စနစ်တကျ တိုးတက်ကောင်းမွန်လာစေရန် အဓိကလေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထို့မှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# မိမိတို့လိုလားသည့် ထာဝရငြိမ်းချမ်းရေးရရှိသည်အထိ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်

**နေပြည်တော် အောက်တိုဘာ ၃၀**





စစ်မှုထမ်းသက် နှစ်ကာလများစွာအတွင်း တပ်မတော်မှ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်အညီ ပြစ်မှုမရှိအောင်နေထိုင်ခြင်း၊ ကျန်းမာကြံ့ခိုင်အောင် နေထိုင်ခြင်း၊ ထိုက်သင့်သည့် သင်တန်းများတွင် အရည်အချင်းပြည့်မီအောင် တက်ရောက်သင်ကြားခြင်း၊ ခေါင်းဆောင်မှု မှားယွင်းမှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်ခြင်းတို့အပေါ်မူတည်၍ တာဝန်ပေးအပ်ခြင်းဖြစ်သောကြောင့် မိမိကိုယ်မိမိ တန်ဖိုးထားရန်၊ ဂုဏ်ယူရန်လိုအပ်ကြောင်း၊ မိမိကိုပေးအပ်သည့် မည်သည့်ရာထူးအဆင့်ကိုမဆို တန်ဖိုးထားခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းပြီး ကြိုးစားချင်စိတ် အမြဲရှိနေမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၁၀ နာရီတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ အုပ်ချုပ်မှုမွမ်းမံသင်တန်း အမှတ်စဉ်(၂/၂၀၁၅)မှ သင်တန်းသား၊ သင်တန်းသူ အရာရှိများအား တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။ **(အပေါ်ယာပုံ)**

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် သင်တန်းသား၊ သင်တန်းသူအရာရှိများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းများအနေဖြင့် မိမိတာဝန်ယူကွပ်ကဲရမည့် တပ်၊ဌာန စွမ်းရည်ရှိစေရန် ကြိုးစားလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ခြေလျင်တပ်များအနေဖြင့် တိုက်စွမ်းရည်ရှိရန် လိုအပ်သကဲ့သို့ လက်ရုံးတပ်များအနေဖြင့်လည်း လက်ရုံးတပ်ဖွဲ့ စွမ်းရည်ရှိအောင် လုပ်ဆောင်ရန်လိုကြောင်း၊ တပ်မှူးတာဝန် ထမ်းဆောင်မည့်သူများအနေဖြင့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဘဏ္ဍာရေးအခွင့်အာဏာသုံးရပ် ပေးအပ်ထားခြင်းဖြစ်၍ မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ရန် လိုကြောင်း၊ ညီညွတ်မျှတသော အုပ်ချုပ်မှု၊ မှန်ကန်သောတာဝန်ခွဲဝေမှုတို့ရှိရမည် ဖြစ်ကြောင်း။

ယနေ့ ပြည်သူကရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပြည်သူ့ဆန္ဒနှင့်အညီ လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခများရှိနေ၍ မရပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခနှင့် ပတ်သက်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကိစ္စရပ်များသည်လည်း အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တိုင်းများရှိပြီးဖြစ်၍ ဥပဒေနှင့်အညီ ဝင်ရောက်အရွေးချယ်ခံကြရမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ ၂၀၁၁ ခုနှစ် ဩဂုတ်လမှစ၍ သမ္မတကြီးက ငြိမ်းချမ်းရေး စတင်ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်ကြောင်း၊ NCA လက်မှတ်ရေးထိုးနိုင်ရန် အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းခဲ့ခြင်း ဖြစ်ကြောင်း၊ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးရုံဖြင့် မပြီးဘဲ ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆက်လက်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်ရမည်ဖြစ်ကြောင်း၊ ပေးထားသည့် ကတိကဝတ်များနှင့်အညီ အမှန်တကယ်ငြိမ်းချမ်းလိုသည့် စိတ်ရှိရန် လိုကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားကို ထိခိုက်ခြင်း၊ ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်ခြင်းနှင့် တိုင်းရင်းသား ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် မူဝါဒသုံးချက်ချမှတ်ထားကြောင်း၊ ငြိမ်းချမ်းရေးမူ ခြောက်ချက်ကိုလည်း အသိပေးထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ မိမိတို့လိုလားသည့် ထာဝရငြိမ်းချမ်းရေး ရရှိသည်အထိ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

မကြာမီကျင်းပမည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍လည်း တပ်မတော်အနေဖြင့် လွတ်လပ်ပြီး တရားမျှတမှုရှိရမည်ဟု ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ကြောင်း၊ ကြိုတင်မဲပေးခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတ်မှတ်ချက်များနှင့်အညီသာ ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ဒုတိယနေ့အစည်းအဝေး ဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၀**

**ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) ၏ ဒုတိယနေ့ဆွေးနွေးပွဲတွင် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားများအကြား** နှစ်ဖက်လိုက်နာရမည့် အပစ်အခတ် ရပ်စဲရေးဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များကို နှစ်ဖက်သဘောတူညီမှုရရှိခဲ့သည်ဟု ချင်းအမျိုးသားတပ်ဦး (CNF)မှ ဒေါက်တာ ရွှေခါးရ်က ပြောကြားသည်။

အဆိုပါ အစည်းအဝေးကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ယင်းဆွေးနွေးပွဲတွင် **ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)**၏ ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဖွဲ့စည်းပုံ၊ လိုက်နာရမည့်ကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို အဓိကထား ဆွေးနွေးခဲ့ကြသည်ဟု MPC ၏ ဥပဒေအကြံပေးဖြစ်သူ ဒေါက်တာ ဆလိုင်းငွန်ကျုံးလျန်က ပြောကြားသည်။

**ကရင်အမျိုးသားအစည်းအရုံး (KNU)မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စောတာဒိုမူးက** “မနေ့က ဆွေးနွေးတုန်းက အကြမ်းဖျင်းအတည်ပြုတာတွေကို ဒီမနက်ပိုင်းမှာ စာလုံးပေါင်းသတ်ပုံကအစ အသေးစိတ်ဆွေးနွေးတယ်။ ပြီးရင် JMC ရဲ့ ပြည်နယ်အဆင့်မှာရှိတဲ့ Structure (ဖွဲ့စည်းပုံ) ကို ဆက်လက်ညှိနှိုင်းကြမယ်။ ပြီးရင် ပြည်ထောင်စုအဆင့်ရဲ့ TOR (Terms of reference)ကို အသေးစိတ်ဆွေးနွေးမယ်။ ကျွန်တော်တို့ကတော့ ဒီတစ်ခေါက်ဆွေးနွေးမှုမှာ ပြည်ထောင်စုအဆင့်ကို ရအောင်ဆွေးနွေးကြည့်ချင်တယ်။ လောလောဆယ် ပဏာမအဆင့်မှာ Function ဖြစ်နိုင်တဲ့ Mechanism တစ်ခုခုကို ရချင်တယ်။ လက်မှတ်ထိုးထားတဲ့ အဖွဲ့အစည်းတွေကြားမှာ တစ်ခုခုဖြစ်ခဲ့သော် ချက်ချင်းဖြေရှင်းနိုင်ဖို့ပါ” ဟု ဒုတိယမြောက်နေ့ ဆွေးနွေးပွဲအပေါ် သုံးသပ်သည်။

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC)၏ တတိယနေ့ အစည်းအဝေးကို အောက်တိုဘာ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးနောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို နေပြည်တော်တွင် ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၅ ရက် နေ့လယ်ပိုင်းမှ အောက်တိုဘာ ၁၇ ရက်အထိ ပြုလုပ်ခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် **ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲ ကော်မတီ (UPDJC) တို့ကို ဖွဲ့စည်းခဲ့သည်။**

NCA စာချုပ်အရ လက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၃၀ အတွင်း **ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC)၏ မူဘောင်ကို ရေးဆွဲရမည်ဖြစ်ပြီး ရက်ပေါင်း ၆၀အတွင်း ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ၏ မူဘောင်ကို ရေးဆွဲကြရမည် ဖြစ်သည်။**

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) ပထမနေ့ အစည်းအဝေး ခေတ္တရပ်နားချိန်တွင် NCA စာချုပ် လက်မှတ်ရေးထိုးပြီးနောက် ၁၅ ရက်အတွင်း ဖြစ်ပေါ်နေသည့်အခြေအနေများ၊ **ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC)၏** ဖွဲ့စည်းပုံ အဆင့်ဆင့်နှင့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းပြီး MPC ၏ ဥပဒေအကြံပေးဖြစ်သူ ဒေါက်တာဆလိုင်းငွန်ကျုံးလျန်အား မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် JMC ကော်မတီတွေ ဖွဲ့စည်းပုံနဲ့ ပြည်ထောင်စုအဆင့်ဟာ ဘယ်လိုကွာခြားမှုတွေရှိလဲ။**



ဖြေ ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် ကော်မတီဖွဲ့စည်းရာမှာ အနည်းငယ်ရှုပ်ထွေးမှုရှိတယ်လို့ ပြောလို့ရတယ်။ ပထဝီအနေအထားနဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ နေထိုင်ရာဒေသကြောင့်ပါ။ ဥပမာ ချင်းပြည်နယ်ဆိုရင် ပြဿနာမရှိဘူး။ ဒါပေမယ့် ကရင်ဆိုရင် သူတို့က တိုင်းဒေသကြီး ပြည်နယ်တစ်ခုမှာ နေထိုင်တယ်။ ဒါ့အပြင်ကို ဒီဒေသမှာ လက်မှတ်ထိုးထားတာက KNU တင်မဟုတ်ဘဲ DKBA လည်းရှိတယ်။ KNLA-PC လည်းရှိနေတယ်။ ဒီအဖွဲ့တွေကျတော့ ဘယ်လိုပုံစံဖွဲ့ကြမလဲဆိုတာကို အသေးစိတ်ဆွေးနွေးရတယ်။ ကျင့်ဝတ်ကတော့ တစ်ခုတည်းပဲ။ ဒါပေမယ့် ဖွဲ့စည်းပုံကတော့ အနည်းငယ်ကွာခြားမယ်။ ဥပမာ. . ချင်းပြည်နယ်ဆိုရင် အစိုးရဘက်က လက်ခံတဲ့ ကိုယ်စားလှယ်ငါးဦးနဲ့ CNF ဘက်က ကိုယ်စားလှယ်ငါးဦးစီပါ။ ကရင်ပြည်နယ်မှာကျတော့ အဖွဲ့အစည်းက သုံးဖွဲ့ဖြစ်ပြီး နယ်မြေကသုံးခုဖြစ်တယ်။ ဒါကြောင့် အထူးအနေနဲ့ ပြန်စဉ်းစားရပါတယ်။

ဒီတော့ ပြည်ထောင်စုအဆင့်မှာက Structure (ဖွဲ့စည်းပုံ) က အားလုံးအတွက် တစ်ခုတည်းပဲ။ ဒါပေမယ့် တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့် ကော်မတီဖွဲ့စည်းရာမှာတော့ လက်နက်ကိုင်အဖွဲ့အစည်း တစ်ခုနဲ့ တစ်ခုကြားမှာ ဖွဲ့စည်းပုံက အနည်းငယ် ကွဲပြားသွားတယ်။ ပထဝီအနေအထားနဲ့ လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေရဲ့ နယ်မြေဒေသအရ အထူးအလေးထားပြီး လုပ်ဆောင်ရတဲ့ အပိုင်းတွေရှိနေတယ်။ ချင်းပြည်နယ်အတွက် ဖွဲ့စည်းပုံကို ကရင်ပြည်နယ်မှာ သုံးဖို့မဖြစ်နိုင်တဲ့အခက်ခဲမျိုးတွေရှိနေတယ်။ ဒါပေမယ့် နှစ်ဖက်က သဘောတူတာက Structure (ဖွဲ့စည်းပုံ) တစ်ခုကိုတော့ ကိုင်ထားမယ်။ အဲ့ဒီဖွဲ့စည်းပုံကို ပံ့ပိုးပေးမယ့်အရာကိုတော့ နှစ်ဖက်ညှိနှိုင်းကြမယ်လို့ သဘောတူကြတယ်။

**မေး ။ ဒီနေ့ဆွေးနွေးပွဲရဲ့ လက်ရှိအခြေအနေကို ဆရာ့အနေနဲ့ ဘယ်လိုသုံးသပ်ချင်ပါသလဲ။ တိုင်းရင်းသားတွေဘက် ကလည်း ဒီဆွေးနွေးပွဲအပေါ်မှာ ဘယ်လိုသဘောထားရှိတယ်လို့ ထင်ပါသလဲ။**

ဖြေ ။ ကျွန်တော်ထင်တာကတော့ ဒီနေ့ဆွေးနွေးတာ မနေ့ကထက် ပိုကောင်းတယ်။ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုပိုရှိလာတယ်။ သူ့ဘက်ကိုယ့်ဘက်ဆိုတဲ့ ဘက်တစ်ခုခု မရှိတော့ဘဲ JMC ဟာ အားလုံးဆိုတဲ့ အခြေခံပေါ်မှာ တစ်စုတစ်ဖွဲ့တည်းနဲ့ စဉ်းစားတဲ့ ပုံစံမျိုးပေါ်ပေါက်လာတယ်။ ဒီမှာ ဆွေးနွေးနေကြတဲ့ သူတွေဟာလည်း မကြာခဏ တွေ့ဆုံဆွေးနွေးမှုကြောင့် JMC ပဲဖြစ်ဖြစ်၊ UPDJC ပဲဖြစ်ဖြစ် လုပ်ရတာ အရင်ကထက် လွယ်ကူလာတယ်လို့ ကျွန်တော်ထင်တယ်။

**မေး ။ JMC ဟာ နိုင်ငံရေးဆွေးနွေးပွဲတွေ စတင်နိုင်ဖို့နဲ့ ငြိမ်းချမ်းရေးဆီ အရောက်သွားနိုင်ဖို့အတွက် ဘယ်လိုများ ပံ့ပိုးပေးနိုင်မလဲ။**

ဖြေ ။ တပ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်တဲ့ ကိစ္စတွေအတွက် JMC ကိုဖွဲ့ထားတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေအတွက် UPDJC ကို ဖွဲ့ထားတယ်။ ဒီနှစ်ခုဟာ NCA နဲ့ ပတ်သက်ရင် ခွဲခြားလို့မရတဲ့ ကဏ္ဍတွေပါ။ တပ်ပိုင်းဆိုင်ရာမှာ ပြဿနာတစ်ခုခုဖြစ်ရင် နိုင်ငံရေးဆွေးနွေးပွဲကို လာထိခိုက်မယ်။ နိုင်ငံရေးဆွေးနွေးပွဲမှာ ပြဿနာဖြစ်ရင်လည်း တပ်ပိုင်းဆိုင်ရာကို လာထိမယ်။ ဒီနှစ်ခုဟာ NCA အတွက် မရှိမဖြစ်တဲ့ ဒေါက်တိုင်ကြီးနှစ်ခုပဲ။

**မေး ။ အခုဆိုရင် NCA စာချုပ်ကို လက်မှတ်ရေးထိုးထားတာက ၁၅ ရက်ကြာမြင့်ခဲ့ပြီ။ ဒီတော့ ငြိမ်းချမ်းရေးအတွက် NCA ဟာ ဘယ်လို အကျိုးသက်ရောက်မှုတွေရှိလဲ။ ဘယ်လိုတိုးတက်မှုတွေ ရှိပါသလဲ။**

ဖြေ ။ NCA လက်မှတ်ထိုးထားတဲ့ ဒေသတွေမှာ လက်မှတ်ရေးထိုးပြီးတဲ့နောက်ပိုင်း ဒီနေ့အထိ ဘာတိုက်ပွဲမှ မဖြစ်ဘူး။ နောက်တစ်ချက်က NCA ထဲမှာ ပါတာက အချိန်ဇယား (Time Line) ပါတယ်။ ကျွန်တော်တို့က ဒီအချိန်ဇယားအတိုင်း မလုပ်နိုင်လို့ NCA ကို ချိုးဖောက်သလိုမျိုးဖြစ်မှာကို စိုးရိမ်တယ်။ ဒီနေ့အထိ ကြည့်ရင်တော့ လက်မှတ်ထိုးပြီးနောက် ၂၄ နာရီအတွင်း လုပ်ရမယ့်ကိစ္စတွေ၊ ငါးရက်အတွင်းနဲ့ ခုနစ်ရက်အတွင်း လုပ်ရမယ့် ကိစ္စတွေကို လုပ်နိုင်ခဲ့ကြတယ်။

Time Line အတိုင်းမလုပ်နိုင်ရင် ဘာအရေးကြီးလဲဆိုတော့ NCA အတွက် အန္တရာယ်ရှိတာပါ။ ကျွန်တော်ထင်တာက ရက် ၃၀၊ ရက်ပေါင်း ၆၀ နဲ့ ရက်ပေါင်း ၉၀ အတွင်းမှာ နိုင်ငံရေးဆွေးနွေးပွဲ စတင်နိုင်ရင်တော့ ကျန်တဲ့အဖွဲ့တွေလည်း NCA အပေါ်မှာ ယုံကြည်မှုပိုများလာမယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်က ပိုအားရှိလာမယ်။

လက်မှတ်မထိုးထားတဲ့ အဖွဲ့တွေရဲ့ နယ်မြေတွေမှာကျတော့ JMC ဖွဲ့လို့မရဘူး။ မကြာခင်မှာ လုပ်မယ့် UPDJC အစည်းအဝေးမှာလည်း သူတို့မပါနိုင်တော့ နိုင်ငံရေးမူဘောင်ရေးဆွဲရာမှာ သူတို့မပါဝင်နိုင်တာဟာ အတော်လေးကို နစ်နာတယ်။ သူတို့ကိုလည်း ဒါကြောင့် လမ်းဖွင့်ပေးထားပါတယ်။

**မေး ။ ဒါဆိုရင် အခု တခြားသော လက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ NCA ကို လက်မှတ်ထိုးခဲ့ရင် သူတို့ဟာ Time Line ရဲ့ ဘယ်နေရာကနေ ပါဝင်ခွင့်ရမလဲ။ အခုရောက်ရှိနေတဲ့ နေရာကနေလား ဒါမှမဟုတ် အစကနေ သူတို့အတွက် ပြန်စရမှာပါလား။**

ဖြေ ။ အခု လက်မှတ်ရေးထိုးထားပြီးနောက် ရက်ပေါင်း ၃၀ အတွင်းမှာ JMC ရဲ့ မူဘောင်ကို အပြီးသတ်ရေးဆွဲကြရမယ်။ လက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၆၀ အတွင်းမှာ UPDJC ရဲ့ မူဘောင်ကို အပြီးသတ်ရေးဆွဲနိုင်ရမယ်။ ဒီမူဘောင်တွေနဲ့အညီ ရက် ၉၀ မပြည့်ခင်မှာ နိုင်ငံရေးဆွေးနွေးပွဲတွေ စတင်နိုင်ဖို့ ဖြစ်ပါတယ်။ ကြိုက်တဲ့အချိန်မှာ သူတို့ပါဝင်လက်မှတ်ထိုးလို့ရပါတယ်။ တခြားအဖွဲ့တွေ ပါဝင်လက်မှတ်ရေးထိုးလာရင် သူတို့ဟာ အခုရောက်နေတဲ့ နေရာကနေစပြီး ပါဝင်ရမှာပါ။ သူတို့အတွက် အဲ့ဒါအခွင့်အရေးရှိတယ်။ နိုင်ငံရေးမူဘောင်ဆွေးနွေးရာမှာ သူတို့ပါဝင်လာနိုင်မယ်။ ဒါမှမဟုတ် ဒါတွေဆွေးနွေးပြီးမှ လာရင်လည်း နိုင်ငံရေးဆွေးနွေးပွဲမှာ သူတို့ဆွေးနွေးခွင့်ရမှာပါ။



သတင်းနှင့် တွေ့ဆုံမေးမြန်း
မြတ်သန္တာမောင်၊
ဓာတ်ပုံ - အငယ်လေး

## သတ်မှတ်ချက်နှင့်အညီ လွတ်လပ်စွာမဲပေးနိုင်ရေး ညှိနှိုင်းဆွေးနွေး

**ဂန့်ဂေါ အောက်တိုဘာ ၂၀**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး မြို့နယ်လုံခြုံရေးနှင့်စီမံခန့်ခွဲမှုကော်မတီနှင့် ရပ်ကွက်/ ကျေးရွာလုံခြုံရေးနှင့် စီမံခန့်ခွဲမှုကော်မတီများ၏ သတ်မှတ်ချက်နှင့်အညီ လွတ်လပ်စွာ မဲပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၉ ရက်က ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် မြို့နယ်လုံခြုံရေးနှင့် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှဝင်းအောင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရပ်ကွက်/ ကျေးရွာ ၄၇ အုပ်စုမှ တာဝန်ရှိသူများထံ လွှတ်တော်အလိုက် ကြိုတင်ဆန္ဒမဲ လက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်စာအိတ်များ ထုတ်ပေးကြောင်း သိရသည်။ **(၁၀၁)**

## နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၀**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မောင်တောမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ရွှေကျင်မြို့တွင် ၁ ဒသမ ၂၂ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ အိမ်မဲမြို့တွင် ၁ ဒသမ ၀၀ လက်မ၊ လှိုင်လင်မြို့တွင် ၀ ဒသမ ၇၅ လက်မနှင့် ပုသိမ်မြို့တွင် ၀ ဒသမ ၇၁ လက်မတို့ဖြစ်ကြသည်။ နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် မိုးပိုလာမည်။ **(မိုး/ဇလ)**

# မြန်မာ့ကမ်းခြေအလှပေါ်တွင် ပင်လယ်မျှားကြသူများ

PHOTOESSAY - ရဲခေါင်ညွန့်၊ မင်းသစ်

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်နှင့် မြန်မာ့ရွက်လှေအားကစား မြင့်မားတိုးတက်စေရန်အတွက် အောက်တိုဘာ ၂၈ ရက်မှ ၃၁ ရက်အထိ ပုသိမ်ခရိုင်၊ ငွေဆောင်ကမ်းခြေ၌ Myanmar Wave Rider Cup and KTA Race Open 2015 ပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ငွေဆောင်ကမ်းခြေအလှနှင့် ရွက်လှေအားကစားပြိုင်ပွဲများ၊ ဒေသခံကလေးငယ်တို့၏ ပုံရိပ်မြင်ကွင်းများ၏ မှတ်တမ်းဓာတ်ပုံများကို ကြည်နူးဖွယ်ခရီးသွားမြင်ကွင်းအဖြစ် ဖော်ပြအပ်ပါသည်။



Kiteboarding ကလပ်ပြိုင်ပွဲဝင်ရန်အတွက် ပင်လယ်ပြင် စွန်လွှတ်ကြသူများ။

ငွေဆောင်ကမ်းခြေဒေသရှိ ကလေးငယ်တို့အတွက် မျှော်လင့်ချက်ကို ပုံဖော်သူများ။



ဒေသခံကလေးငယ်တို့ မျှော်လင့်နေသည့် Stand Up Paddle (SUP) ကစားနည်းကို ဖြည့်ဆည်းနေသူများ။



Kiteboarding ကလပ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ကလေးငယ်များ။





ငွေဆောင်ကမ်းခြေဒေသရှိ ကလေးငယ်တို့အတွက် မျှော်လင့်ချက်ကို ပုံဖော်သူများ။

# တာချီလိတ်မြို့၌ ကျပ်တစ်သောင်းတန် ငွေစက္ကူအတုများဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၀**

တာချီလိတ်မြို့ ပါလျံ(၃) ရန်အောင်မြေရပ်ကွက်ရှိ ရွှေနဂါးမိုတယ်၌ တည်းခိုနေသော ဧည့်သည်သုံးဦးထံမှ အောက်တိုဘာ၂၉ ရက်က ကျပ်တစ်သောင်းတန် ငွေစက္ကူအတုများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါမိုတယ်၌ တည်းခိုလျက်ရှိသော ဧည့်သည်သုံးဦးသည် တာချီလိတ်-လားရှိုးလေယာဉ်လက်မှတ် မှာယူသဖြင့် တာလေ့ရပ်ကွက်ရှိ Sky View လေယာဉ်လက်မှတ်အရောင်းဆိုင်မှ အရောင်းစာရေး သားကို(ခ) ဟိန်းလင်းကိုက အဆိုပါ မိုတယ်သို့ သွားရောက်ပို့ဆောင်ရာ လေယာဉ်လက်မှတ်ဖိုးကျသင့်ငွေကျပ် ၂၃၁၀၀၀ အတွက် မြန်မာငွေကျပ်တစ်သောင်းတန် ၂၃ ရွက်နှင့် ကျပ်တစ်ထောင်တန်တစ်ရွက်ပေးသောကြောင့် သားကို(ခ) ဟိန်းလင်းကိုက မိုတယ်စာရေး အမျိုးသမီးအား ဝန်ဆောင်ခ ကျပ်တစ်သောင်းတန် တစ်ရွက်ပေးခဲ့ပြီး ဆိုင်သို့ ပြန်လည်ရောက်ရှိစဉ် တစ်သောင်းတန်ငွေစက္ကူ ၂၂ ရွက်ကို မသင်္ကာသဖြင့် အနီးရှိ ကမ္ဘောဇဘဏ်၌ သွားရောက်စစ်ဆေးရာ အတုများဖြစ်ကြောင်းသိရ၍ တာဝန်ရှိသူများနှင့် အတူ ရွှေနဂါးမိုတယ်၌ တည်းခိုနေကြသည့် ဒေါ်နန်းစိန်ညွန့်၊ စိုင်းရွှေတို့ ၏ အခန်းနှင့် မနန်းလှကြည်၏ အခန်းအား သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ကျပ်တစ်သောင်းတန် ငွေစက္ကူအတု ၄၇၉ ရွက်ကို တွေ့ရှိသဖြင့် သက်သေများရှေ့၌ သိမ်းဆည်းခဲ့ခြင်း ဖြစ်သည်။

စစ်ဆေးချက်များအရ လွန်ခဲ့သည့် တစ်လခန့်က ၎င်းတို့သုံးဦးသည် စိုင်းရွှေ ဆေးကုသမှုခံယူရန်အတွက် ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ သွားရောက်ပြီး အပြန်တွင် မြန်မာကျပ်ငွေတစ်သောင်းတန် သိန်း ၅၀ အရွက် ၅၀၀ ယူဆောင်လာခဲ့ကာ အောက်တိုဘာ ၂၉ ရက် နံနက် ၈ နာရီက အမှတ်(၁) ချစ်ကြည်ရေးတံတားမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ သယ်ယူလာပြီး သုံးစွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာငွေကျပ်တစ်သောင်းတန် အတုများကို တစ်ဖက်ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံ တာချီလိတ်မြို့သို့ ယူဆောင်သုံးစွဲခဲ့ကြသည့် ဒေါ်နန်းစိန်ညွန့်၊ စိုင်းရွှေနှင့် မနန်းလှကြည်တို့အား မြန်မာနိုင်ငံဗဟိုဘဏ်ဥပဒေပုဒ်မ ၁၀၅/၁၀၆ ဖြင့် အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# စက်သုံးဆီဈေးကွက်တွင် နိုင်ငံခြားသုံးငွေလဲနှုန်း ကျဆင်းပြီး အရင်းဈေးကျနေသော်လည်း ဈေးနှုန်းအမြင့်ဖြင့် ရောင်းချနေဆဲ

**အောက်တိုဘာလ နောက်ဆုံးပတ်အတွင်း ဗဟိုဘဏ်ငွေလဲနှုန်းနှင့်အတူ ပြင်ပနိုင်ငံခြားငွေလဲလှယ်နှုန်းပါကျဆင်းလာသည်။ အောက်တိုဘာ ၂၇ ရက်က နိုင်ငံပိုင်သတင်းစာတွင်ဖော်ပြချက်အရ စက်ဆုံးဆီဆိပ်ကမ်းအရောက် တစ်ပတ်အတွင်း ပျမ်းမျှအရင်းဈေးမှာတစ်လီတာလျှင် အောက်တိန်း ၉၂ စက်သုံးဆီကျပ်လေးဆယ်ခန့်ကျလာသော်လည်း ရန်ကုန်မြို့တွင်းရောင်းဈေးမှာ ယခင်နှုန်းထားအတိုင်း ငွေကျပ် ၆၉၀ မှ ၇၀၀ ဖြင့် ရောင်းချဆဲဟုသိရသည်။**

စက်တင်ဘာ ၂၅ ရက် နိုင်ငံပိုင်သတင်းစာ၏ ကျော်ဖုံး သတင်းဆောင်းပါးဖြစ်သော စက်သုံးဆီဈေးကွက်နှင့် ဈေးကွက်အားပြိုင်မှုမှ စွမ်းအင်ဝန်ကြီးဌာန၌ တာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်သည် လက်တွေ့ဖြစ်ရပ်နှင့် မှန်ကန်မှုရှိသည်။ ၂၀၁၀ ပြည့်နှစ်ကတည်းက ဈေးကွက်စီးပွားရေးကို စွမ်းအင်ဝန်ကြီးဌာနက ဖွင့်လှစ်ပေးခဲ့သည်။ သို့သော် ဆိုင်အများစုက နိုင်ငံတကာမှာဈေးနှုန်းကျတဲ့အခါ ချက်ချင်းဈေးချပေးဖို့အတွက် အကြောင်းပြချက်မျိုးစုံပြပြီး လက်နှေးနေသော်လည်းနိုင်ငံတကာဈေးတက်ချိန်မှာ အချိန်နှင့်တစ်ပြေးညီ လိုက်တက်သည်။ စက်သုံးဆီလုပ်ငန်းရှင်အများစုသည် ဈေးနှုန်းကို အပြိုင်အဆိုင် တင်းခံနေသည်မှာ ဈေးကွက်ယှဉ်ပြိုင်မှု မဟုတ်ဘဲဝန်ဆောင်မှုကို မြှင့်တင်ကာ ဈေးနှုန်းကို နိုင်ငံတကာနှင့်အညီ ဆောင်ရွက်ပေးနိုင်မှသာ ပိုမိုကောင်းမွန်သော ဈေးကွက်တစ်ခုဖြစ်လာနိုင်သည်ဟု တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ဖတ်ရှုရသည်။

သို့သော်ဝယ်ယူသူတစ်ဦး၏ပြောကြားချက်မှာ မှန်ကန်သည်ဟု မဆိုနိုင်ပါ၊ ဝယ်ယူသူအများစုသည် ဈေးနှုန်းထက် ကိုယ့်ဆီထည့်နိုင်တဲ့ ငွေပမာဏကိုသာ အဓိက ပြောလာကြတယ်။ ဈေးနှုန်းဆယ်ဂဏန်းအထိ ကွာနေရင်တောင် သတိမထားတော့ဘူးဟု ဖော်ပြထားသည်။

ယခင်အခါက စက်သုံးဆီအခြင်အတွယ်ဂါလန်ဖြင့် ပြောဆိုနေရာမှ ယခုအခါ လီတာအခြင်အတွယ်သို့ ပြောင်းလဲလာရာတစ်ဂါလန်လျှင် ၄ ဒသမ ၅ လီတာ ဝန်းကျင်ရှိသည်။ တစ်လီတာလျှင်ငွေကျပ်လေးဆယ်ကွာခြားပါက တစ်ဂါလန်လျှင် ငွေကျပ်နှစ်ရာ၊ ဂါလန် ၅၀ တစ်ပီပါလျှင် ငွေကျပ် ၁၀၀၀၀ ကွာခြားမှုရှိလာသည်။ နိုင်ငံတကာဈေးနှုန်းအပြောင်းအလဲနှင့်အတူ ပြည်တွင်းတွင် ဝယ်ယူခွင့်ရလိုသည်။

ဇွန်လဆန်းတွင် ပထမဦးဆုံး ထုတ်ပြန်သောအရင်းဈေးနှုန်းတွင်အောက်တိန်း ၉၂ တစ်လီတာ ၇၀၂ ကျပ်၊ ဒီဇယ်တစ်လီတာ ၆၅၈ ကျပ်ရှိပြီး ရန်ကုန်မြို့တွင်းရောင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာငွေကျပ် ၇၃၀၊ ဒီဇယ်တစ်လီတာငွေကျပ် ၆၉၀ ဖြစ်ရာ အောက်တိန်း ၉၂ တစ်လီတာလျှင် အရင်းဈေးထက် ၂၈ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၃၂ ကျပ်သာဈေးတင်ရောင်းချမှုရှိခဲ့သည်။

ဩဂုတ်လကုန်ပိုင်းတွင်မူ အောက်တိန်း ၉၂ တစ်လီတာ အရင်းဈေးနှုန်း ၅၆၄ ကျပ်၊ ဒီဇယ်တစ်လီတာ ၅၃၁ ကျပ်ရှိချိန် ရန်ကုန်မြို့တွင်းရောင်းဈေး အောက်တိန်း ၉၂ တစ်လီတာငွေကျပ် ၇၀၀၊ ဒီဇယ်တစ်လီတာငွေကျပ် ၆၄၀ ဖြစ်ရာ အောက်တိန်း ၉၂ တစ်လီတာလျှင် ၁၃၆ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၁၀၉ ကျပ်ထိဈေးပိုမိုတင်ရောင်းချလာခဲ့သည်။

စက်တင်ဘာနှင့်အောက်တိုဘာလတို့အတွင်း ရန်ကုန်မြို့တွင်းအောက်တိန်း ၉၂ တစ်လီတာ ငွေကျပ် ၆၉၀၊ ဒီဇယ်တစ်လီတာ ငွေကျပ် ၆၄၀ ဖြင့်ရောင်းချသည်။ စက်တင်ဘာလဆန်းမှ အောက်တိုဘာ ၁၉ ရက်အထိ ထုတ်ပြန်ထားသော အရင်းဈေးနှုန်းမှာ အောက်တိန်း ၉၂ တစ်လီတာလျှင်ငွေကျပ် ၆၃၀ ဝန်းကျင်၊ ဒီဇယ်တစ်လီတာလျှင်ငွေကျပ် ၅၈၀ ဝန်းကျင်ရှိသည်။

အောက်တိုဘာ ၂၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင်ဖော်ပြချက်အရ တစ်ပတ်အတွင်း ဆိပ်ကမ်းအရောက် အရင်းဈေးများမှာ အောက်တိန်း ၉၂ တစ်လီတာ ၅၈၇ ကျပ်၊ ဒီဇယ်တစ်လီတာ ၅၆၇ ကျပ်သာရှိသည်။ အောက်တိန်း ၉၂ တစ်လီတာလျှင် ၃၇ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၁၇ ကျပ် ဈေးကျလာသည်။ သို့သော်အောက်တိုဘာ ၂၉ ရက်ထိ ရန်ကုန်မြို့တွင်း အောက်တိန်း ၉၂ တစ်လီတာ လျှင်ငွေကျပ် ၆၉၀-၇၀၀ နှုန်း၊ ဒီဇယ်တစ်လီတာလျှင် ငွေကျပ် ၆၄၀-၆၅၀ နှုန်းရောင်းချဆဲဖြစ်ကြောင်း၊ နိုင်ငံပိုင်သတင်းစာပါဈေးနှုန်းစာရင်းနှင့် ရန်ကုန်မြို့တွင်း စက်သုံးဆီအရောင်းဆိုင်ကြီးများရှိ ဈေးနှုန်းကြေညာချက်တို့မှ သိရသည်။

ဇွန်လဆန်းတွင် ဆိပ်ကမ်းအရောက် အရင်းဈေးနှုန်းထက် တစ်လီတာလျှင်ငွေကျပ် ၃၀ ဝန်းကျင်သာ ဈေးတင်ရောင်းချခဲ့သော်လည်း ယခုနောက်ပိုင်းကာလများတွင် တစ်လီတာ လျှင်ငွေကျပ် ၅၀ ဝန်းကျင် ဈေးတင်ရောင်းချသည်။ ဩဂုတ်လကုန်ပိုင်းနှင့် အောက်တိုဘာလကုန်ပိုင်းတို့တွင်မူ တစ်လီတာလျှင်အရင်း ဈေးထက် ငွေကျပ် ၁၀၀ ဝန်းကျင်ဈေးတင်ရောင်းချနေသည်။

ပြည်တွင်းမီဒီယာများတွင် နိုင်ငံခြားသုံးငွေလဲလှယ်နှုန်းမြင့်နေ၍ဖြစ်သည်ဟု စက်သုံးဆီတင်သွင်းရောင်းချသူတို့၏ ပြောကြားချက်များ ဖတ်ရှုခဲ့ရသည်။ နိုင်ငံခြားသုံးငွေလဲလှယ်နှုန်း မည်သည့်ဈေးရှိစေကာမူ လက်ရှိပေါက်ဈေးငွေလဲနှုန်းနှင့် တွက်ချက်၍ အရင်းဈေးနှုန်းကိုဖော်ပြခြင်းဖြစ်သည်။ အောက်တိုဘာ ၂၈ ရက်တွင် ဗဟိုဘဏ်ငွေလဲနှုန်းသည် ၁၂၇၈ ကျပ်ရှိပြီး ပြင်ပငွေလဲနှုန်းမှာ ၁၂၇၁ ကျပ်(ဝယ်ဈေး) ၁၂၇၇ ကျပ်(ရောင်းဈေး) ရှိသည်ဟု မီဒီယာများတွင် ဖော်ပြထားသည်။ စက်တင်ဘာလလယ်တွင် ဗဟိုဘဏ်ငွေလဲနှုန်းနှင့် ပြင်ပငွေလဲနှုန်းများငွေကျပ် ၁၂၉၀ ဝန်းကျင်ထိရှိခဲ့သည်။

ယခုရက်ပိုင်း ပြည်တွင်းဈေးကွက်တွင် ကြက်သွန်နီများ တရားဝင်ဒိုင်ဖွင့်ဈေးနှုန်း အောက်တိုဘာ ၂၉ ရက်တွင် ၁၂၅၀-၁၇၅၀-၁၉၅၀-၂၁၀၀ ထိ မြင့်တက်လာသည်။ စားအုန်းဆီဈေးနှုန်းတစ်ပိဿာ ကတ္တားဈေး ၁၃၉၅ ကျပ်၊ သကြားကတ္တားဈေးနှုန်းငွေကျပ် ၁၁၆၀ ထိ ဈေးကျလာသည်။ ယင်းသို့ဈေးနှုန်းများ ပြောင်းလဲမှုတွင် သယ်ယူပို့ဆောင်ခများသည် အဓိကကျသည်။ စက်သုံးဆီ ရောင်းဈေးပြောင်းလဲမှုသည် သယ်ယူပို့ဆောင်ခများပေါ် အဓိကအရေးပါသည်။ သို့ဖြစ်ရာ ပြည်တွင်းစက်သုံးဆီဈေးကွက်တွင် မည်သို့သောလိုအပ်ချက်ကြောင့် ဆိပ်ကမ်းအရောက်အရင်းဈေးနှုန်းထက်ပိုမိုဈေးနှုန်းတင်ရောင်းချမှုများရှိနေရသည်ဆိုသော အကြောင်းအရင်းကို သိရှိလိုသည်ဟု စက်သုံးဆီနေ့စဉ်ဝယ်ယူသုံးစွဲနေသူများက ပြောသည်။

ခင်ဆိုင်



## ရောဝတီမြစ်ရေကျဆင်းသဖြင့် ဆောင်းသီးနှံမျိုးစုံစိုက်ပျိုးနိုင်တော့မည်

**ညောင်တုန်း အောက်တိုဘာ ၃၀**

ညောင်တုန်းမြို့နယ်၌ ဧရာဝတီမြစ်ရေသည် သုံးကြိမ်တိုင်တက်ခဲ့ပြီး ယခုအခါ စိတ်ချလက်ချ မြစ်ရေကျဆင်းသွားသဖြင့် ဧရာဝတီမြစ်ကမ်းဘေးရှိ နုန်းတင်မြေနုကိုင်းမြေများတွင် ဆောင်းသီးနှံမျိုးစုံကို ထွန်ယက် စိုက်ပျိုးနိုင်တော့မည်ဖြစ်ရာ ပေါ်ထွန်းလာသောကိုင်းမြေများပေါ်တွင် အမှိုက်ပင်များရှင်းလင်းခြင်း၊ စင်တင်သီးနှံများ စိုက်ပျိုးရန်စင်များ စတင်တည်ဆောက်ခြင်း၊ ကိုင်းမြေများ ထွန်ယက်ခြင်းများကို တောင်သူလယ်သမားများ ဆောင်ရွက်နေကြပြီဖြစ်သည်။

ပေါ်ထွန်းလာသော မြေနုကိုင်းမြေများပေါ်တွင် စားသုံးသီးနှံမျိုးစုံ၊ ဘူး၊ သခွားအပါအဝင် စင်တင်သီးနှံမျိုးစုံပြောင်း၊ ပဲမျိုးစုံတို့ကိုစိုက်ပျိုးကြရန် ပြင်ဆင်နေပြီဖြစ်သည်။

"ဒီနှစ်ဧရာဝတီမြစ်ရေသုံးကြိမ်သုံးခါတက်ပြီးလို့စိတ်ချရပါပြီ၊ နောက်တစ်ကြိမ် ရေပြန်တက်ဖို့တော့မရှိတော့ပါဘူး၊ ဆောင်းသီးနှံမျိုးစုံကို စိတ်ချလက်ချ စိုက်ပျိုးနိုင်ကြပါပြီ၊ ဒီနှစ် ကိုင်းမြေများ မြစ်ရေသိသိသာသာနစ်မြုပ်ခံခဲ့ရပြီး နုန်းမြေများများ တင်ကျန်ခဲ့လို့ စိုက်ပျိုးခဲ့ ဆောင်းသီးနှံမျိုးစုံ သိသိသာသာ အထွက်ကောင်းမှာပါ"ဟု ညောင်တုန်းမြို့နယ် ဧရာဝတီမြစ်ကမ်းဘေး ကိုင်းမြေများတွင် ဆောင်းသီးနှံစိုက်ပျိုးသူ ဦးဝင်းမောင်ကပြောသည်။

ဆောင်းသီးနှံစိုက်ပျိုးသူများငွေကြေးအခက်အခဲ မရှိစေရေးအတွက် ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးလျက်ရှိရာ ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများတိုးမြှင့်ထုတ်ချေးပေးရန်လည်း တောင်သူများက လိုလားလျက်ရှိကြသည်။

**နေလင်း(ညောင်တုန်း)**

## အောက်တိုဘာ ၃၀ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်၊ သောကြာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၀၆၀၀ မှ ၅၀၀၀၀ |
| ၂ | ဇီရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဆန်စပါးကုန်စည်ဒိုင်ဘုရင့်နောင် | ၁၉၅၀၀ မှ ၂၂၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဆန်စပါးကုန်စည်ဒိုင်ဘုရင့်နောင် | ၁၉၅၀၀ မှ ၂၁၀၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၂၇၀၀၀ |
| ၇ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀၀ မှ ၂၆၇၀ |
| ၈ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၅၀ မှ ၂၁၀၀ |
| ၉ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၅၀ မှ ၂၅၉၀ |
| ၁၀ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၄၀၀ မှ ၃၂၅၀ |
| ၁၁ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၇၀ မှ ၁၀၅၀ |
| ၁၂ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀ မှ ၂၀၀၀ |
| ၁၃ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀၀ မှ ၁၅၀၀၀ |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။**

## သက်ကြီးရွယ်အိုများနှင့် ချို့တဲ့အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများလှူဒါန်း

**ဖလမ်း အောက်တိုဘာ ၃၀**

ဖလမ်းမြို့နယ် ရမ်ထလိုကျေးရွာ၌ သက်ကြီးဘိုးဘွားများနှင့် အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းလှူဒါန်းပွဲကို အောက်တိုဘာ ၃၀ရက် နံနက် ၈ နာရီခွဲက အဆိုပါကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဥမ္မာဆွေ ဦးဆောင်ပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက အသက် ၆၀ ကျော် ဘိုးဘွား ၁၅ ဦးနှင့် ချို့တဲ့အိမ်ထောင်စု ၁၈ စုတို့အား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သောင်းစီ၊ အဝတ်အထည်များနှင့်



စားသုံးကုန်ပစ္စည်းများ လှူဒါန်းကြပြီး ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက သဘာဝဘေးဒဏ်ကြောင့် စားဝတ်နေရေးနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ပြည်သူများအား ဆက်လက်ထောက်ပံ့သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြောင်းသိရသည်။**(ခရိုင်ပြန်/ဆက်)**

## အရိပ်လည်းရဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

## လမ်းတံတားများ ကြည့်ရှုစစ်ဆေး

**ဘီးလင်း အောက်တိုဘာ ၃၀** ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ဘီးလင်းမြို့နယ် ဇုတ်သုတ်-ဇုက္ကလီလမ်းနှင့် တံတားလုပ်ငန်းများကို ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်၊ ခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်း၊ မြို့နယ်ဦးစီးမှူး ဦးမြင့်နိုင်ဦးနှင့်ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးကာ လုပ်ငန်းများလိုအပ်ချက်နှင့် အချိန်မီပြီးစီးရေးအတွက် မှာကြားခဲ့သည်။ **(ကျေးလက်ဦးစီး)**

# သာကေတမြို့နယ်၌ ကွမ်းယာဝယ်ယူသည့်ကိစ္စဖြင့် စကားများရန်ဖြစ်ရာမှ NLD ပါတီဝင် သုံးဦး တုတ်၊ ဓားများဖြင့် ရန်ပြုခံရ

## ဖြစ်မှုကျူးလွန်သူများအား ချက်ချင်းဖမ်းဆီးအရေးယူထား၊ ဖြစ်မှုကျူးလွန်သူများမှာ မည်သည့်ပါတီဝင်မျှမဟုတ်ကြောင်းသိရှိရ

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မာန်ပြေ(၈)လမ်းထိပ်ရှိ ကွမ်းယာဆိုင်၌ ကွမ်းယာဝယ်ယူရာမှ စကားများရန်ဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင်သုံးဦး တုတ်၊ ဓားများဖြင့် ရန်ပြုခံရသဖြင့် ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှု ခံယူလျက်ရှိကြောင်း၊ ဖြစ်မှုကျူးလွန်သူများကို ချက်ချင်းဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သာကေတမြို့နယ် မာန်ပြေ (၃)ရပ်ကွက် မာန်ပြေ(၈)လမ်းထိပ်၌ နေထိုင်သည့် ဇော်လတ်သည် အဆိုပါလမ်းထိပ်ရှိ မာမီကွမ်းယာဆိုင်၌ ကွမ်းယာဝယ်ယူစဉ် (၈)ရပ်ကွက် NLD အတွင်းရေးမှူး ဦးအောင်ကျော်ကျော်နှင့် စကားများခဲ့ကြကြောင်း၊ ထို့နောက် ထိုးကြိတ်မှုဖြစ်ပွားပြီး ဇော်လတ်က နေအိမ်၌ အရှည်နှစ်ပေခွဲခန့်ရှိ ဓားယူ၍ ကွမ်းယာဆိုင်သို့ ပြန်လာခဲ့ပြီး ဦးအောင်ကျော်ကျော်ကို မတွေ့ရဘဲ (၉) လမ်းထိပ်ဘက်တွင် NLD ပါတီ စည်းရုံးရေးကားနှင့် လူအုပ်ကြီးကိုတွေ့သဖြင့် ဓားဖြင့် တိုက်ခိုက်ခဲ့ကြောင်း၊ ဇော်လတ်၏ဘက်မှ ထက်အောင်လှိုင်(ခ) ထက်ကိုနှင့် မျိုးမင်းခိုင်တို့ကလည်း တုတ်များဖြင့် အဆိုပါလူအုပ်ကို ဝင်ရောက်ရိုက်နှက်ခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ တုတ်၊ ဓား များဖြင့် ရန်ပြုခဲ့မှုကြောင့် NLD ပါတီဝင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးနိုင်ငံလင်း၊ မာန်ပြေ (၃)ရပ်ကွက် NLD ပါတီ အလုပ်အမှုဆောင် ဦးကျော်သူနှင့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်သက်ထားနွယ်ဝင်း၏ ကိုယ်စားလှယ် ဒေါ်သန္တာမော်တို့ သုံးဦးမှာ ဒဏ်ရာများရခဲ့သဖြင့် ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်မှုကျူးလွန်သူ သုံးဦးအား သာကေတမြို့နယ် အမှတ်(၁) မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ချက်ချင်းဖမ်းဆီးပြီး အမှုဖွင့်အရေးယူထားကြောင်း၊ ဖြစ်မှုကျူးလွန်သူ ဇော်လတ်မှာ မည်သည့်ပါတီဝင်မျှ မဟုတ်ဘဲ သာမန် အရပ်သားတစ်ဦးဖြစ်ပြီး အရက်သေစာ သောက်စားထားသည်ကို တွေ့ရှိရကြောင်း၊ ယခုဖြစ်စဉ်သည် ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ချင်း၏ ရန်ဖြစ်ပွားမှုသာဖြစ်ပြီး ပါတီစည်းရုံးရေးကိစ္စ ဆောင်ရွက်နေမှုနှင့် သက်ဆိုင်မှုမရှိကြောင်း မျက်မြင်သက်သေများ၏ ပြောကြားချက်အရ သိရသည်။

လက်ရှိတွင် နိုင်ငံရေးပါတီများက ဖျော်ဖြေရေးယာဉ်များ အချင်းချင်းနှင့် ပါတီစည်းရုံးရေးအဖွဲ့များ တစ်ဖွဲ့နှင့်တစ်ဖွဲ့တွေ့ဆုံပါက ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး တစ်ဦးနှင့်တစ်ဦး လေးစားစွာ ဆက်ဆံကြကာ ခိုက်ရန်ဖြစ်ပွားမှုများ ဖြစ်ပွားခြင်းမရှိဘဲ ထိန်းထိန်းသိမ်းသိမ်းဖြင့် ရွေးကောက်ပွဲမတိုင်မီ တည်ငြိမ်အေးချမ်းစေရေးနှင့် ရွေးကောက်ပွဲ၏ပုံရိပ်ကို ထိခိုက်မှုမရှိအောင် ဆက်ဆံဆောင်ရွက်နေသည်ကို တွေ့မြင်နေရသည်။

အလားတူ တရားဥပဒေဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ဖြစ်မှုဖြစ်ပွားပါက မည်သည့်ဘက်ကိုမျှ ဘက်လိုက်ခြင်းမပြုဘဲ မျှမျှတတ အရေးယူ ဆောင်ရွက်ခြင်းဖြင့် ရွေးကောက်ပွဲမတိုင်မီ တည်ငြိမ်အေးချမ်းရေး၊ ရွေးကောက်ပွဲကာလ တည်ငြိမ်အေးချမ်းရေးနှင့် ရွေးကောက်ပွဲပြီး တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တစ်နေ့တည်း တစ်နေရာတည်း ယာဉ်တိုက်မှုနှစ်ခုဖြစ်ပွား၊ တစ်ဦးသေ

**သထုံ အောက်တိုဘာ ၃၀**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ အောက်တိုဘာ ၂၉ ရက်က နာရီပိုင်းအတွင်း တစ်နေရာတည်း ယာဉ်တိုက်မှုနှစ်ခု ဖြစ်ပွားခဲ့ပြီး အဆိုပါယာဉ်တိုက်မှုကြောင့် လူတစ်ဦးသေဆုံးကာ လေးဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်၊ အနန်းကုန်းရပ် ရန်ကုန်-သထုံ အဝေးပြေးလမ်း မိုင်တိုင်အမှတ် (၁၃၉/၅)နှင့် (၁၃၉/၆)အကြားတွင် အဆိုပါနေ့ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က ကိုစိုးစိုးသည် ဆိုင်ကယ်ဦးထုပ်ဆောင်းထားခြင်းမရှိဘဲ အနန်းကုန်းလမ်းကြားမှ အဝေးပြေးလမ်းမပေါ်သို့ အရှိန်ဖြင့်မောင်းတက်စဉ် သထုံဘက်မှ ဘီးလင်းဘက်သို့ ယာဉ်မောင်း ဦးမျိုးအောင် မောင်းနှင်လာသည့် ခြောက်ဘီး Express မှန်လုံယာဉ်ကို အရှိန်မထိန်းနိုင်ဘဲ ဝဲဘက်အတက် အဆင်းတံခါးကို ပြင်းထန်စွာ ဝင်ရောက်တိုက်မိခဲ့သည်။

ယင်းဖြစ်စဉ်တွင် ဆိုင်ကယ်မောင်းသူ ကိုစိုးစိုးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိသဖြင့် သိမ်ဆိပ်တိုက်နယ်ဆေးရုံမှ သထုံခရိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသစဉ် သေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါနေ့ ည ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် ၎င်းနေရာ၌ ထပ်မံကာ ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိခဲ့ပြီး လူလေးဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုများတွင် ဆိုင်ကယ် မဆင်မခြင်မောင်းနှင်သူများအား သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်နယ်မြေရဲစခန်းက ဥပဒေအရ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**



# မကွေးမြို့နယ်တွင် မဲဆွယ်ရာမှ တစ်ရွာတည်းသားချင်း ရန်ဖြစ်ပြီး အပြန်အလှန်တိုင်ကြား

**မကွေး အောက်တိုဘာ ၃၀**

မကွေးမြို့နယ် ဖိုဝေးကျေးရွာ၌ အောက်တိုဘာ ၂၇ ရက် ညပိုင်းက NLD ပါတီအောင်ရမည်အော်သူနှင့် ပြည်ခိုင်ဖြိုးပါတီနိုင်ရမည်ဟု ကြွေးကြော်သူ တစ်ရွာတည်းသားချင်းရန်ဖြစ်ခဲ့ပြီး အပြန်အလှန်တိုင်ကြားခဲ့ကြကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၇ ရက် ည ၉ နာရီက ဖိုဝေးကျေးရွာနေ အောင်မြင့်မော်(ခ)ဘိုသန်သည် နေအိမ်အရှေ့လမ်းမပေါ်တွင် သူငယ်ချင်းများနှင့်ထိုင်နေစဉ် တစ်ရွာတည်းနေ ညွှန့်ဝင်း၊ ကျော်စွာဝင်းနှင့် စိုးသူတို့ လမ်းလျှောက်လာရာ အောင်မြင့်မော်(ခ)ဘိုသန်က“NLDပါတီ အောင်ရမည်” ဟု အော်ဟစ်ခဲ့သဖြင့် ညွှန့်ဝင်းကဆဲဆိုပြီး လက်ထဲတွင် အသင့်ပါလာသော လေးခွဖြင့်ပစ်ရာ အောင်မြင့်မော်(ခ)ဘိုသန်၏ ဝမ်းဗိုက်ကိုထိမှန်ပြီး ကျော်စွာဝင်းနှင့် စိုးသူတို့က တုတ်များဖြင့် ဝိုင်းရိုက်ခဲ့သောကြောင့် အောင်မြင့်မော်(ခ)ဘိုသန်တွင် ဒဏ်ရာများရရှိခဲ့သည်။

အလားတူ ယင်းနေ့ည ၉ နာရီခန့်က ညွှန့်ဝင်းသည် ရွာအရှေ့ပိုင်းရှိ ညီဖြစ်သူ ဌေးဝင်း၏နေအိမ်သို့သွားစဉ် မောင်မြင့်မော်(ခ)ဘိုသန်၏နေအိမ်ရှေ့လမ်းအရောက် ညွှန့်ဝင်းက“ပြည်ခိုင်ဖြိုးပါတီနိုင်ရမည်”ဟု အော်ဟစ်သဖြင့် အောင်မြင့်မော်(ခ)ဘိုသန်သည် ခြံဝင်းထဲမှထွက်လာကာ ဆဲဆိုပြီးလက်ထဲတွင် အသင့်ပါလာသောပုလင်းနှင့် ညွှန့်ဝင်း၏ခေါင်းကိုရိုက်ကာ အနီးရှိခြံစည်းရိုးမှ ထင်းချောင်းနှင့် ရိုက်ခဲ့ကြောင်း၊ ထို့နောက် ငထိုက်(ခ)ထွန်းအောင် (၂၉ နှစ်)က ညွှန့်ဝင်းအား ကိုင်ပေါက်သဖြင့် ညွှန့်ဝင်းတွင် ဒဏ်ရာများရရှိခဲ့ပြီး မကွေးမြို့နယ် မိကျောင်းရဲနယ်မြေရဲစခန်း၌ အပြန်အလှန် အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

**ကျော်ဇေယျ**


ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာစိတ်ချမ်းသာ

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5A/7325 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

**ကန့်ကွက်နိုင်ပါကြောင်း**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၉/က၊ မြေကွက်အမှတ် ၁၀၅၏ အစိတ်အပိုင်း(စ/၂.ခ^၁)ဧရိယာ ၆ဒသမ ၉၀ ဧကအနက် ၀ ဒသမ ၂၇၇ဧက၊ အမှတ် ၁၀၆၊ ဆန်းသစ်ဦးလမ်း၊ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက် အစိုးရ (သီရိမင်္ဂလာဂရန်ပေးရေးစီမံချက်အတွင်းမှ မြေအား ဒေါ်နှင်းမြတ်ထွေး ၁၂/ကမတ(နိုင်)၀၀၀၆၅၁က နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်အရပ်ကတိ စာချုပ်အဆက်အစပ်များတင်ပြ၍ အထူးဝန်ဆောင်ခနှုန်းထားဖြင့် နှစ် ၆၀ မြေငှားစာချုပ် ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သန်လျင်မြို့ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ တန်ဆောင်တိုင်ပွဲတော်ဖိတ်ခေါ်ခြင်း**

သန်လျင်မြို့ကျက်သရေဆောင်၊ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်၊ တန်ဆောင်တိုင်ပွဲတော်နှင့် (၃၄)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်ပူဇော်ပွဲ၊ သံဃာတော်အပါး ၃၀၀ ကျော်တို့ကို ပဒေသာပင်စာရေးတံမဲဆက်ကပ်၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ စတုဒိသာကျွေးမွေး လှူဒါန်းပွဲ၊ ဆီမီး၊ သစ်သီး၊ ရေချမ်း၊ ပန်းလှူဒါန်းပူဇော်ပွဲများကို (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်) ၂၅-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)နှင့် (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့) ၂၆-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့)တို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လှူဒါန်းပူဇော်မှုပြုလိုသူများ၊ ဂေါပကအဖွဲ့ရုံးနှင့် ဆက်သွယ်လှူဒါန်းကြပါရန်နှင့် တန်ဆောင်တိုင်ပွဲတော်ကြီးသို့ ကြွရောက်ကြည်ညိုသဒ္ဓါပွားများကြပါရန် လေးစားစွာ နိုးဆော်တိုက်တွန်းအပ်ပါသည်။

**စေတီတော်ဂေါပကအဖွဲ့**
**ဖုန်း-၀၉-၇၉၁၆၄၉၃၈၄၊ ၀၉-၄၂၀၁၈၉၆၄၅၊**
**၀၅၆-၂၁၁၄၃၊ ၀၅၆-၂၂၀၃၂**

**ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး စေတီတော်လုံးတော်ပြည့်ပတ်လည်ရွှေစင်/ရွှေပြားနှင့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း**

မသိုးသင်္ကန်းရက်လုပ်ပူဇော်ရေးအဖွဲ့(ရန်ကုန်)မှ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးတွင် စေတီတော်လုံးတော်ပြည့် ပတ်လည် ရွှေစင်/ရွှေပြားနှင့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ငွေကျပ် သိန်း ၂၀၀ အား (၁၃၇၇ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့) ၂၈-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် လှူဒါန်းပူဇော်ပြီးဖြစ်ပါ၍ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ရေး အဖွဲ့ဝင်များနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင် ဓမ္မမိတ်ဆွေများအား သာဓု အနုမောဒနာခေါ်ဆိုနိုင်ရန် အသိပေးအပ်ပါသည်။

**မသိုးသင်္ကန်း ရက်လုပ်ပူဇော်ရေးအဖွဲ့(ရန်ကုန်)**

**မိဘအမည်မှန်**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မိဘရိပ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(ဃ)မှ မဆွေဆွေမြင့်၏ မိဘအမည်မှန်မှာ ဦးညွန့်စိုး ၁၄/နေဖ(နိုင်)၁၈၇၈၃၃ နှင့် ဒေါ်ကြည်အေး ၁၄/နေဖ(နိုင်)၀၀၀၃၉၃ တို့ဖြစ်ပါသည်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရွှေပြည်သာမြို့နယ်၊ မကွေး ၄ လမ်း၊ အမှတ် ၆/၁၂/၁၇၅(က)နေ ဦးစောနိုင်တိုး ၁၂/ရပသ(နိုင်)၀၀၅၂၇၀၏သား စောရောဘင်တိုး(ခ)ဆဲမီတိုး ၁၂/ရပသ(နိုင်) ၀၆၀၉၃၉သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်တင်မောင်မောင်ဦး ၁၂/ဥကတ(နိုင်)၁၆၄၉၇၀၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၈၁၉၆၃၆၆၂**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် 9H/6329, Mitsubishi L 200 K74 P/U(4x4)R.H.D Extra Cab ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းတန်ဦး ၁၂/ဥကမ(နိုင်)၀၄၄၅၅၀က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

❍ *ကျောဖုံးမှ*

ဒုတိယပိုင်းအစတွင်လည်း ရန်ကုန်အသင်းက ဖိကစားနိုင်ခဲ့ပြီး တိုက်စစ်မှူး ဆီဇာက ၅၀၊ ၅၄၊ ၅၈ မိနစ်တို့တွင် သုံးဂိုးဆက် သွင်းယူပေးခဲ့သည်။ လေးဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ချင်းအသင်း ချေပဂိုးရရှိရန် ကြိုးပမ်းလာပြီး မက်သရူးက ၆၈၊ ၈၂ မိနစ်တို့တွင် ချေပဂိုးနှစ်ဂိုး ပြန်သွင်းခဲ့သည်။ ရန်ကုန် အသင်းမှာ အနိုင်ရနေသော်လည်း ဂိုးထပ်ရရန်ကြိုးပမ်းခဲ့ပြီး ၈၃ မိနစ်တွင် သန်းပိုင်၊ ၈၇ မိနစ်တွင် ဆီဇာတို့က ဂိုးများထပ်မံသွင်းယူခဲ့သည်။

ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနား ကျင်းပရာ ပထမဆု ရန်ကုန်အသင်းအား ဆုဖလား၊ ဆုကြေးငွေကျပ်သိန်း ၁၀၀၀ နှင့် တစ်ဦးချင်း ဆုတံဆိပ်၊ ဒုတိယဆုရ ရတနာပုံအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၇၅၀၊ တတိယဆုရ မကွေးအသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၅၀၀ တို့ကို တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**ယနေ့ပွဲ**

**သုဝဏ္ဏကွင်း-ညနေ ၄ နာရီ**
နေပြည်တော်-ဟံသာဝတီ

**သုဝဏ္ဏကွင်း-ညနေ ၆ နာရီခွဲ**
မကွေး-ဇွဲကပင်

**အောင်ဆန်းကွင်း-ညနေ ၄ နာရီ**
ရခိုင်-ကမ္ဘောဇ

**ဗထူးကွင်း-ညနေ ၄ နာရီ**
ရတနာပုံ-မနောမြေ

**ကျောက်တိုင်ကွင်း-ညနေ ၃ နာရီခွဲ**
ဧရာဝတီ-ဇေယျာရွှေမြေ



**၂၀၁၅ MNL အမှတ်ပေးချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်း ဆုဖလားလက်ခံယူစဉ်။** ဓာတ်ပုံ-ဖိုးသော်ဇင်

❑ *ကျောဖုံးမှ*

မြန်မာ အားကစားသမားများ ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။ Windsurfing ရွက်လှေပြိုင်ပွဲ အားကစားနည်းကို ၂၀၁၂ တွင်မှ မြန်မာနိုင်ငံသားတို့ စတင်ကစားခြင်းဖြစ်သော်လည်း ၂၀၁၃ ဆီးဂိမ်းတွင် မြန်မာနိုင်ငံသည် အဆိုပါ အားကစားနည်းမှ ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ဆွတ်ခူးနိုင်ခဲ့သည်။

Kiteboarding ကလပ်ပြိုင်ပွဲမှာမူ ပြိုင်ပွဲဝင်ရန် သင့်တင့်သည့် လေတိုက်နှုန်း မရရှိမှုကြောင့် လေ့ကျင့်မှုများဖြင့်သာ ပြီးဆုံးခဲ့ရသည်။ Kiteboarding ကလပ်ပြိုင်ပွဲအား အောက်တိုဘာ ၃၁ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဓာတ်ပုံ-ရဲခေါင်ညွန့်၊ မင်းသစ်



**ငွေဆောင်ကမ်းခြေ၌ ပြုလုပ်သည့် Windsurfing ရွက်လှေပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးအား တွေ့ရစဉ်။**

# မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)က စီစဉ်သည့် မျိုးဆက်သစ် Myanmar Fight မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံ၌ လက်ဝှေ့ဝါသနာရှင်များ အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် စန်းဦး(ခ)ဇ (ဟံသာဝတီသား)နှင့် တာတီး (အမရပူရ)၊ ဖိုးခွား(စွမ်းကေကေ)နှင့် ဝင်းနိုင်(ခ)ရွှေဘ(ဟံသာဝတီ)၊ ကျော်ထက်(ခ)ဥသာကျော် (ဟံသာဝတီ)နှင့် ဇာနည်(အမရပူရ)၊ စွမ်းထက်နိုင်(စွမ်းကေကေ)နှင့် ဒိုးလုံး(အဖြူရောင်သွေးသစ်)၊ ခနုအောင်(အဖြူရောင်သွေးသစ်)နှင့် အောင်ကျော်ကျော်(နဂါးနီ)တို့က သုံးချီပွဲ၊ ဇွဲလင်းအောင်(နဂါးနီ)နှင့် သွေးသစ်မောင်(အဖြူရောင်သွေးသစ်)၊ ထွန်းလွင်မိုး(နဂါးမာန်)နှင့် ဇော်ချစ်အောင်(စွမ်းကေကေ)တို့က လေးချီစိန်ခေါ်ပွဲများ အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# လားရှိုး၌ ဗုံးပေါက်ကွဲသည့်သတင်းနှင့်ပတ်သက်၍ ပြည်သူများထိတ်လန့်မှုမရှိ

**လားရှိုး အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် ဗုံးပေါက်ကွဲသည်ဆိုသောသတင်းနှင့် ပတ်သက်၍ ပြည်သူများက စိုးရိမ်ထိတ်လန့်မှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၉ ရက် ည ၇ နာရီခွဲခန့်က လားရှိုးမြို့ ရပ်ကွက်(၉) အမှတ်(၆၂၆) ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရှေ့ လမ်းမဘေး၌ အသေးစားပေါက်ကွဲမှုတစ်ခုဖြစ်ပေါ်ခဲ့ကြောင်း လူမှုကွန်ရက်သတင်းများ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပေါက်ကွဲမှုမှာ အသေးစားပေါက်ကွဲမှုဖြစ်ပြီး လူနှင့် ယာဉ်ပစ္စည်း တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်းနှင့် မည်သူ၏လက်ချက်ဖြစ်သည်ကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း တာဝန်ရှိသူများထံမှ သိရသည်။



အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် လားရှိုးမြို့ပေါ်၌ သီတင်းကျွတ်အခါဖြစ်သဖြင့် မီးပုံးပျံလွှတ်ခြင်း၊ မီးရှူးမီးပန်းများ လွှတ်ခြင်း၊ ဗြောက်အိုးဖောက်ခြင်းများ ရှိနေသောကြောင့် ဗုံးပေါက်သံနှင့် ဗြောက်အိုးဖောက်သံ မသဲကွဲသဖြင့် ပြည်သူများ စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်ခဲ့ခြင်းမရှိကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုမှာ ရွှေကောက်ပွဲကျင်းပရန် နီးကပ်လာချိန်ဖြစ်သည့်အတွက် မသမာသူများက ပြည်သူများ စိုးရိမ်ထိတ်လန့်စေရန် ရည်ရွယ်၍ ခြောက်လန့်မှုဖြစ်နိုင်ကြောင်း မြို့မိ မြို့ဖ ဦးကျော်က ပြောသည်။ သီတင်းကျွတ်လပြည့်နေ့တွင် လားရှိုးမြို့ပေါ်ရှိ ဘုရား၊ ကျောင်း၊ စေတီများတွင် မီးထွန်းပွဲများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**မမ(လားရှိုး)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ လမ်းအထူးအဖွဲ့(၆)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့လက်အောက်ရှိ လားရှိုး၊ မိုင်းရယ်၊ နမ္မတူ၊ မန်တုံ၊ နမ့်ဆန်၊ သီပေါ၊ နောင်ချို၊ မိုင်းလုံမြို့နယ်များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ် လမ်း၊ တံတားလုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သောကျောက်ရွယ်စုံ၊ ကျောက်ရောမြေ၊ ဖြုန်း၊ သဲ၊ ဘိလပ်မြေ၊ သံချောင်း၊ သစ်နှင့်လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက်(မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၁။ **အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ်(၂) (၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်)
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၁-၁၁-၂၀၁၅ရက် ၁၆း၃၀နာရီ
၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၂-၁၂-၂၀၁၅ရက် နံနက် ၉နာရီ
၄။ **တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - တည်ဆောက်ရေး(၁)၊ လမ်းအထူးအဖွဲ့(၆)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ဖုန်း-၀၈၂-၂၂၆၁၉၊ ၀၉-၄၉၂၅၄၄၁၇၊ ၀၉-၄၇၃၀၆၅၄၀၊ ၀၉-၄၉၈၆၈၇၇၂၊၀၉-၄၀၃၇၃၉၄၉၆၊ ၀၉-၄၇၂၂၀၁၆၀

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးရွေးချယ်ရေးကော်မတီ**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/6710, KIA Bongo III P/U (4x2) L ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင် ၁၂/အလန(နိုင်)၀၁၉၄၇၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်**

**GOLDEN STAR** ခရီးသွားလုပ်ငန်း
ဂျာမနီနိုင်ငံထုတ် MAN ကားသစ်ကြီးများဖြင့်...
ချောင်းသာ တမ်းခြေသို့ (1.11.2015) မှစ၍ နေ့စဉ်ပြေးဆွဲနေပါသည်
☆ကျိုက်ထီးရိုး(နေ့စဉ်) (သံဃာတော်/သီလရှင်အခမဲ့)
☆ငွေဆောင်(သောကြာ) ကားစီးလုံးငှားသည်။
Ph: 209200, 430480, 544383, 703448, 705968

**ဖခင်အမည်မှန်**

ဆိပ်ဖြူမြို့၊ အထက၊ နဝမတန်း(A)မှ မသက်ငုံဖူး၏ ဖခင်အမည်မှန်မှာ ဦးရန်လင်းအောင် ဖြစ်ပါကြောင်း။

**ဦးရန်လင်းအောင်**
၈/ဆဖန(နိုင်)၀၄၆၂၉၇

## CLAIMS DAY NOTICE
## M.V SIERRA NEVADA HIGHWAY VOY:NO(80A)

Consignees of cargo carried by M.V SIERRA NEVADA HIGHWAY VOY: NO. (80A) are here by notified that the vessel will arrive on about 2-11-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုက်နယ်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၁၁-၂၀၁၅ ရက်
**တင်ဒါပုံစံပိတ်ရက်နှင့်အချိန်** - ၃၀-၁၁-၂၀၁၅ ရက်၊ ၁၆း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် ဆေးဝါးအချက်အလက်များကိုသိရှိလိုပါက တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၃၅၈၃၊၀၅၉-၂၃၅၈၄ တွင်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## CLAIMS DAY NOTICE
## M.V POSITIVE PASSION VOY:NO(69)

Consignees of cargo carried by M.V POSITIVE PASSION VOY: NO. (69) are here by notified that the vessel will arrive on about 2-11-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

# လူသားတို့၏ဘဝဗိသုကာအာစရိယဆရာ

ဒေါက်တာအောင်သန်းဝင်း
(အရှေ့တိုင်းပညာ)

**မျက်မှောက်ခေတ်ကို ''ပညာခေတ်'' ဟုခေါ်ကြသည်။ ပညာခေတ်တွင်ပညာသင်ကြားပို့ချပေးသူဆရာများ၏ အခန်းကဏ္ဍသည် မရှိမဖြစ်လိုအပ်လာသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း ဆရာတို့အား အလေးထားလာကြသည်။ မြင့်မြတ်သောဆရာတို့၏ ဂုဏ်ကျေးဇူးကိုဖော်ကျူးလာကြသည်။ ချီးမြှင့်ဂုဏ်ပြုလာကြသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကလည်း နှစ်စဉ် အောက်တိုဘာလ၅ ရက်နေ့ကို ''ကမ္ဘာ့ဆရာများနေ့'' အဖြစ် သတ်မှတ်ကာ နိုင်ငံအလိုက်ဆရာများအား ဂုဏ်ပြုအခမ်းအနားများ ကျင်းပပေးရန်ကြေညာချက်ထုတ်ပြန်ထားသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတွင်လည်း ''ကမ္ဘာ့ဆရာများနေ့'' အား နိုင်ငံတော်က ကြီးမှူး၍ တခမ်းတနားကျင်းပပါသည်။**

နိုင်ငံရေး၊စီးပွားရေး၊ နိုင်ငံတော်ကာကွယ်ရေးအင်အားသုံးရပ် တောင့်တင်းခိုင်မာရေးအတွက်နိုင်ငံသားတိုင်း၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကမဏ္ဍိုင်မှာ ပညာရေးဖြစ်သည်။ ထို့ကြောင့် ပညာရေးကဏ္ဍကိုနိုင်ငံတကာအဆင့်မီမြင့်မားလာရန် တိုးတက်မြှင့်တင်ဆောင်ရွက်ပေးသွားရန် အရေးကြီးသည်။ နိုင်ငံတကာအဆင့်မီပညာရေးအဆင့်အတန်းကိုတက်လှမ်းနိုင်ရန်အတွက် ဆရာများ၏အခန်းကဏ္ဍသည် အရေးကြီးသည်။

အလုံးစုံသောဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင် ပညာသည်သာလျှင် ပဓာန၊ ပညာသည်သာလျှင်အဓိက၊ ပညာသည်သာလျှင် အခရာဖြစ်ပါသည်။ ထို့ကြောင့် ပညာသည်ဖွံ့ဖြိုးတိုးတက်လာမှုအလုံးစုံ၏ရင်းမြစ်ဖြစ်သည်။ အသိပညာကိုဆောင်ကြဉ်းပေးနိုင်သော ဝိဇ္ဇာပညာရပ်ဖြစ်စေ၊ အတတ်ပညာကိုဆောင်ကြဉ်းပေးနိုင်သော သိပ္ပံပညာရပ်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်မှုအလုံးစုံတွင် အပြန်အလှန်အမှီသဟဲပြုလျက်ရှိနေပေသည်။ ထို့ကြောင့် ကျောင်းသင်ခန်းစာမှသည် ဘဝအတွက် သင်ခန်းစာများဖြစ်သွားသည်အထိ ဆရာများက တာဝန်ယူသင်ကြားလေ့ကျင့်ပေးကြရပေမည်။

မြန်မာ့ယဉ်ကျေးမှုအစဉ်အလာအရ အနန္တောအနန္တဂိုဏ်းဝင်ကျေးဇူးရှင်မြတ်ဆရာများအပေါ် အစဉ်လေးစားတန်ဖိုးထားလာစေရန်၊ အာစရိယဆရာများနှင့် ဥပဇ္ဈာယ်ဆရာ၊ အရည်အသွေးများပြည့်ဝသည့် မြတ်ဆရာများ ပိုမိုပေါ်ထွန်းလာစေရန်၊"ဆရာများနေ့" အခမ်းအနားများကိုတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ပြန့်စွာကျင်းပ၍ဆရာများ၏ဂုဏ်ကျေးဇူးကို ဖော်ထုတ်ဂုဏ်ပြုရန် ကမ္ဘာ့ဆရာများနေ့ကို နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။

အင်္ဂုတ္တရနိကာယ၊ သတ္တကနိပါတ်ဒေသနာတော်၊ ဒုတိယမိတ္တာသုတ်တွင် ဆရာကောင်းတစ်ဦးဖြစ်ရန်ကျင့်ကြံရမည့်အချက်များကို ရေးဖွဲ့ထားရှိပါသေးသည်။ ၄င်းတို့မှာအကျင့်သီလနှင့်ပြည့်စုံပြီး ချစ်မြတ်နိုးဖွယ်ရှိရမည်။ သမာဓိနှင့်ပြည့်စုံပြီး အလေးဂရုပြုဖွယ်ရာဖြစ်ရမည်။ ပညာနှင့်ပြည့်စုံပြီး ချီးမွမ်းဖွယ်ရာဖြစ်ရမည်။ တပည့်များမသင့်မလျော်ပြောဆိုပြုမူသည်ကိုတွေ့မြင်လျှင် လျစ်လျူမရှု၊ ကြောင့်ကြပြုပြီး ပြောဆိုဆုံးမနိုင်ရမည်။ သူတစ်ပါးတို့၏ ပြစ်တင်ပြောဆိုမှုဟူသမျှကို သည်းခံနိုင်ရမည်။ နက်နဲသော တရားစကားပြောကြားနိုင်ရမည်။ တပည့်များအား မသင့်မလျော်မလျောက်ပတ်သောအရာတို့ကိုခိုင်းစေမှုမပြုရစသောအချက်များ ပါဝင်ပါသည်။ ယင်းအချက်များနှင့် ကိုက်ညီအောင်ကျင့်ကြံလျှင် ဆရာ၏ဂုဏ်ရောင်သည် ထာဝစဉ်ထွန်းပြောင်နေမည်ဖြစ်သည်။

ဆရာကောင်းများကသာလျှင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကောင်းအောင်ဆောင်ရွက်ပေးနိုင်ပြီး နိုင်ငံအပေါ်သစ္စာစောင့်သိသော အနာဂတ်မျိုးဆက်သစ်ကောင်းများကို မွေးထုတ်နိုင်မည်ဖြစ်သည်။ ဆရာကောင်းဆိုသည်မှာ ကျောင်းစာအပြင်အရာရာကို လမ်းညွှန်သင်ပြဆုံးမပေးနိုင်သောဆရာများကို ဆိုလိုသည်။ မျိုးချစ်စိတ်ဓာတ်ရှိခြင်း၊ ဘာသာရပ်ကျွမ်းကျင်ခြင်း၊ သင်ကြားနည်းပိုင်နိုင်ခြင်း၊ အစဉ်ဉာဏ်ရည်သွေးနေခြင်း၊ ဆရာစိတ်ရှိခြင်းစသည့်အချက်များနှင့်ပြည့်စုံသူကို ဆရာကောင်းဟုခေါ်သည်။ တစ်နည်းအားဖြင့် မိမိတိုင်းပြည်နှင့်လိုက်လျောညီထွေရှိမည့် သင်ကြားနည်းစနစ်ကောင်းများ၊ နိုင်ငံတကာအဆင့်မီသင်ရိုးညွှန်းတမ်းများ၊ သင်ထောက်ကူပစ္စည်းတီထွင်ဖန်တီးမှုများဖြင့် ပညာရည်မြင့်မားရေးတာဝန်ကို ထမ်းဆောင်နေသူများသည် ဆရာကောင်းများပင်ဖြစ်ပါသည်။

ဆရာသည်အသိပညာ၊ အတတ်ပညာသင်ကြားပို့ချပေးသူဖြစ်ရုံမျှသာမကတပည့်များ လိမ္မာရေးခြားရှိပြီး လူကောင်း၊ လူတော်များ၊ လူရည်မွန်၊ လူရည်ချွန်များ ဖြစ်လာအောင်ဆိုဆုံးမသူ၊ ပြုစုပျိုးထောင်သူလည်း ဖြစ်မှသာမြတ်ဆရာဟူ၍ မှတ်ယူခြင်းကိုခံကြရမည်ဖြစ်ပါသည်။ ထို့ပြင် ဘာသာရပ်ဆိုင်ရာ သင်ရိုးများကိုကျွမ်းကျင်ခြင်း၊နိုင်ငံတကာသုံး Communicative Approach အသုံးပြုတတ်ခြင်း၊ သင်ခန်းစာနှင့်ကိုက်ညီသည့်သင်ထောက်ကူပစ္စည်းများ အသုံးပြုတတ်ခြင်း၊ တီထွင်ဖန်တီးတတ်ခြင်း၊ စာသင်ခန်းကို ကောင်းစွာစီမံခန့်ခွဲနိုင်ခြင်းတို့ကိုလည်း လက်တွေ့ဖော်ဆောင်နိုင်သူများဖြစ်ရပါမည်။

ဆရာသည် သင်ရိုးညွှန်းတမ်းများကို နားလည်ရမည်။ ဘာသာရပ်သင်ရိုးညွှန်းတမ်း (Subject Curriculum )၊ အမြုတေသင်ရိုးညွှန်းတမ်း (Core Curriculum)၊ လှုပ်ရှားမှုသင်ရိုးညွှန်းတမ်း (Activity Curriculum ) တို့ကို ကျွမ်းကျင်ရန်အထူးလိုအပ်သည်။ Lesson plan, Teaching plan များ ရေးဆွဲပြီး သင်ကြားရမည်ဖြစ်သည်။

ခေတ်စနစ်ပြောင်းလဲတိုးတက်လာမှုနှင့်အညီ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါသည်။ အခမဲ့မသင်မနေရပညာရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ ပညာသင်ဆုများ၊ ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးခြင်း၊ အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း ကျောင်းသား ကျောင်းသူများထဲမှဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများ ရွေးချယ်ပြီး ပြည်တွင်းပြည်ပလေ့လာရေးခရီးများစေလွှတ်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ ကျောင်းများတွင်ကင်းထောက်လူငယ်များဖွဲ့စည်းပြီး ကာယ၊ ဉာဏ၊စာရိတ္တဖွံ့ဖြိုးလျက် ကိုယ့်အားကိုယ်ကိုးတတ်သော အများအကျိုးဆောင်ရွက်လိုသော၊ နိုင်ငံသားကောင်းများဖြစ်ထွန်းလာစေရန် ဆောင်ရွက်နေချိန်တွင် ဆရာ ဆရာမများ၏တာဝန်မှာလွန်စွာ ကြီးမားလှပေသည်။

အမျိုးဘာသာသာသနာနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်တတ်သော စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားကောင်းမြတ်သော လူငယ်ကလေးများ ပေါ်ထွန်းလာအောင်လေ့ကျင့်သင်ကြားပေးရမည်ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် Electronic ပစ္စည်းကိရိယာများသုံးပြီး လေ့ကျင့်သင်ကြားပေးနေသကဲ့သို့ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဖြစ်သော ကောင်းမြတ်သည့် အတွေးအခေါ်နှင့်သီလ၊ သမာဓိ၊ ပညာစသည်တို့ တိုးတက်စေရန်အတွက်လည်း ဗုဒ္ဓယဉ်ကျေးမှုအခြေခံများကိုလည်း သင်ကြားပေးရမည်ဖြစ်သည်။

**ဆရာသည်အနာဂတ် တည်ဆောက်နိုင်စွမ်းရှိသော လူငယ်လူရွယ်များကို လေ့ကျင့်ပျိုးထောင်ရာတွင် စာသင်ခန်းနှင့်ပြင်ပကမ္ဘာဆက်စပ်ခြင်း၊ မျှော်မှန်းချက်နှင့်တာဝန်ဝတ္တရားများ ထားခြင်း၊ နိုင်ငံအကျိုးပြုဒေသဖွံ့ဖြိုးမှုများ ဆောင်ရွက်ခြင်းစသည်တို့ကို အသုံးချသင်ကြားပေးသင့် . . .**

ပညာအရည်အသွေးသည် ဆရာများ၏ အရည်အချင်းပေါ်မှာတည်မှီ၏ဟူသော အဆိုအမိန့်အရ ပညာရေးလုပ်ငန်းကြီးလည်ပတ်ရေးတွင် ဆရာသည် ပင်မပုဂ္ဂိုလ်ဖြစ်သောကြောင့် စည်းရုံးသူ၊ ဦးဆောင်သူ၊ သင်ပြသူ၊ စံပြအကောင်အထည်ဖော်သူစသည်ဖြင့် ဆရာဂုဏ်အင်မှာစုံလင်လှပါသည်။

ဆရာ ဆရာမတိုင်းသည် မိမိတို့ကျွမ်းကျင်ရာ နှစ်သက်ရာ၊ စိတ်ဝင်စားရာ သုတေသနနယ်ပယ်တို့တွင် အရှိန်အဟုန်မြှင့်၍ သုတေသနပြုကြခြင်းဖြင့် ပညာရပ်နှင့်ပညာရပ်ဝန်းကျင်ကောင်းကိုဖန်တီးနိုင်ပြီး၊ ဘာသာရပ်အလိုက်ပညာရပ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု၊ ဒေသဖွံ့ဖြိုးတိုးတက်မှု၊ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ သင်ကြားရေးနည်းပညာဖွံ့ဖြိုးတိုးတက်မှုစသည့် ရလဒ်ကောင်းများကို ရရှိလာစေမည်ဖြစ်သည့်အပြင် ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ဟူသော ဆောင်ပုဒ်နှင့်အညီနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်သည်။

ဆရာများသည် မိမိတို့ကိုယ်တိုင်စံပြပုဂ္ဂိုလ်များဖြစ်သဖြင့် ဌာနဆိုင်ရာစည်းကမ်းများ၊ လူမှုရေးစည်းကမ်းတို့တွင် အစွန်းအထင်းမရှိအောင်စောင့်ထိန်းခြင်း၊ ဆရာဂုဏ်သိက္ခာထိခိုက်နစ်နာစေမည့် အပြုအမူမှန်သမျှရှောင်ကြဉ်ခြင်းဖြင့် မြင့်မြတ်သည့်ဆရာ့သိက္ခာကိုပြည့်ဝစေနိုင်သည်။ ဆရာသည်အနာဂတ်တည်ဆောက်နိုင်စွမ်းရှိသော လူငယ်လူရွယ်များကို လေ့ကျင့်ပျိုးထောင်ရာတွင် စာသင်ခန်းနှင့်ပြင်ပကမ္ဘာဆက်စပ်ခြင်း၊ မျှော်မှန်းချက်နှင့်တာဝန်ဝတ္တရားများထားခြင်း၊ နိုင်ငံအကျိုးပြုဒေသဖွံ့ဖြိုးမှုများ ဆောင်ရွက်ခြင်းစသည်တို့ကို အသုံးချသင်ကြားပေးသင့်သည်။

ဆရာနှင့်စပ်လျဉ်း၍နီတိကျမ်းတွင်သစ်ပင်၏အရိပ်သည်ချမ်းသာ၏။ ထိုသစ်ပင်အရိပ်ချမ်းသာသည်ထက်ဆွေမျိုးမိဘတို့၏အရိပ်သည်ချမ်းသာ၏။ ထိုဆွေမျိုးမိဘတို့၏အရိပ်ချမ်းသာသည်ထက် ဆရာ၏အရိပ်သည်ပို၍ချမ်းသာ၏ဟုဆိုထားပါသည်။

ဆရာကောင်း၏ အင်္ဂါလက္ခဏာများကိုမန်လည်ဆရာတော်က မာဃဒေဝလင်္ကာသစ်တွင် "ရိုသေချစ်ထိုက်၊ ချီးမွမ်းထိုက်နှင့်၊ လွဲမိုက်ဆုံးမ၊ မေးသမျှခံ၊ ဓမ္မံနက်နဲ၊ ဟောနိုင်မြဲ၍၊ ကျိုးနည်းမတန်း၊ ခုနစ်ခန်းနှင့်၊ ပြည့်လျှမ်းညီညာ၊ ဤဆရာ၊ ရှာဖွေတပည့်ခံ" ဟူ ၍သီကုံးဖွဲ့ဆိုခဲ့ပါသည်။

မှန်ပါသည်။ တပည့်များအတွက်ဆရာကောင်းလိုအပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကုန်ရှုံးလျှင်တစ်ခေါက်၊ လင်ကုန်ရှုံးလျှင်တစ်သက်၊ ဆရာကုန်ရှုံးလျှင် တစ်သံသရာလုံးမှောက်ဟူသော ဆိုရိုးစကားရှိနေသောကြောင့် ဖြစ်ပါသည်။

"နဖူးစွန်းနှင့်၊ ဒူးပွန်းခံကာ၊ ကိုးကွယ်ပါလည်း၊ ဆရာလွဲက၊ ငရဲအပါယ်၊ အမြစ်တွယ်၊ ဝဋ်နွယ်ရှည်လျားရာ " ဟု လယ်တီဆရာတော်ဘုရားကြီးက မိန့်ကြားခဲ့ပါသည်။

ထိုလက်ာအတိုင်းပင် အဇာတသတ်သည် ဆရာရှင်ဒေဝဒတ်ကြောင့် တစ်သံသရာလုံးမှောက်ခဲ့ရသည်။ သံဝရမင်းသားလေးသည် ဆရာကောင်းထံတွင် ဆည်းကပ်ခဲ့မိသောကြောင့် အစ်ကိုတော်၊ နောင်တော်များကို ကျော်လွန်၍ မင်းစည်းစိမ်ကိုရှိခဲ့သည့် သာဓကများလည်းရှိခဲ့သည်။

ဆရာ ဆရာမများသည် ယနေ့ခေတ်နှင့်အညီ ဆရာဗဟိုပြုစနစ်မှ ကျောင်းသားဗဟိုပြုစနစ်သို့ ပြောင်းလဲသင်ကြားပေးနိုင်ရန် လေ့ကျင့်ပြင်ဆင်ထားရမည်ဖြစ်သည်။ ဆရာသည်အသိပညာ၊ အတတ်ပညာ၊ သင်ကြားပို့ချပေးသူ ဖြစ်ရုံမျှသာမက တပည့်များလိမ္မာရေးခြားရှိပြီး လူကောင်းလူတော်များ၊ လူရည်မွန်၊ လူရည်ချွန်များဖြစ်လာအောင် ဆိုဆုံးမသူ၊ ပြုစုပျိုးထောင်သူလည်းဖြစ်မှသာ မြတ်ဆရာဟူ၍ မှတ်ယူခြင်းကို ခံကြရမည်ဖြစ်ပါသည်။

ဆရာ ဆရာမများသည်စာသင်ခန်းစီမံခန့်ခွဲမှုနှင့် စာသင်ခန်းသုံးဘာသာစကားအသုံးပြုမှု၊ စာကြည့်တိုက်နှင့်အခန်းများအသုံးပြုမှု၊ ဘာသာစကားစွမ်းရည်များ ဖွံ့ဖြိုးရန်အတွက် Activities များဆောင်ရွက်မှု၊ သုတေသနဆောင်ရွက်ရန်နယ်ပယ်များနှင့် နည်းစနစ်များစသည့်ကဏ္ဍများကိုလည်း လေ့လာထားရမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများကို ကောင်းစွာသင်ကြားပေးရမည်ဖြစ်သည်။

ပညာရေးအရည်အသွေးမြင့်မားလာစေရန် ဆရာ ဆရာမများ၏တာဝန်များမှာ ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေးပြည့်ဝရေး၊ သင်ရိုးညွှန်းတမ်းနှင့်သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီမြှင့်တင်ဆောင်ရွက်ရေး၊ သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများကို ထိရောက်စွာအသုံးပြုသင်ကြားရေး၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းသတ်မှတ်ချက်များကိုလေးစားလိုက်နာရေးနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာရေးတို့ဖြစ်ပါသည်။

ဆရာ၊ ဆရာမများသည် ကျောင်းပျက်ရက်များလွန်းခြင်း၊ စာသင်ချိန်တွင်စာမသင်ခြင်း၊ စည်းကမ်းမလိုက်နာခြင်း စသည့်အပြုအမူများကိုရှောင်ကြဉ်ရန်အထူးလိုအပ်သည်။ ကျောင်းကိုသာမှီခိုအားထားနေရသည့်ဆင်းရဲသားကျောင်းသားများအတွက် စာသင်ချိန်လျော့နည်းခြင်းသည် ဆိုးရွားသောကိစ္စတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ကျောင်းတက်မှန်ရန် အရေးကြီးသည်။

ပညာအရည်အသွေးသည်ဆရာများ၏အရည်အချင်းပေါ်မှာတည်မှီ၏ဟူသော အဆိုအမိန့်အရ ပညာရေးလုပ်ငန်းကြီးလည်ပတ်ရေးတွင် ဆရာသည် ပင်မပုဂ္ဂိုလ်ဖြစ်သောကြောင့်စည်းရုံးသူ၊ ဦးဆောင်သူ၊ သင်ပြသူ၊ စံပြအကောင်အထည်ဖော်သူစသည်ဖြင့် ဆရာဂုဏ်အင်မှာ စုံလင်လှပါသည်။ နိုင်ငံ၏အနာဂတ်ခေါင်းဆောင်များကို ပုံဖော်မည့်သူများဖြစ်၍ ဆရာ့အရည်အသွေးမြင့်မားရေးသည် အရေးကြီးသည်။

ဆရာများသည် မိမိတို့ကိုယ်တိုင်စံပြပုဂ္ဂိုလ်များဖြစ်သဖြင့် ဌာနဆိုင်ရာစည်းကမ်းများ၊ လူမှုရေးစည်းကမ်းတို့တွင် အစွန်းအထင်းမရှိအောင်စောင့်ထိန်းခြင်း၊ ဆရာဂုဏ်သိက္ခာထိခိုက်နစ်နာစေမည့် အပြုအမူမှန်သမျှရှောင်ကြဉ်ခြင်းဖြင့် မြင့်မြတ်သည့်ဆရာ့ဂုဏ်သိက္ခာပြည့်ဝအောင် နေထိုင်ရမည်ဖြစ်သည်။ ဆရာသည် အနာဂတ်တည်ဆောက်နိုင်စွမ်းရှိသော လူငယ်လူရွယ်များကို လေ့ကျင့်ပြုးထောင်ရာတွင် နိုင်ငံအကျိုးပြုဖွံ့ဖြိုးမှုများ၊ ဒေသအကျိုးပြုဖွံ့ဖြိုးမှုများကိုလည်း ဆောင်ရွက်ရန်အရေးကြီးသည်။

ဆရာသည် အနန္တောအနန္တငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည်။ "တိလောကဟု၊ မရနိုင်းတု၊ ဘက်မပြုသည်၊ သုံးဆူရတနာ၊ မာတာပိတာ၊ ဆရာစသား၊ အရှင်များ" ဟု ရှင်မဟာသီလဝံသကလည်း စပ်ဆိုထားပါသည်။ ရှေးဟောင်းပါဠိကျမ်းဂန်များက "သိဿာနံ ဟိတံအာစရတိ။ ဣတိသဿာ အာစရိယော- တပည့်တို့၏ အကျိုးစီးပွားကိုပြုကျင့်တတ်ပါပေ၏။ ထို့ကြောင့် ဆရာမည်၏" ဟုဖွင့်ဆိုပါသည်။ မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် "ဆရာ၏အဓိပ္ပာယ်ကို သွန်သင်ဆုံးမနည်းလမ်းပြသောပုဂ္ဂိုလ်၊ ပညာပို့ချသင်ကြားပေးသူ" ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ဆရာသည်လူသားများ၏ ဦးသျှောင်အကြီးကျယ်ဆုံးသော ဘဝဗိသုကာပညာရှင်များဖြစ်ကြသည်။ မိမိတပည့်လေးများ၏ ဘဝတိုးတက်ကောင်းမွန်ရေးအတွက် အခြေခံပန္နက်ချပေးပြီး ဂရုတစိုက်တည်ဆောက်ပေးကြသည်မှာဆရာများသာဖြစ်သည်။ ရှေးရှေးသောပညာရှိတို့ကလည်း "ပညာဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ- ပညာဖြင့်အသက်မွေးသောသူ၏ အသက်ရှင်ခြင်းကိုသာလျှင် မြတ်သော အသက်ရှင်ခြင်း" ဟု ဆိုပါသည်။ ထို့ကြောင့်ဆရာ၏အသက်မွေးဝမ်းကျောင်းသည် မွန်မြတ်သန့်စင်ပါပေသည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟူ၍ သိက္ခာ(၃)ရပ်ရှိသကဲ့သို့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ဟူ၍ ဂုဏ်(၃)ရပ်ရှိပါသည်။ သီလကိုမှန်ရောင်၊ သမာဓိကိုကျောက်ဆောင်၊ ပညာကိုတန်ဆောင်ဟု တင်စားလေ့ရှိရာ မြန်မာ့လူ့အဖွဲ့အစည်းတွင် ပညာရေး၏မဏ္ဍိုင်ဖြစ်သည့် ဆရာသည်သိက္ခာ(၃)ရပ်၊ ဂုဏ်(၃)ရပ်နှင့်ညီညွတ်အောင် ကောင်းမွန်စွာစောင့်ထိန်းလိုက်နာကျင့်ကြံကြိုးကုတ် အားထုတ်ရွက်ဆောင်သွားမည်ဆိုပါလျှင် နိုင်ငံတော်ကမျှော်မှန်းသည့် ပညာရေးအရည်အသွေးမြင့်မားလာမည်မှာ မလွဲဧကန်အမှန်ပင်ဖြစ်ပါသည်။

---

## ဗန်းမော်ခရိုင်ဗုဒ္ဓဘာသာလူငယ်အဖွဲ့ (၁၆)ကြိမ်မြောက် ဓမ္မစကြာရွက်ဖတ်ပူဇော်ပွဲကျင်းပ

**ဗန်းမော် အောက်တိုဘာ ၃၀**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဗန်းမော်ခရိုင်ဗုဒ္ဓဘာသာလူငယ်အဖွဲ့၏ (၁၆) ကြိမ်မြောက် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) ဓမ္မစကြာရွက်ဖတ်ပူဇော်ပွဲနှင့်ဆီမီး ၂၀၀၀ ပူဇော်ပွဲကို အောက်တိုဘာ ၂၈ ရက် (သီတင်းကျွတ်လပြည့်)နေ့တွင် ကျင်းပခဲ့ရာ ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်၊ မိုးမောက်၊ မံစီ၊ ရွှေကူမြို့နယ်များနှင့် ဒေါ့ဖုန်းယန် မြို့နယ်ခွဲအတွင်းရှိကျေးရွာ ၅၁ ရွာမှ ဗုဒ္ဓဘာသာလူငယ်မောင်မယ် ၂၀၀ တက်ရောက်ပူဇော်ခဲ့ကြသည်။ ရှေးဦးစွာ သိမ်မဟာစေတီတော်မြတ်ရင်ပြင်၌ အဘိဓမ္မာအခါတော်နေ့ဆိုင်ရာ ပဏာမအာသီသစာတမ်းဖတ်ကြားပြီး ရှစ်ပါးသီလခံယူကြသည်။ ဆက်လက်၍ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တပညိန္ဒလင်္ကာရထံမှ ဩဝါဒခံယူ၍ ဗုဒ္ဓဘာသာလူငယ်မောင်မယ်များက ရှစ်လုံးဘွဲ့ကဗျာများ၊ ရတုများ အဘိဓမ္မာအခါတော်နေ့ကျူးရတနာများကို ရွတ်ဖတ်ပူဇော်ကြသည်။ ညပိုင်းတွင် ဗန်းမော်မြို့နှမ့်ဖားရပ်ကွက် ဝိသဋ္ဌမင်္ဂလာကျောင်းသိမ်မဟာစေတီတော်မြတ်အားဆီမီး ၂၀၀၀ ပူဇော်ခဲ့ကြောင်း သိရသည်။

ဝဝဝ(ဗန်းမော်)

# ကျောက်စိမ်းစေတီတော်၌ ဘုရားဖူးများဖြင့် စည်ကား



**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွှာမြင်းမှုးတွင် တည်ထားကိုးကွယ်ထားသည့် ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီးအား အောက်တိုဘာ ၂၈ ရက် (သီတင်းကျွတ်လပြည့်)က အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"သီတင်းကျွတ်လပြည့်နေ့မှာ ကျောက်စိမ်းစေတီတော်မြတ်ကြီးကို အနယ်နယ်အရပ်ရပ်က လာရောက်ဖူးမြော်သူတွေ ကြိတ်ကြိတ်တိုးစည်ကားလှပါတယ်။ ပုံမှန်နေ့ရက်တွေမှာလည်း ကျောက်စိမ်းစေတီတော်မြတ်ကြီးကို လာရောက်ဖူးမြော်သူတွေ မပြတ်ဘူး။ နေ့စဉ်ဘုရားဖူးဧည့်သည်တွေနဲ့ စည်ကားပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

**ချမ်းသာ (မိတ္ထီလာ)**



# ပဝါရဏာသိမ်ဆင်းဆွမ်းလောင်းလှူပွဲကျင်းပ

**နတ်မောက် အောက်တိုဘာ ၃၀**

နတ်မောက်မြို့ ဆုတောင်းပြည့်ဘုရားကြီးကျောင်းတိုက်ဆရာတော်ဦးဥပ္ပလဦးစီး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၈)ကြိမ်မြောက် ပဝါရဏာ သိမ်ဆင်းဆွမ်းလောင်းလှူပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ လောင်းလှူပွဲတွင် ဘုန်းတော်ကြီးကျောင်းကိုးကျောင်းမှ ပင့်သံဃာအပါး ၉၀ တို့အား နဝကမ္မဝတ္ထုငွေများ၊ ဗလာစာအုပ်၊ ဘောပင်၊ ဆပ်ပြာ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များနှင့်ဆွမ်းဆန်များကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရုံးဝန်ထမ်းမိသားစုများ၊ မြို့ပေါ်(၇)ရပ်ကွက်ရှိ ပြည်သူများ စုပေါင်းလှူဒါန်းကြကြောင်း သိရသည်။

**လှဝင်း (ပြန်/ဆက်)**

# ပုလဲမြို့ သမိုင်းဝင်ဆင်မြတ်ရှင်ဘုရားဗုဒ္ဓပူဇနိယမဟာဒုက်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ပုလဲ အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့တွင် (၈၆)ကြိမ်မြောက် သမိုင်းဝင် ဆင်မြတ်ရှင်ဘုရားဗုဒ္ဓပူဇနိယမဟာဒုက်ပွဲတော်ကို (အောက်တိုဘာ ၃၁ ရက်) (သီတင်းကျွတ်လပြည့်ကျော် ၃ ရက်မှ ၅ ရက်) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

၁၉၃၁ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့သည်မှာ (၈၆)ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း၊ ယမန်နှစ်ကဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များ၊ ပုဂ္ဂလိက အလှူရှင်များနှင့် ကျေးရွာများမှ လှူဒါန်းမှုကြောင့်သပိတ်လုံးပေါင်း ၄၇ လုံးနှင့် အလှူငွေပေါင်းသိန်း ၉၀ကျော်ရရှိခဲ့ကြောင်း ဆင်မြတ်ရှင်ဘုရားဂေါပကအဖွဲ့ဝင် တစ်ဦးက ပြောသည်။

ဘုရားပွဲကိုသီတင်းကျွတ်လပြည့်ကျော် ၃ရက်ညမှ စတင်၍ မြို့ပေါ်ရပ်ကွက်များတွင် ကျင်းပမည်ဖြစ်ပြီးသီတင်းကျွတ်လပြည့်ကျော် ၄ရက် နံနက်ပိုင်းတွင် အလှူရှင်များ လှူဒါန်းသည့် ဆွမ်းသပိတ်လုံးများနှင့် လှူဖွယ်ပစ္စည်းများ၊ ပဒေသာပင်များဖြင့် လှည့်လည်ကာ နံနက်ပိုင်းတွင် ပင့်သံဃာအပါး ၅၀ကျော်နှင့်ဆင်မြတ်ရှင်ဘုရား၏ မြသပိတ်တော်ကို စာရေးတံမဲဖောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# လူစုလူဝေးအားစနစ်တကျထိန်းသိမ်းရာတွင် လက်နက်ခဲယမ်းများ ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနည်းဆင့်ပွားသင်တန်းများဖွင့်

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ(၂)၌ အောက်တိုဘာလ နောက်ဆုံးပတ်က လူစုလူဝေးအား စနစ်တကျထိန်းသိမ်းရာတွင် လက်နက်ခဲယမ်းများကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနည်းဆင့်ပွားသင်တန်း အမှတ်စဉ်(၉/၂၀၁၅)ဖွင့်ပွဲကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးယာယီရဲမှူးချုပ်ဝင်းနိုင်က သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီး အလားတူဆင့်ပွားသင်တန်းများ ဖွင့်လှစ်ရာ အရှေ့ပိုင်းခရိုင်၌ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိ အစည်းအဝေးခန်းမ၌လည်းကောင်း၊ အနောက်ပိုင်းခရိုင်၌ စမ်းချောင်းမြို့နယ်ရဲတပ်ဖွဲ့ရှိရဲကျော်စွာခန်းမ၌လည်းကောင်း၊ တောင်ပိုင်းခရိုင်၌ သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးရှိ အစည်းအဝေးခန်းမ၌ လည်းကောင်း၊ မြောက်ပိုင်းခရိုင်၌ အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးရှိ အစည်းအဝေးခန်းမ၌လည်းကောင်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းများကို အောက်တိုဘာ ၂၆ ရက်မှ ၃၀ ရက်အထိဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သီတင်းကျွတ်လပြည့်နေ့ပုဂံဒေသ ဘုရားဖူးများဖြင့် စည်ကား

**ညောင်ဦး အောက်တိုဘာ ၃၀**

သီတင်းကျွတ်လပြည့်နေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေဒေသအတွင်းရှိ အထင်ကရနေရာများနှင့်ရှေးဟောင်းတန်ခိုးကြီးဘုရားများဖြစ်သည့် ရွှေစည်းခုံ၊ အလိုတော်ပြည့်၊ အာနန္ဒာ၊ ဗူးဘုရား၊ သဗ္ဗညု၊ ကန်တော့ပလ္လင်၊ မြစေတီ၊ မနူဟာ၊ လောကနန္ဒာ၊ ဓမ္မရာဇက၊ ဓမ္မရံကြီး အစရှိသည့် တန်ခိုးကြီး ဘုရားစေတီများတွင် ပန်းဆီမီးလာရောက်ဆပ်ကပ်လှူဒါန်းကြသည့် ဒေသခံပြည်သူများနှင့် ပြည်တွင်းဘုရားဖူးဧည့်သည်များ အထူးစည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ထို့အပြင် မြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးတို့မှ စေတီပုထိုး



များနှင့် ဓမ္မာရုံများတွင် အဘိဓမ္မာ ဒေသနာ အထူးပြုပူဇော်ပွဲ၊ ဝါကျွတ် ပဝါရဏာပွဲတော်၊ ဆီးမီးထွန်းပွဲတော်များဖြင့် ပူဇော်ခြင်းတို့အပြင် ရပ်ကွက်အသီးသီးမှ ဓမ္မစကြာဝတ်အသင်းများက ဝတ်ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

# သမဝါယမအသင်း ဘဏ္ဍာနှစ်ဆိုင်ရာစည်းဝေး

**ကျွန်းလှ အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သမဝါယမအသင်းစုကကြီးမှူးကျင်းပသော ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အောက်တိုဘာ ၂၉ ရက်က မြို့နယ်သမဝါယမဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အတွက် အမှုဆောင်လုပ်ငန်းကော်မတီအစီရင်ခံစာနှင့် လက်ကျန်ရှင်းတမ်းကို ဖတ်ကြားပြီး အသင်းသားများ၏ မေးမြန်းမှုများကို တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားခဲ့သည်။ ကျွန်းလှမြို့နယ်တွင် ကျေးရွာပေါင်း ၁၁၁ ရွာမှ စိုက်/ထွေသမဝါယမအသင်း ၁၀၄သင်းရှိပြီး အသင်းသားပေါင်း ၇၆၇၂ဦးတို့အား စတုတ္ထအကြိမ်အဖြစ် Eximbank ချေးငွေကျပ် ၁၀၅၉ ဒသမ ၉၅ သန်းထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# အများပြည်သူ ဝန်ဆောင်မှု (OSS) ရုံးဖွင့်ပွဲကျင်းပ

**တံတားဦး အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop OSS ဖွင့်ပွဲကို အောက်တိုဘာ ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပကြောင်း သိရသည်။

OSS ရုံးဖွင့်ပွဲတွင် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရုံးတာဝန်ခံဦးအောင်ကြည်တိုးက ဌာနဆိုင်ရာများ၏ လုပ်ငန်းများကို "ပြည်သူ့အတွက် OSS "ဟူသော ဆောင်ပုဒ်နှင့်အညီ ကူညီဆောင်ရွက်ပေးစေလိုကြောင်း မှာကြားသည်။

အဆိုပါရုံးတွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့်မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနတို့ ပါဝင်ကြောင်း၊ ပြည်သူများ၏လိုအပ်ချက်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ရဲတင့် (ပြန်/ဆက်)**

# အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာများ ပေးအပ်လှူဒါန်း

**နမ့်ဆန် အောက်တို ဘာ ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း ရွှေဖီဦးခန်းမဆောင်၌ကျင်းပရာ ဒေသဦးစီးဥက္ကဋ္ဌ ဦးမောင်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးချစ်သန်းက ကျောင်းသားလူငယ်နှင့်အိုင်တီနည်းပညာ အရေးကြီးပုံများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင်များလှူဒါန်းသည့်ကွန်ပျူတာ ၁၅ စုံနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်းငွေကျပ် ၅၂ သိန်းကို အလှူရှင်များက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်မိုး(ပြန်/ဆက်)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အပ်ချုပ်သင်တန်းဆင်း

**လှိုင်ကော် အောက်တိုဘာ ၃၀**

လှိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အဆင့်မြင့်အပ်ချုပ်စက်သင်တန်းဆင်းပွဲကို လှိုင်ကော်မြို့နယ် မိုင်ပကြဲစံပြကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၂၇ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေက အမှာစကားပြောကြားသည်။

"အခုလို စက်ချုပ်သင်တန်းတက်ခွင့်ရတဲ့အတွက် အလွန်ဝမ်းသာမိပါတယ်။ ရပ်ရွာအထိ သင်တန်းပို့ချပေးရုံသာမက သင်တန်းသုံးပစ္စည်းတွေ၊ ပိတ်စတွေလည်း အခမဲ့ထောက်ပံ့ပေးလို့ ကျေးဇူးတင်ပါတယ်။ အရင်ကတော့ စက်ချုပ်တယ်ဆိုတာဘာမှမသိခဲ့တဲ့ ဘဝနဲ့အခုကျွမ်းကျွမ်းကျင်ကျင် စက်ချုပ်သမားဘဝကို ပိုင်ဆိုင်ခွင့်ရလို့ ဝမ်းသာမိပါတယ်" ဟု သင်တန်းသူတစ်ဦးက ပြောသည်။

**ရဲနောင်(လှိုင်ကော်)**

# ယောဒေသရိုးရာဓလေ့ပွဲတော် မီးကြာလှည့်ပွဲနှင့် သနပ်ခါးပါးတို့ပွဲ ဆောမြို့နယ်တွင် လူငယ်များဆင်နွှဲ

ဆော အောက်တိုဘာ ၃၀

ဂန့်ဂေါခရိုင် ဆောမြို့၌ အောက်တိုဘာ ၂၇ ရက်က ယောဓလေ့ပွဲတော်တစ်ခုဖြစ်သည့် မီးကြာလှည့်ပွဲနှင့် သနပ်ခါးပါးတို့ပွဲကျင်းပရာ အနီးပတ်ဝန်းကျင်ရပ်ကွက်/ကျေးရွာများမှ လူငယ်မောင်မယ် ၅၀၀၀ ကျော်တို့ ပါဝင်ဆင်နွှဲကြသည်။ အဆိုပါပွဲတော်ကို ဝါလကင်းလွတ်သည့်ကာလမှ တန်ဆောင်မုန်းလပြည့်နေ့အထိ သင့်တော်ရာနေ့ရက်တွင် နှစ်စဉ်ကျင်းပလေ့ရှိပြီး အဆိုပါပွဲတော်တွင် ဝက်ပါလှည့်၍ပူဇော်ခြင်း၊ ဗုဒ္ဓဆင်းတုတော်များ ဒေသစာရီလှည့်လည်ပူဇော်ခံခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပခြင်း၊ မီးကြာလှည့်ပွဲကျင်းပခြင်း**(ယာပုံ)**၊ စတုဒိသာကျွေးမွေးဧည့်ခံခြင်းတို့ကိုလည်း ထည့်သွင်းကျင်းပလေ့ရှိရာ ဆောမြို့တွင် ကျင်းပသည့်ပွဲတော်ကို အောက်တိုဘာ ၂၉ ရက်ထိ ကျင်းပကြသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ယောအရပ်ဒေသဖြစ်သော ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထု၊ ကျောမြို့နယ်များတွင် နှစ်စဉ်ကျင်းပလေ့ရှိသည့် မီးကြာလှည့်ပွဲဖြင့် ဆီမီးပူဇော်ခြင်းနှင့် ရပ်ကွက်/ကျေးရွာ လုံးကျွတ်ဆီမီးပူဇော်ခြင်းတို့မှာ လူသိများသည်။

ယောဓလေ့ သနပ်ခါးပါးတို့ပွဲတွင် ရွာခံအမျိုးသမီးများသည် ပတ်ဝန်းကျင်ကျေးရွာမှ မီးကြာလှည့်ပွဲဖြင့် ပါဝင်ဆင်နွှဲသည့် မီးကြာကိုင် လှပျိုဖြူများအား သနပ်ခါးဖြင့် ပါးကိုတို့ခြင်းဖြစ်သည်။ ပတ်ဝန်းကျင်ကျေးရွာမှ မီးကြာဖြင့် စီတန်းလှည့်လည်လာသော မီးကြာကိုင်အမျိုးသမီးများ ဆီမီးပူဇော်မည့် စေတီပုရိဂုဏ်အနီးသို့ ရောက်လာသည့်အခါ အသင့်စောင့်နေသည့် အိမ်ရှင်အမျိုးသမီးများက ရင်းနှီးစွာနှုတ်ဆက်စကားပြောဆို၍ မီးကြာကိုင်အမျိုးသမီးများ၏ ပါးပြင်တစ်ဖက်တစ်ချက်ကို သနပ်ခါးတို့ဖတ်ဖြင့် အသာတို့ လိုက်ခြင်းဖြစ်သည်။ လုလင်ပျိုနှစ်ယောက်က မှန်တစ်ချပ်ဖြင့် ဆီးတားပြီး မှန်ကိုကြည့်စေ၍ သနပ်ခါးများညီညာ လှပအောင်ပြင်ဆင်စေသည်။ ပြင်ဆင်ပြီးလျှင် မှန်ကိုအသာ မပေးလိုက်သည်။ မှန်တန်း ၁၅ တန်းခန့် ကျော်ဖြစ်ပြီး



လျှင် ဘုရားစေတီတွင် ဆီမီးပူဇော်ကြပြီး ရေစက်သွန်းချအမျှ ပေးဝေကြသည်။

အဆိုပါ မီးကြာလှည့်ပွဲနှင့် သနပ်ခါးပါးတို့ပွဲကျင်းပနိုင်ရန် ရောင်စုံစက္ကူနှင့် မှန်ရောင်စက္ကူတို့ကို နီးဖြင့် ပေါင်းစပ်လျက် ကြာပွင့်သဏ္ဌာန်မီးကြာခွက်များ၊ ပန်းကြာများ၊ မုလေးပွားများ ကြက်လျှာများကို ကြိုတင်ပြုလုပ်ကြလျက် မီးကြာလှည့်ပွဲလိုက်ပါနိုင်ရန် ကြိုတင်ဖိတ်ကြားကြရသည်။

အဆိုပါ သနပ်ခါးပါးတို့ပွဲကျင်းပခြင်းဖြင့် တစ်ရွာနှင့်တစ်ရွာ ရင်းနှီးချစ်ကြည်မှု ပိုမိုစေခြင်း၊ စည်းလုံးညီညွတ်မှုပိုမိုစေခြင်း၊ တစ်ဦးနှင့်တစ်ဦး ယဉ်ယဉ်ကျေးကျေးဆက်ဆံတတ်ခြင်းတို့ကို ရရှိစေသည့် ယောအရပ်ဒေသ၏ ရိုးရာဓလေ့ဖြစ်ကြောင်း သိရသည်။

(၁၀၁)

# ဘဝတူအဖော်များဖြစ်ကြတဲ့ အထီးကျန်ဘိုးဘွားများနားခိုရာ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-တင်လှမောင်**

ရန်ကုန် အောက်တိုဘာ ၃၀

**ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းနှင့် ပါရမီလမ်းထောင့်ဖြစ်သော ချော်တွင်းကုန်းမှတ်တိုင်အနီးရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကြီးမှာ ကျယ်ဝန်းစိမ်းလန်းသောခြံဝန်းကြီးအတွင်း တည်ငြိမ်အေးချမ်းစွာတိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။**



သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာကြီးအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၁၃ ခုနှစ် နိုဝင်ဘာလတတိယပတ်က စတင်ဖွင့်လှစ်ခဲ့ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ သက်ကြီးရွယ်အို ဘိုးဘွားများအား လူမှုရေးစနစ်များဖြင့် ကာကွယ်စောင့်ရှောက်မှုပေးခဲ့သည်မှာ ယနေ့အချိန်ထိဆို နှစ်နှစ်နီးပါးရှိလာခဲ့ပြီဖြစ်သည်။

အဆိုပါ ဂေဟာအုပ်ချုပ်ရေးမှူး ဒေါက်တာကေသီကျော်က "သက်ကြီးဘိုးဘွားများအနေနဲ့ ဆွေမျိုးသားသမီးတွေရှိသော်ငြားလည်း နေ့လယ်ပိုင်းဆို နေအိမ်မှာ တစ်ဦးတည်း အထီးကျန်စွာနေထိုင်နေရတဲ့ အသက် ၇၀ နှစ် နှင့်အထက် မီးစာကုန် ဆီခန်းဘဝကို ရောက်သွားကြရတဲ့ ဘိုးဘွားတွေကို ဒီဂေဟာကြီးမှာ စုစည်းပြီး အခမဲ့စောင့်ရှောက်မှုလုပ်ငန်းတွေကိုဆောင်ရွက်ပေးနေတာပါ။ ဒီစောင့်ရှောက်မှုတွေကို ခံယူနိုင်ဖို့လည်းဘိုးဘွားတွေကို ဂေဟာကြီးက အမြဲတမ်း ကြိုဆိုနေပါတယ်"ဟု ဆိုသည်။

သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကြီးအတွင်း ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ မရမ်းကုန်း၊ တောင်ဒဂုံ၊ မြောက်ဒဂုံ၊ ရန်ကင်းနှင့် အင်းစိန်မြို့နယ် အစရှိသည်တို့မှ သက်ကြီးရွယ်အို ဘိုး ဘွားများမှာ ဂေဟာအတွင်း နေ့ပိုင်းစောင့်ရှောက်မှုအား ခံယူလျက်ရှိသည်။ ဂေဟာအတွင်း မှတ်ပုံတင်ထားသော ဘိုး ဘွား ၁၇၀ ရှိပြီး လက်ရှိအနေအထားအရ နေ့စဉ် ၇၀ ခန့် စောင့်ရှောက်မှုခံယူလျက်ရှိကြောင်းနှင့် ဘိုးဘွားများအတွက် ဂေဟာမှ ကြို/ပို့ ယာဉ်စီစဉ်ပေးထားကြောင်း သိရသည်။

စောင့်ရှောက်မှု ခံယူလျက်ရှိသည့် ဘိုးဘွားများအတွက် နေ့စဉ် နံနက် ၉ နာရီခွဲတွင်တစ်ကြိမ်၊ နံနက် ၁၁ နာရီခွဲတွင်တစ်ကြိမ်နှင့် ညနေ ၃ နာရီခွဲတွင်တစ်ကြိမ်တို့ဖြင့် နံနက်ပိုင်းအဆာပြေနှင့် နေ့လယ်၊ ညနေပိုင်းအတွက် ထမင်းနှစ်ကြိမ် ကျွေးမွေးခြင်းတို့ကို ဂေဟာမှ အာဟာရဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင်ဂေဟာအတွင်းရှိ ဘိုး ဘွားများမှာ ဘုရားခန်း၌ တရားထိုင်ပုတီးစိတ်ခြင်း၊ စာကြည့်တိုက်တွင် စာအုပ်၊ စာပေဖတ်ခြင်း၊ ကွန်ပျူတာ၊ အင်တာနက်အသုံးပြုခြင်း၊ ကျားထိုးခြင်းနှင့် စစ်တုရင်ထိုးခြင်းတို့အား ဝါသနာပါရာလုပ်ဆောင်နိုင်ကြကာ ရုပ်/သံအစီအစဉ်များ ကြည့်ရှုနိုင်ကြခြင်းနှင့် ကာရာအိုကေသီချင်းများ ဝိုင်းဖွဲ့သီဆိုနိုင်ကြခြင်း**(အပေါ်ပုံ)**တို့ဖြင့် လွတ်လပ်စွာ အနားယူနိုင်ကြစေရန်အတွက် ဂေဟာမှစီစဉ်ဆောင်ရွက်ပေးထားသည်။

ကျန်းမာရေးစောင့်ရှောက်မှုအတွက် အထွေထွေရောဂါကုဆရာဝန်နှစ်ဦး၊ သွားဆရာဝန်တစ်ဦး၊ အကြောပြင်ဆရာတစ်ဦး၊ တိုင်းရင်းဆေးဆရာတစ်ဦးနှင့်သူနာပြု ဆရာမတစ်ဦးတို့က ဘိုးဘွားများအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ အရေးတကြီးစိုးရိမ်ဖွယ်ရာ လူနာများအား ဆေးရုံများနှင့်တိုက်ရိုက်ချိတ်ဆက်၍ လူနာတင်ယာဉ်များဖြင့် ပို့ဆောင်ပေးနိုင်စေရန်အတွက် ဂေဟာမှ စီစဉ်ဆောင်ရွက်ပေးထားသေးသည်။ ဂေဟာအတွင်းစောင့်ရှောက်မှုခံယူနေသော ဘိုးဘွားများအတွက် ကျန်းမာရေးပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ကုသပေးနိုင်စေရန်အတွက် ထိုဂေဟာဝင်းကြီးအတွင်း၌ ဘိုး ဘွားဆေးရုံတစ်ခု ဆောက်လုပ်ရန် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် မျှော်မှန်းထားကြောင်း ဂေဟာတာဝန်ရှိသူတစ်ဦးက ပြောသည်။

"တစ်ချိန်တုန်းကတော့ အင်အားအပြည့်နဲ့ မိသားစုအတွင်းမှာ တက်ကြွစွာ ဦးဆောင်နိုင်ခဲ့ပါတယ်။ အခုအသက်ကြီးလာတော့ နားတွေလေး မျက်စိမှုန်လာတဲ့ အဘိုးကြီးဖြစ်လာတော့ ဘာမှမလုပ်နိုင်တော့ဘူးလေ၊ အိမ်မှာပဲတကုပ်ကုပ်နဲ့ နေနေရတယ်၊ အဘရဲ့ဇနီးကလည်း ဆုံးတာခုနစ်နှစ်ရှိပြီ၊ သားသမီးတွေကလည်း သူတို့အလုပ်နဲ့ သူတို့အချိန်ပြည့် မစောင့်ရှောက်နိုင်ကြဘူးလေ၊ ကိုယ့်ဘာသာ ကိုယ့်အားကိုယ်ကိုးပြီး ပုတီးစိတ်၊ တရားထိုင်နဲ့ အထီးကျန်ဘဝတစ်ခုကို ပိုင်ဆိုင်နေရတဲ့ အချိန်မှာ အခုရောက်နေတဲ့သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကိုရောက်တော့မှ ဒီမှာ အဘလို ဘဝတူ ဘိုး ဘွားတွေ အများကြီးရောက်နေကြတာ တွေ့ရတယ်၊ စိတ်ထဲမှာ ဝမ်းနည်းလာမိသလိုလိုနဲ့ ပျော်လာမိပြန်တယ်၊ ဘာပဲဖြစ်ဖြစ် ဘဝတူ အဖော်တွေ ရပြီဆိုတော့ သားသမီးအကြောင်း၊ ဘဝဖြတ်သန်းခဲ့မှုအကြောင်းတွေ ပြောဖြစ်ကြပြန်တယ်၊ တရားဓမ္မမိတ်ဆွေတွေလည်း တိုးလာခဲ့ပါတယ်၊ ဘိုးဘွားတွေရဲ့ နောက်ဆုံးနေဝင်ချိန်လေးမရောက်မီကာလလေးတစ်ခုမှာ ကိုယ့်သားသမီး၊ ဆွေမျိုးတွေတောင် မပေးနိုင်တဲ့ စောင့်ရှောက်မှုကိုပေးတဲ့ ဒီဂေဟာကြီးက တာဝန်ရှိလူကြီးမင်းများ၊ ဝန်ထမ်းများအားလုံးကို အများကြီး ကျေးဇူးတင်ပါတယ်လို့ ပြောပေးပါ" ဟုမြောက်ဒဂုံမြို့နယ်နေ အဘိုးတစ်ဦးကအသံတုန်တုန်ရီရီဖြင့် ပြောဆို၍ ရုပ်/သံသီချင်းဆိုခန်းအတွင်းသို့ ဝင်သွားသည်။

ဘိုး ဘွားများ၏နေ့စဉ် နေရေး၊ စားရေး၊ သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် အခြားကိစ္စရပ်များ အပါအဝင် ဝန်ထမ်းများစရိတ်မှာ တစ်လလျှင် စုစုပေါင်း ငွေကျပ်သိန်း ၅၀ နှင့်အထက်ကုန်ကျကြောင်း သိရပြီး ကုန်ကျငွေကို ဌာနမှ အကုန်ကျခံကြောင်းသိရသည်။ ဘိုး ဘွားများအတွက်စေတနာရှင်၊ အလှူရှင်များမှလည်း လာရောက်လှူဒါန်းနိုင်ကြပြီး ထမင်းတစ်နပ်လျှင် ငွေကျပ် ၃၅၀၀၀ နှင့် တစ်ရက်တာအတွက် သုံးနပ်စာကို ငွေကျပ်တစ်သိန်းတို့ဖြင့် ကိုယ်တိုင်ကိုယ်ကျလာရောက်လှူဒါန်းနိုင်ကြကြောင်း သိရသည်။ အသေးစိတ်သိရှိလိုပါက ဂေဟာ၏ ဖုန်းနံပါတ် ၀၁-၆၅၇၉၁၄ နှင့် ၀၁-၆၅၇၀၁၃ တို့အား ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်းနှင့် သက်ကြီး ရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကြီးမှ ဘိုး ဘွားများက လာမည့် ဘဝတူအဖော်သစ်များဖြစ်ကြသည့် မီးစာကုန်ဆီခန်း အထီးကျန်ဘိုး ဘွားများအား ဘဝဖြတ်သန်းခဲ့မှုအကြောင်းများကို ပြောချင်၊ နားထောင်ချင်သည့်အတွက် စောင့်မျှော်နေဆဲဖြစ်ကြောင်း သိရသည်။



ရန်ကုန်မြို့ ချော်တွင်းကုန်းမှတ်တိုင်အနီးရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို တွေ့ရစဉ်။

# မဟာသန္တိသုခရုပ်ပွားတော်မြတ်ကြီးအား ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်



**မူဆယ် အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့တွင် သီတင်းကျွတ်လပြည့်ညက မြို့ပေါ်ရှိ ဘုရားစေတီများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ကုသိုလ်ပြုသူများ၊ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်းသိရသည်။ မူဆယ်မြို့ရှိ လွယ်တိန်ခမ်းတောင်၊ နာဂရာမြောင်လိုဏ်ဂူတော် ရွှေသမင်ကျောင်း (၁၀၅)မိုင် ရန်တိုင်းအောင်စေတီတော်၊ ပြည်တော်ပြန်ဘုရား၊ နဂါးရုံဘုရားနှင့် မဟာသန္တိသုခရုပ်ပွားတော်မြတ်ကြီးတို့သို့ နမ့်ခမ်း၊ ရွှေလီမြို့များမှ ဘုရားဖူးများ၊ မိသားစုအလိုက်၊ အဖွဲ့လိုက် လာရောက်ခဲ့ကြကြောင်းလည်း သိရသည်။

သီတင်းကျွတ်လပြည့်ညပိုင်းက မဟာသန္တိသုခ ရုပ်ပွားတော်မြတ်ကြီးအား ဆီမီးငါးထောင် ထွန်းညှိပူဇော်ပွဲကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မူဆယ်ခရိုင်သာသနာရေးမှူးတို့က ဦးဆောင်၍ အဖြူရောင်လက်များ အဝေးရောက်မြန်မာရွှေလီကျယ်ဂေါင် ပရဟိတလူငယ်အဖွဲ့နှင့် အခြားအသင်းအဖွဲ့များ၊ ဘုရားဖူးလာပြည်သူများက ဆီမီးထွန်းညှိပူဇော်ခဲ့ကြသည်။ မူဆယ်မြို့ ဂီတအစည်းအရုံး ဒုဥက္ကဋ္ဌ ဦးမျိုးခိုင် (မျိုးခိုင်-မူဆယ်)နှင့် အမှုဆောင် ဒေါ်ချိုချိုဝေတို့က ဓမ္မပူဇာတေးထပ်ကဗျာများဖြင့် ပူဇော်ခဲ့ကြကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

# မဲရုံနှင့် ဆက်စပ်ပစ္စည်းများ ဖြန့်ဝေပေးနိုင်ရေး စစ်ဆေး

**ပုသိမ်ကြီး အောက်တိုဘာ ၃၀**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးတွင် မဲရုံများ၌ အသုံးပြုရန် မဲပုံးများနှင့် ဆက်စပ်ပစ္စည်းများ ဖြန့်ချိနိုင်ရန် စစ်ဆေးဆောင်ရွက်ခြင်းကို အောက်တိုဘာ ၂၇ ရက်က ပုသိမ်ကြီးမြို့ စိုက်ပျိုးရေးဦးစီးဌာန ဂိုဒေါင်အတွင်း ကြည့်ရှုစစ်ဆေးကြသည်။

ပုသိမ်မြို့နယ်တွင် ကျေးရွာ ၅၉ အုပ်စု၊ မဲရုံပေါင်း ၁၄၆ ရုံသို့ အောက်တိုဘာ ၃၀ ရက်ကမဲရုံနှင့် ဆက်စစ်ပစ္စည်းများ စနစ်တကျဖြန့်ဝေသွားခဲ့ကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

# နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်အဆိုပြုလွှာနှင့် ဝတ်စုံပေးအပ်

**နေပြည်တော် အောက်တိုဘာ ၃၀**

ဒက္ခိဏသီရိမြို့နယ် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ရုံး၌ အောက်တိုဘာနောက်ဆုံးပတ်က နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့က အမျိုးသမီးရေးရာအဖွဲ့ဝင် ၅၀ ကိုအဖွဲ့ဝင်အဆိုပြုလွှာနှင့်ဝတ်စုံပေးအပ်ပွဲအခမ်းအနားကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ အတွင်းရေးမှူး ဒေါ်ကြူကြူဝင်း၊ ဒက္ခိဏခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်မြမြသီ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာခြည်ဖြိုးနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သူဇာလှိုင်(စက်မှု)**

# သာယာဝေစည် ဇီးကုန်းရွှေမြို့ဆီသို့

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**
**ဓာတ်ပုံ-ကိုကိုရှုပ**

ဇီးကုန်းမြို့သို့ အလည်တစ်ခေါက် ထပ်မံရောက် ဖြစ်ခဲ့ပါသည်။

မြို့နယ်နိမိတ်ဝင်သည်နှင့်ပင် ယခင်အခေါက်များ ရောက်ခဲ့စဉ်ကနှင့်မတူသော ပြောင်းလဲတိုးတက်နေသည်ကို သတိပြုလိုက်မိသည်။ ဖန်မီးရောင်များအောက်၌ ရွှေရောင်များ တဖိတ်ဖိတ်တောက်နေသော မြို့ကျက်သရေဆောင် "မြသိန်းတန်" စေတီတော်မြတ်ကြီးမှာ ဦးခိုက်မဝနိုင်အောင် ကြည်နူးလှပါဘိသည်။

ဦးစွာပထမ ထိတွေ့ခံစားမိသည်က ရန်ကုန်နှင့် ပြည်ကြား၌ စံတင်ထားလောက်သည့် ဘောလုံးအားကစားကွင်းကြီးပင်ဖြစ်သည်။ အားကစားကွင်းကြီးသည် မြို့နှင့်လိုက်ဖက်စွာ ခံ့ခံ့ညားညား ထည်ထည်ဝါဝါ ရှိလှသဖြင့် အားကစားကဏ္ဍကို အလေးထားသောမြို့နယ်တစ်ခုဟုဆိုလျှင် မှားမည်မထင်။ ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများတွင်လည်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကအစ ရေ၊ မီးအဆုံး စိတ်အေးရပေပြီ။

သဘာဝအတိုင်းတည်ရှိနေသည့် စိမ်းလဲ့ကြည်လင်နေသော ရေကန်ကြီးကရင်ကို အေးမြစေပြီး မြို့နယ်နေပြည်သူများသောက်သုံး ရေအတွက် အားထားရပေသည်။ ထိုမှတစ်ဆင့် ပြည်သူ့ဆေးရုံကြီးဆီသို့ ရောက်ပြန်သော် ယခင်က ၂၅ ခုတင်ဆံ့ ဆေးရုံမှ အဆင့်မြင့်အဆောက်အအုံကြီးအဖြစ် ခုတင် ၅၀ဆံ့ ဆေးရုံကြီး အဆင့်တိုးမြှင့်ပြီး အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်ဖြင့် ပြောင်းလဲဆောက်လုပ်ထားသည်ကို တွေ့ရသည်။ နောက်ထပ်လည်း ဆေးရုံကြီးကို တိုးချဲ့ဆောက်လုပ်ရန် အစီအစဉ်ရှိကြောင်း တာဝန်ရှိသူတစ်ဦးကပြောပြ၍ သိရှိခဲ့ရသည်။

ထို့အပြင် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၇ ခုနှင့် တိုင်းရင်းဆေးကုဌာန၊ တိုင်းရင်းဆေးရုံတို့ကိုလည်း တည်ဆောက်ထားကြောင်း သိရသည်။

မြို့၏ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုကို မေးမြန်းကြည့်ရာ ဇီးကုန်း-ကံကြီး-ဘော်ဘင်လမ်း၊ ဇီးကုန်း-သစ်နဖား-လေးမျက်နှာလမ်း၊ ဇီးကုန်း-လယ်တွင်း-ပန်းတင်လမ်း၊ ညောင်စဉ်-မြောက် လွတ်ကုန်း-ပန်းတင်လမ်း စသည့် လမ်းမကြီးများဖြင့် မြို့ပေါ်ရပ်ကွက်အတွင်းရှိ လမ်းများကို အဆင့်မြင့် ကတ္တရာထပ်ပိုးလွှာတင်ပြီး လမ်းချောများအဖြစ်လည်းကောင်း၊ အခြားကျောက်ချောလမ်း ၁၂ မိုင်၊ ဂဝံမြေနီလမ်း ၄၆ မိုင်၊ မြေသားလမ်း ၇၃ မိုင်ခင်းပြီးကြောင်း သိရသည်။

ထို့အပြင် ဆယ်အင်းတံတား၊ ဇရပ်လှတံတား၊ စမ်းအိုင်တံတား အပါအဝင် မြို့နယ်အတွင်း၌ တံတားပေါင်း (ကြီး/ ငယ်) ၅၂ စင်းတို့ကိုလည်း တည်ဆောက်ပြီးဖြစ်သည်။



ဇီးကုန်းရေကန်။

သစ်နဖား၊ ပေါက်ပင်ဆိပ်ရေတံခါး၊ ဦးညက်လှရေတံခါး၊ ဘုန်းကြီးတမံရေတံခါး၊ ရွှေကြို့ပင်မော်ရရေတံခါးများ ၊ စပါယ်မျှောင် ရေနုတ်မြောင်း၊



မြသိန်းတန်စေတီ။

လှေပုကုန်းရေနုတ်မြောင်း၊ သစ်နဖားရေနုတ်မြောင်း၊ နယ်ခြားရိုးရေနုတ်မြောင်း စသည်တို့ကိုလည်း တူးဖော်ပြီးဖြစ်ကြောင်း၊ သောက်သုံးရေရရှိရေး မြို့မသောက်ရေကန်ကြီးအပါအဝင် မြို့နယ်အတွင်း ရေကန်ကြီး ၁၆ ကန်၊ တွင်းနက် ၂၀၊ တွင်းတိမ် ၁၁၉ တွင်း တူးဖော်ပြီးဖြစ်ကြောင်း သိရသည်။

ပညာရေးကဏ္ဍအနေဖြင့် ယခင်က အထက နှစ်ကျောင်း၊ အလကငါးကျောင်းသာရှိခဲ့ရာမှ ယခုအခါ အထက ငါးကျောင်း၊ အထက (ခွဲ) တစ်ကျောင်း၊ အလက သုံးကျောင်း၊ အလက (ခွဲ) ၁၂ ကျောင်း၊ မူလွန်ခြောက်ကျောင်း၊ မူလတန်း ၇၅ ကျောင်း တိုးတက်ပြီး ကျောင်းဆောင်သစ် ၄၉ ကျောင်း တိုးချဲ့ဆောက်လုပ်ပြီးဖြစ်ကြောင်း သိရသည်။

ဇီးကုန်းမြို့တွင် ယခင်က 1.5 MVA သာ လျှပ်စစ်ရရှိ၍ အလင်းရောင်ကောင်းစွာမရရှိခဲ့သော်လည်း သို့သော် ၂၀၁၃ ခုနှစ်မှစတင်၍ 5 MVA ခွဲရုံတည်ဆောက်ပြီး မြို့နယ်တွင်း (11 KV ဓာတ်အားလိုင်း ၂၇၉၈ မိုင်) ဆွဲပြီးခဲ့ပြီး ယခုအခါ ဘုရားပျံအထိ 11 KV လိုင်း ထပ်မံဆွဲ၍ သစ်နဖား-လေးမျက်နှာ ဓာတ်အားလိုင်း၊ ဘုရားကြီးကုန်း၊ ဂွေးပင်ကုန်းဓာတ်အားလိုင်းများ၊ ကြိုးများလဲလှယ်ပေးခဲ့ကာ ဇီးကုန်းမြို့နယ်မှ ကျေးရွာ ၃၅ ရွာ မီးလင်းနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် နောက်ထပ်လည်း ကျန်ရှိနေသေးသည့် ကျေးရွာများကို မီးလင်းရန် စီမံချက်များချထားပြီးဖြစ်ကြောင်းလည်း သိရသည်။

တိုးတက်ပြောင်းလဲခဲ့ပြီဖြစ်သော ဇီးကုန်းမြို့၏ အနာဂတ်မှာလည်း ရရှိလာဦးမည့် အလင်းရောင်များနှင့်အတူ တောက်ပလာမည်မလွဲဟု ယုံကြည်မိပါသည်။

# အင်တာမီလန်နဲ့ ရိုးမား တန်းစီဇယားကို ဘယ်သူဦးဆောင်မလဲ

မိုးမြင့်လင်းလက်

**ဒီတစ်ပတ်စီးရီးအေပွဲစဉ် (၁၁)ရဲ့ လက်ကျန်ပွဲစဉ်တွေအဖြစ် အင်တာမီလန်နဲ့ ရိုးမား၊ ဂျူဗင်တပ်စ်နဲ့ တိုရီနိုတို့ရဲ့ပွဲတွေကို အောက်တိုဘာ ၃၁ ရက်ညပိုင်းနဲ့ နိုဝင်ဘာ ၁ ရက်တွေမှာ ဆက်လက်ကစားကြမှာဖြစ်ပါတယ်။ အသင်းကြီးတွေအတွက် အမှတ်ပြည့်ရဖို့ အပြိုင်အားထုတ်ကြမှာဖြစ်တဲ့အတွက် ပွဲကောင်းအဖြစ် မြင်တွေ့ရမှာဖြစ်ပြီး အထူးသဖြင့် အင်တာမီလန်နဲ့ ရိုးမားတို့ပွဲကတော့ အကြိတ်အနယ်နဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ရှိမယ့်ပွဲအဖြစ် ရှုစားကြရပါဦးမယ်။**



### အင်တာမီလန်နှင့်ရိုးမား

ပါလာမိုအသင်းကို တစ်ဂိုးစီသရေပွဲဖြစ်ပြီး ဂျူဗင်တပ်စ်နဲ့ ဂိုးမရှိသရေပွဲထပ်ဖြစ်ထားတဲ့ အင်တာမီလန်တို့ဟာ အမှတ်တွေဆုံးရှုံးထားတာကို ဒီပွဲမှာ အပြည့်ပြန်ယူဖို့ ကြိုးစားလာပါလိမ့်မယ်။ ရိုးမားတို့ကတော့ အခုတလော စီးရီးအေပွဲစဉ်အဖြစ် အမ်ပိုလီကို သုံးဂိုး-တစ်ဂိုးနဲ့နိုင်ထားသလို လေဗာကူဆင်ကိုတော့ လေးဂိုးစီသရေပွဲဖြစ်ထားပါတယ်။ လက်ရှိအချိန်မှာ နှစ်သင်းစလုံး ခြေစွမ်းတူညီနေပြီး တိုက်စစ်ပိုင်းမှာတော့ ရိုးမားတို့က အားကောင်းတာတွေ့ရပါတယ်။ အင်တာမီလန်တို့ဟာ အခုတလော အိမ်ကွင်းရလဒ်တွေက အားရစရာမရှိပေမယ့် နိုင်ပွဲကိုရအောင် ပုံဖော်နိုင်တာတွေ့ရတာမို့ ရိုးမားလည်း အဝေးကွင်းမှာ ခြေကုန်ဖွင့်ပြီး အပြင်းအထန်ကစားမှရပါလိမ့်မယ်။ အင်တာမီလန်နဲ့ရိုးမားတို့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့တဲ့ရလဒ်တွေကိုကြည့်ရင် ရိုးမားက တစ်ပွဲနိုင်ပြီး အင်တာမီလန်တို့က တစ်ပွဲနိုင်ကာ တစ်ပွဲသရေဖြစ်ထားပါတယ်။ ဒီပွဲမှာ နှစ်သင်းစလုံး အမှတ်ပြည့်ရရှိရေးဦးတည်ပြီး ဆင်နွှဲကြမှာမို့ ပြိုင်ဆိုင်မှုပြင်းထန်မှာသေချာနေပါတယ်။ ရိုးမားဟာ ပြိုင်ဘက်အသင်းရဲ့ ခြေစွမ်းကိုလိုက်ပြီး တုံ့ပြန်နိုင်စွမ်းရှိတဲ့ကစားအားလည်း ပိုင်ဆိုင်ထားတာမို့ အင်တာမီလန်တို့အိမ်ကွင်းဆိုပြီး ပေါ့ဆလို့တော့မရပါဘူး။ နောက်ပြီး ဒီပွဲစဉ်ရဲ့ နိုင်ပွဲရတဲ့သူဟာ အမှတ်ပေးဇယားကို ထိပ်ဆုံးကဦးဆောင်ခွင့်ရသွားမယ့် အခြေအနေမို့ နှစ်သင်းစလုံး အမှားအယွင်းအဖြစ်မခံဘဲ သတိထားပြီးကစားပါလိမ့်မယ်။ အခုတလောအိမ်ကွင်းမှာ နိုင်ပွဲရအောင်ကစားနိုင်တဲ့ ခြေစွမ်းရှိတဲ့ အင်တာမီလန်တို့ဟာ ရိုးမားတိုက်စစ်မှူးတွေရဲ့ ရဲရဲဝံ့ဝံ့ကျော်ဖြတ်မှုတွေကို ဟန့်တားရင်း အနိုင်ရလဒ်ကိုရအောင် စွမ်းဆောင်ရည်ပြသပါလိမ့်မယ်။

### ဂျူဗင်တပ်စ်နှင့်တိုရီနို

ဒီနှစ်ပြီးခဲ့တဲ့ဧပြီ ၂၆ရက်မှာကစားတဲ့ တိုရီနိုနဲ့ဂျူဗင်တပ်စ်တို့ပွဲမှာ တိုရီနိုက နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ထားတဲ့ရလဒ်က ဂျူဗင်တပ်စ်ကို ခြောက်လှန့်နေဆဲဖြစ်မှာပါ။ တိုရီနိုတို့က ခြေစွမ်းမတည်ငြိမ်ပေမယ့် အားထားရတဲ့ တိုက်စစ်မှူးကွာဂလီရယ်လာရှိနေပြီး ပြိုင်ဘက်နောက်တန်းကို ရှုပ်ရှုပ်ချွံချွံထိုးဖောက်တိုက်စစ်ဆင်နိုင်တာမို့ ဂျူဗင်တပ်စ်ခံစစ်မှူးတွေ သတိထားရမှာဖြစ်ပါတယ်။ တိုရီနိုခံစစ်မှူးတွေက အမှားအယွင်းနည်းပြီး ဂျူဗင်တပ်စ်တိုက်စစ်မှူးတွေကို ကောင်းကောင်းဟန့်တား ထိန်းချုပ်နိုင်သူတွေဖြစ်ပါတယ်။ အိမ်ကွင်းဆိုပေမယ့် ဂျူဗင်တပ်စ်တို့ကတော့ သရေပွဲတွေများနေတာမို့ ဒီပွဲမှာ တိုရီနိုကို အသာစီးရအောင် ကစားပါလိမ့်မယ်။ ဂျူဗင်တပ်စ်ဟာ ဒီနှစ် စီးရီးအေဖလားမျှော်လင့်ချက်ပျက်ပြယ်လုမတတ်ဖြစ်နေတာကို အမြန်ဆုံးအဆုံးသတ်နိုင်ဖို့အတွက် ဒီပွဲကို မဖြစ်မနေ နိုင်ပွဲရအောင် ခြေကုန်ထုတ်မှာမို့ တိုရီနိုတို့လည်း တော်ရုံပြင်ဆင်လာလို့မရပါဘူး။ ဒါပေမယ့် အဝေးကွင်းမှာ စိတ်ဓာတ်ပြင်းပြင်းနဲ့ကစားပြီး အဝင်အထွက်ရဲရဲနဲ့ပြိုင်ဘက်ကစားကွက် တည်မရအောင် အားထုတ်တဲ့ တိုရီနိုတို့ကလည်း ဒီပွဲမှာ အနိမ့်ဆုံးတစ်မှတ်တော့ရအောင် ယူပါလိမ့်မယ်။ အိမ်ရှင်ဟာ အမှတ်လိုအပ်မှုပြင်းထန်နေတာမို့ အခုပွဲမှာ တိုရီနိုကို အမှတ်ခွဲပေးမှာတော့ မဟုတ်ပါဘူး။

## ကက်ပီတယ်ဝမ်းကွာတား လီဗာပူးနဲ့ ဆောက်သမ်တန် တွေ့ပြီ




ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲမှာ ပရီမီယာလိဂ်ထိပ်သီးကလပ်တွေဖြစ်တဲ့ ချယ်လ်ဆီး၊ မန်ယူနဲ့အာဆင်နယ်တို့ စတုတ္ထအဆင့်မှထွက်ခဲ့ရသော်လည်း ဂျာဂျင်ကလော့ရဲ့လီဗာပူးကတော့ ဆောက်သမ်တန်အိမ်ကွင်းမှာ ကွာတားဖိုင်နယ် သွားရောက်ကစားရမှာဖြစ်ပါတယ်။ ဂျာဂျင်ကလော့ရဲ့ ပထမဆုံးသော နိုင်ပွဲအဖြစ် ဘုန်းမောက်ကို တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပြီး ကွာတားတက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီအတောအတွင်းမှာ မန်စီးတီးကတော့ ဟားလ်စီးတီးကို အိမ်ရှင်အဖြစ် လက်ခံကစားရမှာဖြစ်ပါတယ်။ ဒါ့အပြင် စတုတ်နဲ့ရှက်ဖီး၊ မစ်ဒယ်ဘရော့နဲ့ အဲဗာတန်တို့လည်း ကွာတားဖိုင်နယ်ပွဲများအဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်တယ်။ ဒီကွာတားဖိုင်နယ်ပွဲတွေကိုတော့ နိုဝင်ဘာပထမပတ် အင်္ဂါနဲ့ဗုဒ္ဓဟူးနေ့တွေမှာ ကစားဖို့စီစဉ်ထားပါတယ်။ ၂၀၁၄ ခုနှစ်က ကက်ပီတယ်ဝမ်းဖလားဆွတ်ခူးခဲ့တဲ့ မန်စီးတီးကတော့ ဖလားဆွတ်ခူးနိုင်ဖို့ ရေပန်းစားနေပါတယ်။

## ချယ်လ်ဆီးက အလိုရှိနေတဲ့ ဂရစ်ဇ်မန်း

ဒီယေဂိုကော်စတာ စပိန်ကို ပြန်သွားမယ်ဆိုရင် အက်စ်သလက်တီကို တိုက်စစ်မှူး ဂရက်ဇ်မန်းကို ခေါ်ယူသွားမယ်လို့ ချယ်လ်ဆီးကဆိုပါတယ်။ ပြင်သစ်ကစားသမား ဂရက်ဇ်မန်းကို အက်သလက်တီကိုရဲ့ ပထမရာသီမှာ ၂၆ ဂိုးသွင်းယူပေးပြီးနောက် ချယ်လ်ဆီးက ခေါ်ယူဖို့ ပစ်မှတ်ထားနေခဲ့တာပါ။ ချယ်လ်ဆီးကစားသမား ဟာဇက်ကို ဘာစီလိုနာနဲ့ရီးရဲမက်ဒရစ်တို့ကလည်း ခေါ်ယူဖို့ ကြိုးစားနေပါတယ်။ နည်းပြမော်ရင်ဟိုအနေနဲ့ ဖိအားပေးမှုတွေကို လျှော့ချနိုင်ဖို့ ဂရက်ဇ်မန်းကို အရခေါ်ယူသွားမယ့် အနေအထားရှိပါတယ်။ အက်သလက်တီကို တိုက်စစ်မှူး ဂရက်ဇ်မန်းဟာ အသက် ၂၄နှစ်အရွယ်သာရှိသေးတဲ့အတွက် ချယ်လ်ဆီးကခေါ်ယူဖို့ ကြိုးစားနေပါတယ်။ နည်းပြမော်ရင်ဟိုအနေနဲ့လည်း ခြေစွမ်းပြမကစားနိုင်တဲ့ ကော်စတာနေရာမှာ ဂရက်ဇ်မန်းကို ခေါ်ယူသွားဖွယ်ရှိပါတယ်။ ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်ကလည်း ဂရက်ဇ်မန်းကိုခေါ်ယူသွားဖို့ အသင့်ရှိနေတယ်လို့ဆိုပါတယ်။






## မန်ယူထက် မစ်ဒယ်ဘရော့ ပိုကောင်းနေ

ကက်ပီတယ်ဝမ်းဖလား စတုတ္ထဆင့်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ မစ်ဒယ်ဘရော့က မန်ယူထက်ပိုကောင်းအောင် ကစားနိုင်ပါတယ်လို့ မစ်ဒယ်ဘရော့နည်းပြ အိုက်တာကာရန်ကာက ဆိုပါတယ်။

"မန်ယူကိုအနိုင်ရအောင် ကစားနိုင်ခဲ့တဲ့အတွက် ကျွန်တော့်အသင်းကို အံ့သြမိပါတယ်။ တကယ်လည်း မစ်ဒယ်ဘရော့အသင်းက မန်ယူထက်ပိုပြီး ခြေစွမ်းသာပါတယ်။ ကွာတားဖိုင်နယ်တက်ဖို့ ထိုက်တန်ပါတယ်"လို့ သူက ဆိုပါတယ်။

မစ်ဒယ်ဘရော့အသင်းဟာ ကွာတားဖိုင်နယ်မှာ အဲဗာတန်အသင်းနဲ့ကစားရမှာဖြစ်ပါတယ်။ မစ်ဒယ်ဘရော့က မန်ယူကို ပယ်နယ်တီသုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပါတယ်။ "ကျွန်တော့် ကစားသမားတွေဟာ ပိုပြီးတော့ကောင်းအောင်လည်း ကစားနိုင်ခဲ့ပါတယ်" လို့ဆိုပါတယ်။ နည်းပြကာရန်ကာဟာ ရီးရဲမက်ဒရစ်မှာ မော်ရင်ဟိုရဲ့ လက်ထောက်နည်းပြလုပ်ခဲ့သူလည်း ဖြစ်ပါတယ်။

ကောင်းမြတ်သူ ➤ ➤ စုစည်းသည်။

# ရေဘေးသင့်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းဆောင်ရွက်မည်

**ကလေး အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသမှ ရေဘေးသင့်ကျေးရွာတစ်ခုဖြစ်သော ပေါက်ခုံကျေးရွာ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မျိုးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင် ဦးလှဝင်းတို့သည် ပေါက်ခုံကျေးရွာသို့ ဇူလိုင် ၂၄ ရက်က သွားရောက်ခဲ့ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားခဲ့သည်။

ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြင့်မားစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ မြစိမ်းရောင် ရန်ပုံငွေတစ်ရပ် ထူထောင်စေကာ အရင်းမပျောက်လည်ပတ်စေမည်ဖြစ်ကြောင်း၊ ယင်းရန်ပုံငွေများကို ကျေးရွာ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် ရောင်းဝယ်ရေးကဏ္ဍအသီးသီး၌ သင့်တင့်သော အတိုးနှုန်းဖြင့် ထုတ်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် စီမံကိန်းတာဝန်ယူဆောင်ရွက်ရန် ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးကော်မတီများကို ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။



ကလေးဒေသတွင် ဇူလိုင်နှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ကျေးရွာပေါင်း ၆၂ ရွာ ရေနစ်ခဲ့ရာ ပေါက်ခုံကျေးရွာသည် ရေကြီးမှုဒဏ်ကို ဆိုးရွားစွာခံခဲ့ရသည့် ကျေးရွာတစ်ရွာဖြစ်ပြီး ရွာလုံးကျွတ် ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား**



**သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)တွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် သာခုဆံတော်ရှင်စေတီတော်၌ ရပ်နီးရပ်ဝေးမှ လာရောက်ကြသော ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။** မြင့်သန်းကြည်(ရွှေပြည်သာ)

# ကမ္ဘာ့လက်ဆေးခြင်းနေ့အခမ်းအနား တောင်ကုတ်၌ကျင်းပ

**တောင်ကုတ် အောက်တိုဘာ ၃၀**

ကမ္ဘာ့လက်ဆေးခြင်းနေ့ (Global Hand Washing Day) အထိမ်းအမှတ် အခမ်းအနားများကို PLAN MYANMAR INGO အဖွဲ့နှင့် ချမ်းမြေ့မေတ္တာ သမဝါယမအသင်းတို့ပူးပေါင်း၍ တောင်ကုတ်မြို့နယ်ရှိ ကျေးရွာခုနစ်ရွာတွင် အောက်တိုဘာ ၁၃ ရက်မှ ၂၅ ရက်အထိကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကမ္ဘာ့လက်ဆေးခြင်းနေ့အကြောင်း သိကောင်းစရာများနှင့် လက်ဆေးခြင်း အမူအကျင့် ပြောင်းလဲခြင်းဆိုင်ရာ သိကောင်းစရာများကို ဟောပြောဆွေးနွေးခြင်း၊ ကျောင်းသားကျောင်းသူများနှင့် လက်ဆေးခြင်း အမူအကျင့် ပြောင်းလဲခြင်းပြောင်းလဲရေးပြိုင်ပွဲများ၊ "တို့ရဲ့လက်တွေ သန့်ရှင်းဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့" ခေါင်းစဉ်ဖြင့် ပန်းချီပြိုင်ပွဲများ ကျင်းပပြီး ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ကျော်သူရ( ပြန်/ဆက်)**

# တနင်္သာရီမြို့လုံးကျွတ် ဆွမ်းကြီးလောင်းပွဲ စတုတ္ထအကြိမ်ကျင်းပ

**တနင်္သာရီ အောက်တိုဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် မြဝတ်ဆင်စေတီတော်ကြီး ရင်ပြင်တော်၌ စတုတ္ထအကြိမ် မြို့နယ်လုံးကျွတ်ဆွမ်းကြီးလောင်းပွဲကို အောက်တိုဘာ ၂၈ ရက်(သီတင်းကျွတ်လပြည့်နေ့)က စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။

ဆွမ်းကြီးလောင်းလှူပွဲသို့ မြို့နယ်သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အရှင်ဇောတိက ဦးစီး၍ ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်၊ ရှင်သာမဏေနှင့် သီလရှင်များ ကြွရောက်ခဲ့ပြီး သံဃာတော်တစ်ပါးချင်းစီအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူ ဦးဆောင်သည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့များနှင့် မြို့ပေါ်ရပ်ကွက်နေပြည်သူများနှင့် သီးခြားစေတနာရှင်များက စေတီတော်ရင်ပြင် စင်္ကြံတစ်လျှောက်နေရာယူကာ သံဃာတော်များက စေတီတော်ကို လက်ယာရစ်စီတန်းကြွချီခဲ့ပြီး ဆန်၊ ဆီ၊ ဆေးအမျိုးမျိုး၊ အချိုရည်ဘူး၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ဆပ်ပြာမွှေး၊ ဆပ်ပြာမှုန့်ထုပ်များ၊ ကွေကာအုတ်၊ခေါက်ဆွဲခြောက်စသည့် လှူဖွယ်ပစ္စည်းများကို လောင်းလှူခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ–ထိန်ဝင်း(ပြန်/ဆက်)**

# သထုံမြို့နယ်တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေး

**သထုံ အောက်တိုဘာ ၃၀**

မွန်ပြည်နယ် သထုံမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ (TCRC) နှင့် ကလေးသူငယ်ဖွံ့ဖြိုးရေးအသင်း (CFN) တို့ ပူးပေါင်းကာ အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီခွဲက သထုံမြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်း ကလေးသူငယ်အခွင့်အရေးဆိုင်ရာများကို ညှိနှိုင်းစည်းဝေးခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ် TCRC ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် TCRC အဖွဲ့ဝင်များ၊ CFC မှ သထုံမြို့နယ် တာဝန်ခံ ဒေါ်မြတ်မျိုးသန်းနှင့် အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ရှေးဦးစွာ မြို့နယ် TCRC ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး CFC မှ သထုံမြို့နယ် တာဝန်ခံက TCRC နှင့် ချိတ်ဆက်ကာ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသော မြို့နယ် TCRC အဖွဲ့ဝင်များက ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် လိုအပ်ချက်များကို အပြန်အလှန်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ကလေးသူငယ်ဖွံ့ဖြိုးရေးအသင်း CFN သည် မြို့နယ် TCRC နှင့် ၂၀၁၁ ခုနှစ်က စတင်ချိတ်ဆက်ကာ ကလေးသူငယ် အခွင့်အရေးဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၏ ရပ်ရွာအခြေပြု ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး စီမံချက်ကို သထုံမြို့နယ်အတွင်းရှိ ပေါ်တော်မူကျေးရွာအုပ်စု ဇရစ်ချောင်ကျေးရွာအုပ်စုနှင့် ထိန်ပင်ကျေးရွာအုပ်စုတို့တွင် ဆောင်ရွက်လျက်ရှိကြောင်း CFN အဖွဲ့မှ သိရသည်။ **သက်ဦး(သထုံ)**



**ရန်ကုန် မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုးမင်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြင်ပ လေးမြို့နယ်ဖြစ်သော မှော်ဘီ၊ တိုက်ကြီး၊ လှည်းကူး၊ ထန်းတပင် မြို့နယ်များမှ ကျေးရွာများကို ကျေးရွာမြေပုံဂရန်များ ထုတ်ပေးနေစဉ်။** (မြန်မာ့အလင်း)

# အငြိမ်းစားဝန်ထမ်းများအသင်းက နာမကျန်းဖြစ်ကြသည့် ဘဝတူအငြိမ်းစားများအား ကူညီထောက်ပံ့

**သာစည် အောက်တိုဘာ ၃၀**

သာစည်မြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများ စုပေါင်းတည်ထောင်ထားသည့် အငြိမ်းစားများ ကျန်းမာရေးနှင့် လူမှုကူညီစောင့်ရှောက်ရေးအသင်းက နာမကျန်းသည့် အသင်းဝင်များအား ကျန်းမာရေးထောက်ပံ့ငွေကျပ် နှစ်သောင်းစီ ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း သိရသည်။



အငြိမ်းစားများ ကျန်းမာရေးနှင့်လူမှုကူညီစောင့်ရှောက်ရေးအသင်းကို နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူချိန်၊ ဘဝနေဝင်ချိန်တွင် စိတ်အားငယ်မှုမရှိစေရေးနှင့် စိတ်ချမ်းသာမှုရရှိစေရေး ရည်ရွယ်၍ ယခုနှစ် ဇူလိုင်လအတွင်းက စတင်တည်ထောင်ခဲ့ကြောင်း၊ အသင်းဝင် ၁၅၀ ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး အသင်းဝင်တစ်ဦးလျှင် လစဉ်ထည့်ဝင်ငွေ ကျပ်တစ်ထောင်စီဖြင့်မတည်၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အသင်းဖွဲ့ပြီး သုံးလအတွင်း အသင်းဝင်သုံးဦးကို ကူညီထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ စက်တင်ဘာလတွင် နာမကျန်းဖြစ်နေသော အသင်းဝင်နှစ်ဦးအား တစ်ဦးလျှင် ကျန်းမာရေးထောက်ပံ့ကူညီငွေ ကျပ်နှစ်သောင်းနှင့် ထိခိုက်ဒဏ်ရာရရှိသည့်အသင်းဝင်တစ်ဦးအတွက် ထောက်ပံ့ငွေကျပ်နှစ်သောင်းကို အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်ကို(သာစည်)**

## သတင်းတိုများ

### နှစ်ကျိပ်ရှစ်ဆူဘုရားများလှည့်လည်အပူဇော်ခံ

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် သစ်တောရပ်ကွက်လုံးဆိုင်ရာ ဓမ္မာရုံတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော နှစ်ကျိပ်ရှစ်ဆူကုန်သောဘုရားများအား အောက်တိုဘာ ၂၇ ရက် ညနေပိုင်းက သစ်တောရပ်ကွက်နှင့် စောရန်ပိုင်အနောက်ရပ်ကွက်အတွင်း လှည့်လည်အပူဇော်ခံခဲ့ရာ ရပ်ကွက်နေပြည်သူများက ဖူးမြော်ကြည်ညိုခဲ့ပြီး အလှူငွေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ရွှေတိုင်လွင်**

### ကျောက်ချောလမ်းခင်းကျင်းမှုကွင်းဆင်းကြည့်ရှု

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း လမ်းများ အဆင့်မြှင့်တင်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း တင်ဒါစနစ်ဖြင့် ဆောက်ရွက်လျက်ရှိရာ မတ္တရာမြို့နယ် ပတ်လည်အင်း-ညောင်အုပ် ကျေးလက်လမ်း အရှည် ၄၀၂၀ ကို အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ရွှေသုခ ဝင်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး လမ်းခင်းကျင်းပြီးစီးမှု အခြေအနေ များကို မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့မှ တာဝန်ရှိသူများ အောက်တိုဘာ ၂၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ ကျောက်ချောလမ်း ခင်းကျင်းပြီးစီးသွားသည့်အတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လာပြီး အဆိုပါဒေသရှိ သီးနှံထွက်ကုန်များကို ယခင်ထက် ပိုမိုလျင်မြန်စွာ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# အဘိဓမ္မာအခါတော်နေ့အထိမ်းအမှတ် မုံရွာအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူများက သံဃာတော်များအား စုပေါင်းဆွမ်းကပ်




**မုံရွာ အောက်တိုဘာ ၃၀**

သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် မုံရွာအကျဉ်းထောင်၌ အကျဉ်းသား အကျဉ်းသူများစုပေါင်း၍ အောက်တိုဘာ ၂၈ ရက်က သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

“သီတင်းကျွတ်လပြည့်နေ့လို အခါကြီး ရက်ကြီးတွေမှာ အကျဉ်းသား အကျဉ်းသူများလည်း ဘာသာတရား ကိုင်းရှိုင်းပြီး အများနည်းတူ ကုသိုလ်ကောင်းမှုလေးတွေ ဆောင်ရွက်ကာ သီတင်းသီလ ဆောက်တည်နိုင်အောင် အခုလိုဆွမ်းကပ်လှူဒါန်းပွဲလေးကို ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ သူတို့လေးတွေကို စိတ်အားငယ်မှုတွေမဖြစ်အောင် စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးချင်ပါတယ်။ သီတင်းကျွတ်လပြည့်နေ့ အထိမ်းအမှတ်အဖြစ် အကျဉ်းသား အကျဉ်းသူအားလုံးကို ကြက်သားဟင်း၊ ချဉ်ရေဟင်းနဲ့ ကျွေးမွေးဖို့ စီစဉ်ထားပါတယ်။ သီတင်းသီလဆောက်တည်သူတွေအပြင် သူတို့လေးတွေကို ပျော်ပွဲရွှင်ပွဲတွေလည်း ဆောင်ရွက်ပေးမှာပါ။ ပြီးတော့ ဝန်ထမ်းနဲ့ ဝန်ထမ်းမိသားစုတွေကိုလည်း ကြက်သားဒံပေါက် ကျွေးမွေးမှာပါ။ ဘယ်လိုအကြောင်းနဲ့ အကျဉ်းထောင်ထဲကို ရောက်လာသည်ဖြစ်စေ သူတို့အားလုံးအပေါ်မှာ မိဘလိုသဘောထားပြီး သူတို့လေးတွေရဲ့ လိုအပ်ချက်လေးတွေကို အမြဲဖြည့်ဆည်းသွားမှာပါ” ဟု မုံရွာအကျဉ်းထောင်တာဝန်ခံ ဦးစီးအရာရှိ ဦးသိန်းလွင်က ပြောသည်။

အဆိုပါ ဆွမ်းကပ်လှူဒါန်းပွဲတွင် အကျဉ်းသား အကျဉ်းသူများအား မြို့မဂတ်ကျောင်း ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားခဲ့ပြီး အကျဉ်းသား အကျဉ်းသူများက သံဃာတော်ငါးပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများလည်း ကပ်လှူခဲ့ကြကြောင်းသိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မဲပေးပုံအဆင့်ဆင့် လက်တွေ့သရုပ်ပြပွဲကျင်းပ



**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲမှ ကြီးကြပ်၍ မန္တလေးခရိုင် ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲက ဦးဆောင်ကျင်းပသည့် မဲပေးပုံအဆင့်ဆင့် အသိပညာပေးသရုပ်ပြပွဲကို ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်းမိုးလုံလေလုံခန်းမ၌ အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ မဲရုံမှူးများ၊ ဒုမဲရုံမှူးများနှင့် မဲရုံတာဝန်ထမ်းဆောင်ကြမည့်သူများအနေဖြင့် ရွေးကောက်ပွဲနေ့တွင် အမှားအယွင်းမရှိ ဆောင်ရွက်နိုင်စေရန်အတွက် လက်တွေ့သရုပ်ပြ အသိပညာပေးရန် သရုပ်ပြပွဲကို ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများကလည်း လာရောက်ကြည့်ရှု၍ နမူနာမဲပေးခြင်းကို လက်တွေ့ဝင်ရောက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးတစ်ခုလုံးတွင် မဲဆန္ဒရှင် ၄၄ သိန်းဝန်းကျင်ရှိကာ မဲရုံပေါင်း ၅၃၈၄ ရုံရှိမည်ဖြစ်ပြီး မန္တလေးခရိုင်အတွင်းတွင် မဲဆန္ဒရှင် ၁၁ သိန်းကျော်ရှိကာ မဲရုံပေါင်း ၆၆၅ ရုံရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြစိမ်းရောင်စီမံကိန်း စာရင်းအင်းရေးသွင်းနည်းသင်တန်း ကွင်းဆင်းပို့ချ

**သာစည် အောက်တိုဘာ ၃၀**

သာစည်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများမှ ကျေးရွာရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီအဖွဲ့ဝင်များအား မြစိမ်းရောင်စီမံကိန်း စာရင်းအင်းရေးသွင်းနည်းသင်တန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ပို့ချလျက်ရှိရာ အောက်တိုဘာ ၂၉ ရက်က ဆည်ကြီးကျေးရွာ၌ ကွင်းဆင်းဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။ ကျေးလက်ပြည်သူများ ဆင်းရဲမှုလျှော့ချရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို ကျေးရွာများတွင် အကောင်အထည်ဖော်ပြီး တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ စီပေးအပ်၍ စီမံကိန်းဝင်အသင်းသားများကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လုပ်ကိုင်စေခဲ့သည်။ စီမံကိန်းဝင်ကျေးရွာများအနေဖြင့် စီမံကိန်းရန်ပုံငွေများကို အသုံးပြုရတွင် လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် စာရင်းအင်းများကို တိကျမှန်ကန်စွာ ရေးသွင်းနိုင်ရေးအတွက် သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူးများဖြစ်သည့် ဦးစောမြဝင်းနှင့် ဒေါ်တင်မြင့်ခိုင်တို့က သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# မြေပြို၊ တောင်ပြိုခြင်းဆိုင်ရာ ပညာပေးဟောပြောပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့ပူးပေါင်း၍ မြေပြို၊ တောင်ပြိုခြင်းဆိုင်ရာ ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြေပြို၊ တောင်ပြိုခြင်းများအကြောင်း သိကောင်းစရာနှင့် မြန်မာနိုင်ငံ၏ မြေပြို၊ တောင်ပြိုခြင်းဆိုင်ရာ တွက်ချက်မှုများခေါင်းစဉ်ဖြင့် ဒေါက်တာ ချစ်ကိုကို Ph.D (Geotechnical Engineering), Chatered Professional (Geotechnical Engineering), (Australian Geomochanics Society)က ဟောပြောမည်ဖြစ်သည်။ ဟောပြောပွဲကို လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်အဆောက်အအုံ ပထမထပ် မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

# ပေါက်မြို့၌ ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံး (One Stop Shop)ဖွင့်လှစ်

**ပေါက် အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့၌ ပြည်သူများအနေဖြင့် ဌာနဆိုင်ရာများနှင့် ဆက်သွယ်၍ ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုမရှိစေရန်နှင့် လုပ်ငန်းများကို တစ်နေရာတည်း ပြီးစီးအောင်ဆောင်ရွက်နိုင်စေရန်အတွက် ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံး (one stop shops)ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ အောက်တိုဘာ ၂၇ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ညိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး အဆိုပါစုပေါင်းရုံးတွင် ဌာန ၁၀ ခု ပါဝင်ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်၍ ပြည်သူများအနေဖြင့် ရုံးလုပ်ငန်းကိစ္စများကို တစ်နေရာတည်းတွင် လုပ်ငန်းကိစ္စများကို ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်လှစ်ခြင်းဖြင့် ပြည်သူလူထုအခက်အခဲများကို ကြားပွဲစားမလို ဝန်ဆောင်မှုပေးနိုင်ခြင်း၊ လာဘ်ပေးလာဘ်ယူမှုများ ပပျောက်နိုင်ခြင်း၊ လုပ်ငန်းများကို ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်းများကြောင့် ပြည်သူများအတွက် အချိန်ကုန်သက်သာမှုရှိစေခြင်းစသည့် အကျိုးသက်ရောက်မှုများ ရရှိမည်ဖြစ်ကြောင်း ပေါက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်က ပြောကြားသည်။

**ဥဒေါင်းတိုး (ပြန် /ဆက်)**

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မိုးကောင်းဆုတောင်းပြည့် စေတီတော်ကြီး၌ သီတင်းကျွတ်လပြည့်နေ့ ညက ဆီမီး (၁၀၀၀)ပူဇော်ပွဲ ကျင်းပရာ ဘုရားဖူးသူများ၊ ဆီမီးပူဇော်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (ဝ၂၁)



# တိရစ္ဆာန်အာဟာရဗေဒသင်တန်း ဖွင့်လှစ်

**မြိုင် အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၌ တိရစ္ဆာန်အာဟာရဗေဒသင်တန်းကို အောက်တိုဘာ ၂၇ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှထူးနှင့် ကြက်မွေးမြူရေးအသင်းဥက္ကဋ္ဌ ဦးသန့်ဇင်တို့က တိရစ္ဆာန်အာဟာရဗေဒဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ မြိုင်မြို့နယ်သည် မြန်မာနိုင်ငံ မိုးနည်းရေရှားရပ်ဝန်းတွင် ပါဝင်သောကြောင့် မကြာမီရောက်ရှိတော့မည့် ဆောင်းရာသီနှင့် နွေရာသီကာလများ၌ နွားစာရှားပါးမှု မကြုံတွေ့စေရေးအတွက် ဒေသခံတောင်သူများ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းဒေသကြီးအစိုးရ၏ခွင့်ပြုချက်နှင့် တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသောင်းစိန်က ပြောကြားသည်။

သင်တန်းသို့ မြို့နယ်အတွင်းကျေးရွာများမှ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ငါးရက်ကြာဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**

# သီတင်းကျွတ်လပြည့်နေ့တွင် ပုဂံဒေသ၌ ဘုရားဖူးသူများဖြင့် စည်ကား



**ညောင်ဦး အောက်တိုဘာ ၃၀**
ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ် အခါသမယဖြစ်သော သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသအတွင်းရှိ စေတီဘုရားများ၌ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

ပုဂံဒေသ၏ အထင်ကရနေရာများနှင့် ရှေးဟောင်းတန်ခိုးကြီးဘုရားများဖြစ်သည့် ရွှေစည်းခုံ၊ အလိုတော်ပြည့်၊ အာနန္ဒာ၊ ဗူးဘုရား၊ သဗ္ဗညု၊ ကန်တော့ပလ္လင်၊ မြစေတီ၊ မနူဟာ၊ လောကနန္ဒာ၊ ဓမ္မရာဇက၊ ဓမ္မရံကြီး အစရှိသည့် တန်ခိုးကြီးဘုရားစေတီများတွင် ပန်းဆီမီးလာရောက်ဆပ်ကပ်လှူဒါန်းကြသည့် ဒေသခံပြည်သူများနှင့် ပြည်တွင်းဘုရားဖူးဧည့်သည်များ အထူးစည်ကားများပြားခဲ့သည်။

ထို့အပြင် မြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးမှ စေတီပုထိုးများနှင့် ဓမ္မာရုံများတွင်လည်း အဘိဓမ္မာဒေသနာအထူးပြုပူဇော်ပွဲ၊ ဝါကျွတ်ပဝါရဏာပွဲတော်၊ ဆီမီးထွန်းပွဲတော်များဖြင့် ပူဇော်ခြင်း၊ ရပ်ကွက်အသီးသီးမှ ဓမ္မာစကြာဝတ်အသင်းများက ဝတ်ရွတ်ဖတ်ပူဇော်ခြင်းများကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

# နတ်တလင်းမြို့နယ်၌ ကြိုတင်ဆန္ဒမဲပုံးများချိတ်ပိတ်မှု ပွင့်လင်းမြင်သာစွာဆောင်ရွက်

**နတ်တလင်း အောက်တိုဘာ ၃၀**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်၊ တာပွန်မြို့၊ ရွေးကောက်ပွဲကော်မရှင်ရုံးခွဲ၌ ကြိုတင်မဲပေးမည့်ပြည်သူများ မဲပေးရာတွင် အသုံးပြုမည့် ကြိုတင်ဆန္ဒမဲပုံးများကို အောက်တိုဘာ ၂၉ ရက်က ချိတ်ပိတ်စစ်ဆေးရာ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် ပါတီကိုယ်စားလှယ်များက လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

ရွေးကောက်ပွဲအတွက် ကြိုတင်မဲပေးရာတွင် မိမိနေရပ်မှ အထွေထွေရွေးကောက်ပွဲတာဝန်ဖြင့် သွားရောက် တာဝန်ထမ်းဆောင်ရမည့်သူများသည် အောက်တိုဘာ ၂၉ရက်မှ နိုဝင်ဘာ ၅ရက်အထိ ကြိုတင်မဲပေးနိုင်မည်ဖြစ်ပြီး အခြားပြည်သူများ အနေဖြင့် နိုဝင်ဘာ ၆ရက်၊ ၇ရက်တွင် အရေးပေါ်ကိစ္စ မသွားမဖြစ်သူများက ကြိုတင်မဲပေးနိုင်မည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဆန်းနု (ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး)က ပြောသည်။

အထွေထွေရွေးကောက်ပွဲတွင် တာပွန်မြို့နယ်အတွင်း အရွေးခံမည့်ပါတီများမှာ တိုင်းဒေသကြီးလွှတ်တော်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီများဖြစ်ကြောင်း သိရသည်။

အမျိုးသားလွှတ်တော်တွင် အဆိုပါ ပါတီများအပြင် ဒီမိုကရက်တစ်ပါတီ (မြန်မာ)၊ အမျိုးသားတိုးတက်ရေးပါတီများပါ ပါဝင်ကြောင်း၊ ပြည်သူ့လွှတ်တော်တွင် ပါဝင်မည့်ပါတီများမှာ တိုင်းဒေသကြီးလွှတ်တော်မှ ပါတီများအတိုင်းဖြစ်ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**



# သန်းခေါင်စာရင်းအချက်အလက်များ အလုပ်ရုံဆွေးနွေး

**ပခုက္ကူ အောက်တိုဘာ ၃၀**
မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် UNFPA တို့ ပူးပေါင်း၍ သန်းခေါင်စာရင်းအချက်အလက်များ ဖြန့်ဝေပေးခြင်းနှင့် အသုံးပြုနည်းအလုပ်ရုံဆွေးနွေးပွဲကို ပခုက္ကူ အထက(၁) ကျောင်းခန်းမ၌ အောက်တိုဘာ ၂၇ ရက်က ကျင်းပခဲ့သည်။

သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုမည့်သူများနှင့် အခြေခံပြည်သူလူထုအနေဖြင့် သန်းခေါင်စာရင်းအချက်အလက်များ၏ အရည်အသွေးနှင့် အသုံးဝင်ပုံများကို နားလည်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထိရောက်စွာအသုံးပြုနိုင်စေရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးရဲရင့်သိန်းက အမှာစကားပြောကြားပြီး ပခုက္ကူခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန (ရုံးချုပ်နေပြည်တော်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာ၊ ရန်ကုန်မြို့စွမ်းရည်ရှေ့ဆောင် လူမှုရေးအသင်း (CBI) မှ ဒေါ်ခင်လေးလွင်နှင့် ဖိတ်ကြားထားသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက သန်းခေါင်စာရင်းအချက်အလက်များနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(iprd)**

# သောက်သုံးရေရရှိမှုနှင့် ရေမီတာသုံးရေပေးရေးစနစ် ဆောင်ရွက်လိုမှုအခြေအနေ စစ်တမ်းများကောက်ယူပြီးစီး

**ချောင်းဦး အောက်တိုဘာ ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် သောက်သုံးရေရရှိမှုနှင့် ရေမီတာသုံး ရေပေးစနစ်ဆောင်ရွက်လိုမှုအခြေအနေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စစ်တမ်းများကောက်ယူလျက်ရှိကြောင်း သိရသည်။ စစ်တမ်းများကို ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်သီတာဦးနှင့်ဝန်ထမ်းများက ကွင်းဆင်းကောက်ယူခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာလဆန်းမှစတင်၍ ကောက်ယူခဲ့ရာ အောက်တိုဘာ ၂၉ ရက်တွင် ပြီးစီးခဲ့ခြင်းဖြစ်သည်။

စစ်တမ်းကောက်ယူပြီးစီးမှုနှင့်ပတ်သက်၍ ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက "ချောင်းဦးမြို့နယ်မှာ ကျေးရွာ ၈၉ ရွာရှိတဲ့အနက် လက်ရှိသောက်သုံးရေအတွက် ရေမီတာများနဲ့ အသုံးပြုနေတဲ့ ကျေးရွာ ၁၇ ရွာ ရှိပါတယ်။ အဲဒီ ၁၇ ရွာအနက် ငါးရွာက ချောင်းဦးမြို့နယ် ကျေးလက်ဦးစီးဌာနရဲ့ ကူညီဆောင်ရွက်ပေးမှုနဲ့ အင်ဂျင်အသုံးပြုပြီး သောက်သုံးရေရရှိနေတဲ့ ကျေးရွာများဖြစ်ပြီး ကျန် ၁၂ ရွာကတော့ Unicef ရဲ့ အကူအညီနဲ့ ဆိုလာစနစ်အသုံးပြုကာ သောက်သုံးရေရရှိနေတာဖြစ်ပါတယ်" ဟု ပြောသည်။



ကောက်ယူပြီးစီးခဲ့သည့် စစ်တမ်းများအရ ချောင်းဦးမြို့နယ်တွင် သောက်သုံးရေအတွက် ပိုက်လိုင်းသွယ်တန်းပြီး ရေမီတာတပ်ဆင်အသုံးပြုရန် ကျန်ရှိသည့်ကျေးရွာ ၇၁ ရွာရှိကာ ရေမီတာစနစ်အသုံးပြုလိုသည့် အဆိုပြုကျေးရွာ ၂၈ ရွာရှိပြီး အဆိုမပြုသည့် ကျေးရွာ ၄၃ ရွာရှိကြောင်း၊ အဆိုမပြုသည့် ၄၃ ရွာမှာ မြစ်ကမ်းဘေးကျေးရွာများနှင့် ကိုယ်ပိုင်အဝီစိတွင်းများရှိခြင်းကြောင့် လက်ရှိတွင် သောက်သုံးရေ လုံလောက်စွာရနေသော ကျေးရွာများဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Unicef တို့ ပူးပေါင်း၍ ကျေးလက်ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ကျေးရွာများသို့ ကွင်းဆင်း၍ ကျေးရွာဆိုင်ရာအချက်အလက်များနှင့် သောက်သုံးရေစစ်တမ်းအချက် အလက်များကို ကောက်ယူလျက်ရှိသည်။ **(မြို့နယ်ပြန်/ဆက်)**

## သတင်းတိုများ

# ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ဖွတ်လှိုင်းကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲကို အောက်တိုဘာ ၂၇ ရက်က ကျင်းပခဲ့သည်။ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံသစ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲတင့်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးလွင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲမှာ သံကူကွန်ကရစ်အဆောက်အအုံဖြစ်ပြီး ၂၀၁၃ခုနှစ်တွင် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှတစ်ဆင့် သာထက်သာကုမ္ပဏီက တာဝန်ယူ၍ ငွေကျပ်သိန်း ၅၇၀ ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးခြင်းဖြင့် ဖွတ်လှိုင်းကျေးရွာနှင့် ယင်းမာကန်ကျေးရွာများရှိ ပြည်သူနှစ်ထောင်ကျော်အား အနီးကပ် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲအောင်မြင်သူများအား ဆုချီးမြှင့်

ကရင်ပြည်နယ် ကော့ကရိတ်မြို့ မြို့မကျောင်းတိုက်၌ ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် သံယုတ္တနိကယ်စာမေးပွဲ စာအောင်ဆုနှင်းသဘင်ကို အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့သည်။ ဆုနှင်းသဘင်တွင် ပဓာနနာယကဆရာတော် ဉူးသီရိန္ဒက ဩဝါဒကထာပြောကြားပြီး စာမေးပွဲအောင်မြင်သူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ ထို့နောက် မြို့နယ်အတွင်းရှိ သုဓမ္မာဂိုဏ်းဝင်ဆရာတော်များက ပဝါယနာဝတ်ပြုကြပြီး ပဝါယနာဆီဆွမ်းစုပေါင်း လောင်းလှူပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# ဟိုပင်၌ မြောက်ရွှေတိဂုံစေတီတော်မြတ်ကြီး စိန်ဖူးတော် ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်

**ဟိုပင် အောက်တိုဘာ ၃၀**

ဟိုပင်မြို့၌ ပရမအာရုံပြု နည်းပြ လေးဌာန၏ဦးစီးပဓာနနာယကဆရာတော် ကချင်ပြည်နယ် မိုးညှင်းခရိုင် ကျောင်းဆရာတော် သာသနာပြု ဆောင် (ကျောမခင်းဆရာတော်) ဘဒ္ဒန္တဥက္ကံသ ဦးဆောင်ရှေ့ပြု တည်ထားတော်မူသော ဟိုပင်မြို့မြသီတာ ရပ်ကွက်ဟိုပင်အင်းတော်ကြီးကား လမ်းဘေး၌ဉာဏ်တော် ၁၀၈ တောင် အမြင့်ဆောင် မြောက်ရွှေတိဂုံစေတီတော်မြတ်ကြီးစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် တင်လှူပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက်နံနက် ၉ နာရီက ၁၀ ပါးသီလခံယူ၍ ကျင်းပခဲ့သည်။



အဆိုပါ စေတီတော်မြတ်ကြီးသည် ကချင်ပြည်နယ်၌ ပထမအကြီးဆုံး အာရ်စီဟော်လို ဉာဏ်တော် ၁၂၆ ပေ၊ ပန်းတင်ခုံ ၁၀ ပေ၊ ရင်ပြင်ပေ ၅၀ ပတ်လည်ရှိပြီး TZA Group ဦးတေဇာအောင် မြန်မာမူဗိသုကာနှင့်အဖွဲ့က ၂၀၁၂ခုနှစ် ဒီဇင်ဘာလက စတင်၍ ရပ်နီးရပ်ဝေးမှ စေတနာရှင်၊ အလှူရှင်များ၏စုပေါင်းလှူဒါန်းငွေများဖြင့် တည်ထားတော်မူခဲ့ကြောင်း သိရသည်။

**တိုးတိုးမေ(ဟိုပင်)**

# ကယားတိုင်းရင်းသားရိုးရာ ဒီးကူပွဲတော်ကျင်းပ

**လွိုင်ကော် အောက်တိုလာ ၃၀**

ကယားတိုင်းရင်းသားများ၏ ရိုးရာပွဲတော်တစ်ခုဖြစ်သော ဒီးကူပွဲတော်ကို ကယားပြည်နယ် လွိုင်ကော်မြို့ နိုးကိုးကျေးရွာအုပ်စု၌ အောက်တိုဘာ ၂၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်ခြင်းကိုဖော်ဆောင်သော ရိုးရာဒီးကူပွဲတော်ကို ကယားပြည်နယ် ကျေးရွာဒေသတိုင်းတွင် ကျင်းပခဲ့ပြီးဖြစ်ရာ ယခုကျင်းပသော နိုးကူးကျေးရွာအုပ်စုပွဲတော်မှာ ၂၀၁၅ ခုနှစ်အတွက် နောက်ဆုံးကျင်းပသည့် ဒီးကူပွဲတော်ဖြစ်ကြောင်း သိရသည်။ ရှေးက ကယားတိုင်းရင်းသားတို့ စစ်တိုက်ရာတွင် ထမင်းအစား လွယ်လွယ်ဖြင့် မပုပ်မသိုးနိုင်သော ဒီးကူကောက်ညှင်းထုပ်ကိုထုပ်ပြီး တောင်ဘက်အရပ်မှ မြောက်ဘက်အရပ်သို့ ရန်သူများအား တိုက်ထုတ်အောင်မြင်မှုရခဲ့ခြင်းကို အစွဲပြု၍ ဒီးကူပွဲတော်ကို တောင်ဘက်အရပ်ရှိ ကျေးရွာဒေသများမှစကာ မြောက်ဘက်သို့ဦးတည်ပြီး ကျင်းပလေ့ရှိကြောင်း သိရသည်။

နိုးကိုးကျေးရွာအုပ်စုတွင် ဒါဆော်လဲကျေးရွာ၊ နိုးကိုးစံပြကျေးရွာ၊ နိုးကိုးရွာမ ကျေးရွာသုံးရွာရှိပြီး ပွဲတော်တွင် ဒေသခံကယားတိုင်းရင်းသားများ စည်းလုံးညီညွတ်စွာ ပါဝင်ဆင်နွှဲခဲ့သည်ကို တွေ့ရသည်။ ပွဲတော်ကို ရိုးရာအစဉ်အလာမပျက် ကျင်းပခဲ့ပြီး နောင်နှစ်များတွင်လည်း ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း၊ ပွဲတော်ကို စပါးစိုက်ပျိုးပြီးအချိန် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ကျင်းပလေ့ရှိကြကြောင်း သိရသည်။

**ရဲနောင်(လွိုင်ကော်)**

# မဲလက်မှတ်နှင့် မဲရုံသုံးပစ္စည်းများ ရပ်/ကျေးကော်မရှင်များထံ ထုတ်ပေး

**တနင်္သာရီ အောက်တိုဘာ ၃၀**

အထွေထွေရွေးကောက်ပွဲတွင် မဲရုံများ၌ အသုံးပြုမည့် မဲလက်မှတ်၊ မဲပုံးနှင့် မဲရုံသုံးပစ္စည်းများကို တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့များထံသို့ အောက်တိုဘာ ၂၈ ရက်မှစ၍ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးစီမံခန့်ခွဲမှုကော်မတီတို့က တနင်္သာရီမြို့နယ်အတွင်းရှိ ရပ်ကွက်နှစ်ခုနှင့် ကျေးရွာအုပ်စု ၁၉ စုတို့မှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံ ထုတ်ပေးခဲ့ခြင်းဖြစ်ပြီး ရပ်ကွက်နှင့်ကျေးရွာ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအား မဲလက်မှတ်များသည် အလွန်အရေးကြီး၍ ပျက်စီး/ပျောက်ပျက်မှုမရှိစေရန် လုံခြုံစွာစနစ်တကျ သယ်ယူ၊ ထိန်းသိမ်းကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ထုတ်ပေးခဲ့သော ဆန္ဒမဲလက်မှတ်နှင့် မဲရုံသုံးပစ္စည်းများ သက်ဆိုင်ရာ မဲရုံများသို့ လုံခြုံစွာရောက်ရှိစေရန်အတွက် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၊ အုပ်ချုပ်ရေးမှူးများ၊ မဲရုံအဖွဲ့ဝင်များနှင့်အတူ ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့များကလည်း ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီ ကူညီပို့ဆောင်ပေးကြကြောင်း မြို့နယ်လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီထံမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**



မဲလက်မှတ်များ သယ်ဆောင်လာစဉ်။

# သံဃာအပါး ၁၈၀၀ကျော် ဆွမ်းဆန်စိမ်းလောင်းလှူ

**မြဝတီ အောက်တိုဘာ ၃၀**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် သံဃနာယကအဖွဲ့၏ ဦးဆောင်မှုနှင့် ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် သံဃမဟာပဝါရဏာပြုပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မြို့ကျက်သရေဆောင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၌ အောက်တိုဘာ ၂၈ ရက် သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာနေ့)က ကျင်းပခဲ့ကြောင်း သိရသည်။

မြဝတီခရိုင်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမိုးညို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များက သာသနာ့ဟိတကာရီဗိမာန်တော်၌ နေ့ဆွမ်းဆက်ကပ်ပြီး မွန်းလွဲ ၁ နာရီတွင် ဘုရားကြီးကျောင်းတိုက် ခဏ္ဍသိမ်တော်၌ ဂိုဏ်းပေါင်းစုံသံဃမဟာပဝါရဏာပြုပွဲကို ကျင်းပခဲ့သည်။

ထို့နောက် ခရိုင်အတွင်းရှိ ကျောင်းတိုက် ၁၉၆ တိုက်မှ သံဃာတော်များနှင့် သီလရှင်များ စုစုပေါင်း အပါး ၁၈၀၀ ကျော်အား ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ထိုင်းနိုင်ငံတာ(ခ်)ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဧည့်သည်တော်များ၊ နိုင်ငံရေးပါတီများမှ ပါတီဝင်များ၊ စေတနာရှင်အလှူရှင်များ၊ လူမှုရေးနှင့်ဘာသာရေး အသင်းအဖွဲ့ဝင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# ပွန်ချောင်းတံတား (ရှားတော) ဖွင့်လှစ်

**လွိုင်ကော် အောက်တိုဘာ ၃၀**

ကယားပြည်နယ် ရှားတောမြို့နယ် ပွန်ချောင်းကျေးရွာ၌ ကယားပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် ပွန်ချောင်းတံတားဖွင့်ပွဲကို အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

တံတားဖွင့်ပွဲတွင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးချစ်လှက အမှာစကားပြောကြားပြီး ကယားပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်၊ လူမှုရေးဝန်ကြီး ဦးကိုးရယ်နှင့် တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ခဲ့သည်။

ပွန်ချောင်းတံတား (ရှားတော)သည် လွိုင်ကော်-ရှားတော- တာတမော့ကားလမ်းပေါ်တွင်ရှိပြီး ပြည်နယ်ရန်ပုံငွေ ကျပ်သန်း ၆၂၀ ဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း စတင်တည်ဆောက်ခဲ့ကာ ယခုနှစ် စက်တင်ဘာလကုန်ပိုင်းတွင် ပြီးစီးခဲ့ကြောင်း၊ တံတားအရှည်ပေ ၃၀၀ ရှိပြီး သံကူကွန်ကရစ်နှင့် ကွန်ကရစ်ကြမ်းခင်းဖြစ်ကာ ယာဉ်သွားလမ်း ၂၄ ပေနှင့် လူသွားလမ်း တစ်ဖက် ၃ ပေစီပါဝင်ကြောင်း၊ ခံနိုင်ဝန် တန် ၆၀ ရှိကြောင်း သိရသည်။ ပွန်ချောင်းတံတား (ရှားတော)သည် ယခင်က တစ်လမ်းသွားတံတားဖြစ်၍ ဝန်လေးယာဉ်များ ဖြတ်သန်းနိုင်ခြင်းမရှိခဲ့ကြောင်း၊ လူစီးယာဉ်ငယ်များ ဆိုင်ကယ်များနှင့် စက်ဘီးများ လူများဖြတ်သန်းရာတွင် စောင့်ဆိုင်းဖြတ်သန်းနေရ၍ အချိန်နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

# ကသာနှင့် နဘားဘူတာကြား သဘာဝအလှများကို နိုင်ငံခြားဧည့်သည်များ လေ့လာ

**ကသာ အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ မီးရထားဘူတာနှင့် နဘားကျေးရွာ မီးရထားဘူတာကြား သဘာဝတောတောင်များကို ဗြိတိန်နိုင်ငံသား နိုင်ငံခြားဧည့်သည်များက အောက်တိုဘာ ၂၇ ရက်က မြန်မာ့မီးရထား၏ ကူညီပံ့ပိုးမှုဖြင့် လေ့လာကြည့်ရှုခဲ့ကြောင်း သိသည်။

Myanmar Cruises Co.Ltd ၏ အစီအစဉ်ဖြင့် ဗြိတိန်နိုင်ငံသား ဧည့်သည် ၃၇ ဦးသည် ကသာမြို့သို့ ရောက်ရှိစဉ် ကသာဘူတာနှင့် နဘားကျေးရွာဘူတာကြားရှိ ဖက်ဆွတ်တောင်တန်းအလှနှင့် သဘာဝပတ်ဝန်းကျင်အလှအပများကို ကြည့်ရှုလေ့လာရန် မီးရထားစင်းလုံးငှား၍ လေ့လာခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာ့မီးရထား၏ အကူအညီနှင့် မြန်မာ့မီးရထားရဲတပ်ဖွဲ့တို့က နိုင်ငံခြားသားဧည့်သည်များကို ကူညီပေးခဲ့ပြီး နိုင်ငံခြားသား ဧည့်သည်များအနေဖြင့် သဘာဝအလှအပများကို ကြိုက်နှစ်သက်ခဲ့ကြကြောင်း ဧည့်လမ်းညွှန်များထံမှ သိရသည်။

ကသာမြို့မှ နဘားဘူတာကြား ရထားလမ်းတစ်လျှောက်တွင် လမ်းဘေးဝဲယာ ချုံနွယ်သစ်ပင်သစ်ကိုင်းများနှင့်လွတ်ရန် လိုအပ်နေခြင်း၊ မီးရထားလမ်းပိုင်းများကောင်းမွန်ပြီး အချိန်ကြာမြင့်မှုမရှိအောင် ပြင်ဆင်ခြင်း၊ မီးရထားလမ်းကြွံခိုင်မှုရှိစေရန် သံလမ်းအောက်ခံ သစ်သားဇလီဖားတုံးများကို ခေတ်နှင့်လျော်ညီစွာ အစားထိုးပြုပြင်ဆောင်ရွက်ပေးခြင်းနှင့် မိုးတွင်ကာလတွင် ရေလွှမ်းမိုးမှုဒဏ် လျော့ကျစေရန် ရေနုတ်မြောင်းများပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးမည်ဆိုပါက ကုန်စည်စီးဆင်းမှု ပိုမိုအားကောင်းလာပြီး နိုင်ငံဘဏ္ဍာငွေ ပိုမိုရရှိစေမည်ဖြစ်ကြောင်း ဧည့်လမ်းညွှန်တစ်ဦးက ပြောကြားသည်။

ဗြိတိန်နိုင်ငံသား ဧည့်သည်များသည် အောက်တိုဘာ ၂၁ ရက်တွင် ရန်ကုန်မြို့သို့ရောက်ရှိခဲ့ပြီး ၂၁ ရက်တွင် ဧရာဝတီမြစ် ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ လိုင်စင်ရ RV Orcrella အပျော်စီး ရေယာဉ်ဖြင့် ရန်ကုန်၊ မန္တလေး၊ မင်းကွန်း၊ နွယ်ငြိမ်း၊ ကျောက်လုံးကြီးရွာ၊ ကြာညှပ်ရွာများမှတစ်ဆင့် ကသာမြို့သို့ အောက်တိုဘာ ၂၇ ရက်တွင် ကသာမြို့သို့ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဧည့်သည်များသည် အောက်တိုဘာ ၂၈ ရက်တွင် ကသာမြို့မှ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်ကာ ရွှေကူ၊ ရွှေပေါ်ကျွန်း၊ မလယ်၊ ရှိမ်းမကား၊ မန္တလေး၊ ရွှေကြက်ယက်၊ ပုဂံဒေသများသို့ သွားရောက်လည်ပတ်ခဲ့ကာ နိုဝင်ဘာ ၂ ရက်တွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **ငွေအိုး(ကသာ)**



# ရွေးကောက်ပွဲ မဲပေးရာမှာ အထောက်အကူပြုမယ့် မိုဘိုင်းအပလီကေးရှင်းများ

သူရဖြိုး

အထွေထွေရွေးကောက်ပွဲကြီးကို မကြာမီရက်ပိုင်းအတွင်းမှာ ကျင်းပတော့မှာဖြစ်ပါတယ်။ နိုင်ငံရေးပါတီများရဲ့ အပြိုင်အဆိုင်မဲဆွယ်မှုတွေနဲ့အတူ ရွေးကောက်ပွဲကို လူအများစိတ်ဝင်စားမှု မြင့်တက်နေချိန်မှာ နည်းပညာလုပ်ငန်းများ၊ ပညာရှင်များကလည်း ရွေးကောက်ပွဲအတွက် သတင်းအချက်အလက်တွေပေးမယ့်၊ မဲပေးရာမှာ အထောက်အကူပြုမယ့် မိုဘိုင်းအပလီကေးရှင်းတွေကို ထုတ်လုပ်ပေးလာသလို ဝက်ဘ်ဆိုက်အချို့ကိုလည်း အသစ်တင်လာတာ တွေ့ရပါတယ်။ ဖေ့စ်ဘုတ်မှာလည်း ရွေးကောက်ပွဲဆိုင်ရာ အသိပညာနဲ့ သတင်းအချက်အလက်ပေးတဲ့ စာမျက်နှာတွေ ရှိနေပါတယ်။ လတ်တလောမှာ လူသိများနေတဲ့ မိုဘိုင်းအပလီကေးရှင်းအချို့ကို စုစည်းဖော်ပြလိုက်ပါတယ်။

**မဲပေးစို့(Maepaysoh)**

ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကို ရှာဖွေနိုင်မယ့် မိုဘိုင်းဖုန်းအပလီကေးရှင်းဖြစ်ပါတယ်။ Koe Koe Wave Team က ပြုလုပ်ထားတဲ့ အပလီကေးရှင်းဖြစ်ပြီး ဝက်ဘ်ဆိုက်လည်းရှိပါတယ်။ ဝက်ဘ်ဆိုက်လိပ်စာက http://vote.koekoetech.com ဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ပါဝင်မယ့်နိုင်ငံရေးပါတီတွေအကြောင်း၊ နယ်မြေအလိုက် ကိုယ်စားလှယ်တွေရဲ့ အချက်အလက်တွေ၊ မဲပေးပုံအဆင့်ဆင့်၊ ကိုယ်စားလှယ်လောင်းတွေကို လွှတ်တော်အလိုက်မဲပေးနည်း၊ နိုင်ငံရေးပါတီတွေရဲ့ မူဝါဒ စတာတွေကို ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ အပလီကေးရှင်းကို maepaysoh.apk ဆိုတဲ့အမည်နဲ့ Play Store မှာ ဒေါင်းလုပ်ဒ်ရယူနိုင်ပါတယ်။

**ကြည့်(Kyeet)**

ပြည်တွင်းက နည်းပညာအခြေပြု အရပ်ဘက်လူမှုအဖွဲ့အစည်းနှစ်ခုဖြစ်တဲ့ MIDO နဲ့ Center for Civic Technology(CCT)တို့ ပူးပေါင်းပြီး ရွေးကောက်ပွဲစောင့်ကြည့်ဖို့ ရည်ရွယ်ချက်နဲ့ ထုတ်လုပ်ထားတဲ့ မိုဘိုင်းအပလီကေးရှင်းဖြစ်ပါတယ်။ အပလီကေးရှင်းက အန်းဒရွိုက်ဖုန်းတွေအတွက်ပဲဖြစ်ပြီး အန်းဒရွိုက်ဖုန်းမသုံးတဲ့သူတွေကတော့ ဝက်ဘ်ဆိုက်ကနေ ကြည့်နိုင်ပါတယ်။ ဝက်ဘ်ဆိုက်ရဲ့လိပ်စာက www.kyeet.org ဖြစ်ပါတယ်။ ကြည့်အပလီကေးရှင်းမှာ သာမန်သတင်းအချက်အလက်ပေးတာထက် ပိုတဲ့လုပ်ဆောင်ချက်တွေ ပါဝင်ပါတယ်။ ရွေးကောက်ပွဲနေ့မှာ စောင့်ကြည့်လေ့လာသတင်းပို့တိုင်ကြားနိုင်မယ့်စနစ် ပါဝင်ပြီး မဲသွားပေးချိန်မှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေ၊ ပြဿနာတွေကို အပလီကေးရှင်းကိုသုံးပြီး မိမိရဲ့တည်နေရာ (ပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ်၊ရပ်ကွက်/ကျေးရွာ)ကို တစ်ဆင့်ချင်းရွေးချယ်သွားပြီး တိုင်ကြားလိုသူနဲ့ အကြောင်းအရာများကို ရွေးချယ်တိုင်ကြားနိုင်မှာ ဖြစ်ပါတယ်။ တိုင်ကြားမယ့် အကြောင်းအရာတွေ ရွေးချယ်ပြီးလို့ "သတင်းပို့မည်" ကို နှိပ်လိုက်ရင် ဖုန်းမှာ အင်တာနက်ရှိရင် အင်တာနက်ကိုသုံးပြီး မရှိရင် ဖုန်းမက်ဆေ့ကိုသုံးပြီး တိုင်ကြားနိုင်အောင် စီစဉ်ထားတယ်လို့ သိရပါတယ်။

ပေးပို့လိုက်တဲ့ တိုင်ကြားချက်များကို တည်နေရာအလိုက် မြေပုံနဲ့ ပြန်ပြပေးနေမှာဖြစ်လို့ အပလီကေးရှင်းသုံးသူတွေအနေနဲ့ ဘယ်နေရာမှာ တိုင်ကြားမှုဘယ်လောက်ရှိတယ်။ ဘယ်နေရာက တိုင်ကြားမှုအများဆုံးဖြစ်နေတယ်ဆိုတာတွေကို သိရှိနိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် တိုင်ကြားမှုတွေထဲကမှ အတည်ပြုပြီးသတင်းနဲ့ အတည်မပြုသေးတဲ့သတင်းလို့ ခွဲခြားဖော်ပြထားမှာဖြစ်ပြီး အတည်ပြုပြီးတဲ့ တိုင်ကြားမှုတွေကို ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့တွေ၊ သတင်းမီဒီယာတွေနဲ့ ပူးပေါင်းပြီး ဆက်လက်ဖော်ထုတ်ပေးသွားမယ်လို့ သိရပါတယ်။

အသုံးဝင်အချက်အလက်များ ခေါင်းစဉ်အောက်မှာတော့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမယ့်သူတွေ၊ ပါတီတွေနဲ့ ယှဉ်ပြိုင်မယ့် ကိုယ်စားလှယ်တွေအနေနဲ့ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေ၊ မဲဆန္ဒရှင်တွေအတွက် သတိပြုသင့်တဲ့အချက်တွေနဲ့ အခြားအသုံးဝင်အချက်အလက်တွေကို ဖော်ပြထားပါတယ်။

**mVoter**

ရွေးကောက်ပွဲအတွက် ထွက်ထားတဲ့ မိုဘိုင်းအပလီကေးရှင်းအများစုဟာ အန်းဒရွိုက်ဖုန်းတွေအတွက်ဖြစ်ပေမယ့် mVoter အပလီကေးရှင်းကတော့ အိုင်ဖုန်းတွေအတွက်ပါ ထွက်ထားပါတယ်။ အပလီကေးရှင်းတွေကို အန်းဒရွိုက်အတွက် Google Play store နဲ့ အိုင်ဖုန်းအတွက် Apple app store မှာ ဒေါင်းလုဒ်ရယူနိုင်ပါတယ်။ အာရှဖောင်ဒေးရှင်းနဲ့ နည်းပညာအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ဖန်တီးရာတို့ ပူးပေါင်းကျင်းပခဲ့တဲ့ ရွေးကောက်ပွဲအထောက်အကူပြု မဲပေးစို့(Let's Vote) Hack Challenge ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်သူ ၂၀၀ ကျော်ထဲက အကောင်းဆုံးဆုရခဲ့တဲ့ အပလီကေးရှင်းဖြစ်ပြီး Pop Stack အဖွဲ့ ထုတ်လုပ်ထားတာဖြစ်ပါတယ်။

**Mae**

ဒီအပလီကေးရှင်းကလည်း အပလီကေးရှင်းပြိုင်ပွဲမှာ ဆုရတဲ့အပလီကေးရှင်းတစ်ခုပဲဖြစ်ပါတယ်။ မဲပေးရာမှာ သိသင့်တဲ့အချက်တွေ၊ သတိပြုရမှာတွေကို ဖော်ပြပေးထားသလို နယ်မြေအလိုက် ကိုယ်စားလှယ်လောင်းတွေရဲ့ အကြောင်းတွေ ဖော်ပြပေးထားပါတယ်။ ဒီအပလီကေးရှင်းကိုသုံးပြီး မဲပေးရမယ့်စာရင်းမှာ အမည်ပါ၊ မပါကိုလည်း ကြည့်နိုင်မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲလုပ်ထုံးလုပ်နည်း၊ မဲပေးနည်းတွေကို နားမလည်သူတွေအနေနဲ့ မဲပေးရာမှာ ပယ်မဲဖြစ်မသွားစေဖို့ လေ့ကျင့်နိုင်မယ့် ဂိမ်းလည်း ပါဝင်ပါတယ်။

**Tara Vote**

ပြည်တွင်းနည်းပညာ ကုမ္ပဏီတစ်ခုဖြစ်တဲ့ Tara Aung ကုမ္ပဏီက ရေးသားထားတဲ့ အပလီကေးရှင်းဖြစ်ပါတယ်။ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ ပါတီစာရင်း၊ ကိုယ်စားလှယ်လောင်းစာရင်း၊ မဲစာရင်း၊ မဲဆန္ဒနယ်တွေ၊ လက်ရှိလွှတ်တော်ကိုယ်စားလှယ်စာရင်း၊ ရွေးကောက်ပွဲဆိုင်ရာ အမေးအဖြေတွေ၊ ပယ်မဲဖြစ်နိုင်တဲ့အချက်တွေ၊ ခိုင်လုံမဲဖြစ်အောင် မဲပေးဖို့ သိထားသင့်တဲ့အချက်တွေကို ဒီအပလီကေးရှင်းသုံးပြီး သိရှိနိုင်မှာဖြစ်ပါတယ်။

မဲစာရင်းမှာ အမည်ပါမပါကိုလည်း စစ်နိုင်ပြီး ရွေးကောက်ပွဲနဲ့ပတ်သက်လို့ မေးမြန်းထားတဲ့မေးခွန်းတွေကိုလည်း ဖတ်နိုင်မှာဖြစ်ပါတယ်။ အဲဒါအပြင် မဲပေးတဲ့နေ့မှာ ဆောင်ရွက်ရမယ့် လမ်းညွှန်အဆင့်ဆင့်ကိုလည်း ထည့်သွင်းထားတာ တွေ့ရပါတယ်။

ထူးခြားချက်ကတော့ မဲစစ်တမ်း ပါဝင်တာဖြစ်ပါတယ်။ ကိုယ်ထောက်ခံတဲ့ ပါတီကို အပလီကေးရှင်းထဲမှာပဲ အစမ်းသဘော မဲပေးနိုင်ပါတယ်။ မဲစစ်တမ်းအားလုံး ဘယ်လောက်ပေးထားပြီးပြီလဲ၊ ဘယ်ပါတီက မဲဘယ်လောက်ရလဲဆိုတာတွေကို အချိန်နဲ့တစ်ပြေးညီ ကြည့်နိုင်မှာဖြစ်ပါတယ်။ အပလီကေးရှင်းထဲက သတင်းအချက်အလက်တွေအတွက် မဲပေးစို့ API ကို အဓိကသုံးပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)နဲ့ မြန်မာနိုင်ငံ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်ကွန်ယက်(MERIN)တို့ကနေ ရယူထားတယ်လို့ သိရပါတယ်။ ။

**New Product**

## စွမ်းဆောင်ရည်နဲ့ ဈေးနှုန်းထိုက်တန်တဲ့ Samsung Galaxy J2

Galaxy J2 ဟာ ပြည်တွင်းဈေးကွက်ကို အောက်တိုဘာလလယ်ပိုင်းမှာ စတင်ဝင်ရောက်လာတဲ့ ဆမ်ဆောင်းစမတ်ဖုန်း မော်ဒယ်သစ်ဖြစ်ပါတယ်။ ဆမ်ဆောင်းရဲ့ ထိပ်တန်းဖုန်းတွေလို အကောင်းဆုံးစွမ်းဆောင်ရည်မျိုးမပါဝင်ပေမယ့် တန်ဖိုးက မများတာကြောင့် သုံးဖို့သင့်တော်တဲ့ဖုန်းတစ်လုံးဖြစ်ပါတယ်။

မျက်နှာပြင်အကျယ် ၄ ဒသမ ၇ လက်မရှိပြီး အန်းဒရွိုက်ဗားရှင်းက 5.1.1 (Lollipop) ဖြစ်ပါတယ်။ စီပီယူက Quad-core 1.3GHz ကို သုံးထားပြီး အင်တာနယ်မင်မိုရီက 8GB နဲ့ RAM 1GB ပါဝင်တာကြောင့် အပလီကေးရှင်းနဲ့ ဂိမ်းအမျိုးမျိုးကို ပေ့ါပေ့ါပါးပါး အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ မင်မိုရီကတ်ကို 128GB အထိ ထပ်စိုက်နိုင်အောင် ထောက်ပံ့ပေးထားလို့ တန်ဖိုးမများတဲ့ ဖုန်းတစ်လုံးအနေနဲ့ အားသာချက်တစ်ခုဖြစ်ပါတယ်။



နောက်ကင်မရာက ၅ မဂ္ဂါပစ်ဇယ်နဲ့ ရှေ့ကင်မရာက ၂ မဂ္ဂါပစ်ဇယ်သာပါဝင်လို့ ကင်မရာကောင်းမွန်မှုကို ဦးစားပေးထုတ်နေတဲ့ စမတ်ဖုန်းတွေကြားမှာ ကင်မရာပိုင်းအားနည်းချက် ရှိနေတာတွေ့ရပါတယ်။ ဂျီအက်စ်အမ်နက်ဝပ်ဖြစ်ပြီး အင်တာနက် 3G ကနေ LTE အထိ သုံးနိုင်အောင် ထောက်ပံ့ပေးထားပါတယ်။ ရွှေရောင် သုံးမျိုးရနိုင်မှာဖြစ်ပြီး ဈေးနှုန်းက ကျပ်တစ်သိန်းငါး... အသုံးပြုရင်လည်း ပါတယ်။ အဖြူ အမည်းနဲ့ သောင်းခန့်ဖြစ်ပါတယ်။ **သူရဖြိုး**

## တယ်လီနောကွန်ရက်သည် မြန်မာနိုင်ငံတွင်အကြီးဆုံး 3G ကွန်ရက်ဖြစ်လာဟုဆို

**ရန်ကုန် အောက်တိုဘာ ၃၀**

တယ်လီနောမြန်မာသည် ပြည်တွင်းမိုဘိုင်းကွန်ရက်တွင် တစ်နှစ်အတွင်း 3G ကွန်ရက်ချိတ်ဆက်ထားသည့် တာဝါတိုင် ၃၄၀၀ နီးပါးကို စိုက်ထူခဲ့ပြီး မြန်မာနိုင်ငံတွင် အကြီးဆုံး 3G ကွန်ရက်ဖြစ်လာကြောင်း တယ်လီနောမြန်မာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Mr. Petter Furberg က "ကျွန်တော်တို့ကွန်ရက်က အခုဆိုရင် မြန်မာနိုင်ငံမှာ အကြီးဆုံးကွန်ရက်တစ်ခုဖြစ်သွားပါပြီ။ တစ်နှစ်အတွင်းမှာပဲ တာဝါတိုင် ၃၃၈၀ ကျော်ကို တည်ဆောက်နိုင်ခဲ့ပါတယ်။ ရန်ကုန်က ကွန်ရက်ဆိုရင် တာဝါတိုင် ၉၂၀ ကျော် တိုးပွားလာပါတယ်"ဟု ပြောသည်။

တယ်လီနောကို ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်း စတင်မိတ်ဆက်ချိန်တွင် တာဝါ ၃၄၈ တိုင်ဖြင့် စတင်ဝန်ဆောင်မှုပေးခဲ့ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

တယ်လီနောကွန်ယက်ကို ယခုအချိန်တွင် မန္တလေး၊ ရန်ကုန်၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးများ၊ ကရင်၊ မွန်၊ ကချင်၊ ရှမ်း၊ ကယားပြည်နယ်များနှင့် နေပြည်တော်အပါအဝင် အဓိကဒေသ ၁၃ ခုတွင် ဖြန့်ကြက်ထားပြီးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင်လည်း ကွန်ယက်ကိုဆက်လက်ဆောင်ရွက်နေပြီး မကြာမီအတွင်း စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ်၌လည်း ၂၀၁၅ ခုနှစ်၏ စတုတ္ထသုံးလပတ်အတွင်း ဆက်လက်၍ ကွန်ရက်များတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

တယ်လီနော၏ ကွန်ရက်တည်ဆောက်မှုများ ပိုမိုကောင်းမွန်စေရန် အသုံးပြုသူများ၏ အကြံပြုချက်များအား ကွင်းဆင်းစစ်တမ်းကောက်ယူခြင်းကိုလည်း ပြုလုပ်လျက်ရှိပြီး အသုံးပြုသူများ၏ အကြံပြုချက်များအပေါ်မူတည်၍ လိုအပ်သည့်နေရာများတွင် ကွန်ရက်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သူရဖြိုး**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ရှမ်းပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

(၁) ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ရှမ်းပြည်နယ်(တောင်ကြီးဒေသ၊ လားရှိုးဒေသ၊ ကျိုင်းတုံဒေသ)အတွင်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဆေးဝါးများဝယ်ယူရန်ရှိပါသဖြင့် စိတ်ဝင်စားသောဆေးကုမ္ပဏီများထံမှ FDAအသိအမှတ်ပြုဆေးဝါးများအား တင်သွင်းရန် အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

(၂) တင်ဒါစည်းမျဉ်းစည်းကမ်းအသေးစိတ်နှင့် တင်သွင်းရမည့်ဆေးဝါးများ အသေးစိတ်စာရင်းကို ရှမ်းပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၈၁-၂၁၂၁၀၆၉ သို့ ဆက်သွယ်၍ ဖြစ်စေစုံစမ်းမေးမြန်းနိုင်ပါသည်။

(၃) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၆-၁၀-၂၀၁၅ ရက်(တနင်္လာနေ့)
**တင်ဒါပိတ်ရက်** - ၂၀-၁၁-၂၀၁၅ ရက်(သောကြာနေ့)၏

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရှမ်းပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**တောင်ကြီးမြို့**



**မဒေါက်မြို့၊ အထကမှ (၁၄)ကြိမ်မြောက်**
**အာစရိယပူဇော်ပွဲကျင်းပမည်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့ အထက၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများမိတ်ဆုံစားပွဲကို (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့) ၂၆-၁၁-၂၀၁၅ရက် နံနက် ၉ နာရီတွင် အထက-နဝဒေးခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

| | | | |
|---|---|---|---|
| ရန်ကုန် | - | ဗိုလ်ကြီးခင်ဝင်း(ငြိမ်း) | ဖုန်း-၀၉-၅၀၁၉၅၄၀ |
| | - | ဦးသန်းလွင် | ဖုန်း-၀၉-၅၁၀၈၇၉၉ |
| | - | ဦးအေးလွင် | ဖုန်း-၀၉-၅၁၈၁၁၀၅၀ |
| မန္တလေး- | - | ဦးဝင်းထိန် | ဖုန်း-၀၉-၆၈၀၄၆၅၈ |
| | - | ဒေါ်ဝင်းသန်း | ဖုန်း-၀၉-၇၉၇၈၀၁၈၃၆ |
| မဒေါက် | - | ဒေါ်ခင်ဆွေဝင်း (ကျောင်းအုပ်ဆရာမကြီး) | ဖုန်း-၀၉-၇၉၄၁၆၇၀၆၆ |
| | - | ဦးလှကြည် | ဖုန်း-၀၉-၅၃၈၅၅၀၇ |
| | - | ဒေါ်စမ်း | ဖုန်း-၀၉-၃၁၂၅၅၀၅၇ |



**ဖြူးဆရာတော်တပည့် မြိုင်ဆရာတော်တရားပွဲ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၅ ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာ၊ ပဓာန နာယက၊ မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်းပြည်ပနယ်လှည့်ဓမ္မကထိက)အရှင်သူမြတ်သည် အောက်တိုဘာ ၃၁ရက်တွင် ပြင်ဦးလွင်မြို့ အနီးစခန်းဓမ္မသဘင်၊ နိုဝင်ဘာ ၂ ရက်တွင် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှင်ရပ်ကွက်၊ ဆွမ်းအောင်ပွဲ ဓမ္မသဘင်နှင့် ၃ ရက်တွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၂)လမ်း ဆွမ်းအောင်ပွဲ ဓမ္မသဘင်တို့၌ ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားပွဲပင့်လျှောက်လိုသူများ ဖုန်း-၀၉-၅၀၄၇၇၆၁၊ ၀၉-၄၂၁၁၅၁၀၃၀ တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ပါသည်။



**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 4E/3535 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)**



**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 2E/4318 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**



**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 9F/4127၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**



**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ဃ/၈၅၀၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**


အသွင်သစ်
အမြင်သစ်
UAB ဘဏ်မှ customer များအား ခေတ်အမီဆုံး နည်းစနစ်များသုံးကာ
နိုင်ငံတကာဘဏ်လုပ်ငန်းအတွေ့အကြုံရှိသော ပညာရှင်များမှ ဝန်ဆောင်မှုများ ပေးနေပါပြီ ။
Customer တို့၏ အားထားယုံကြည်မှုနှင့် ကျွန်ုပ်တို့၏ ကျွမ်းကျင်မှုတို့ပေါင်းစပ်ကာ အားမာန်အပြည့်နှင့် ရှေ့ဆက်လျှက် ...
It's all about YOU!
UAB
United Amara Bank
Safe, Sound & Trustworthy




ကွယ်လွန်သူ ဒေါ်စိန်လှိုင်(ခ)ဒေါ်ယုလှိုင် အသက်(၇၈)နှစ်အားရည်စူး၍ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၅၂၉/၆) စက်မှုဇုန်(၁)၊ ပင်လုံလမ်းရှိ(မြန်မာဝင့်နဝရတ်-ကုမ္ပဏီလီမိတက်)မှ ခင်ပွန်းဖြစ်သူ ဦးကင်စင်းမိသားစုတို့သည် ဒဂုံ မြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာ ရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ ငွေကျပ်သိန်း ၁၀၀ လှူဒါန်းခဲ့ရာ အုပ်ချုပ်ရေးမှူး ဦးပြုံးက လက်ခံရယူခဲ့သည်။



ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့နေ Ready Planet,Chairman,Mr.Songyot Kanthamanon မှ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းသို့ Thai Baht 30000 (Baht Thirty thousand-only) လှူဒါန်းရာဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အောင်ဘဲလ်(ငြိမ်း) က လက်ခံရယူခဲ့သည်။


## အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
### (၁၁)ညအိပ်(၁၂)ရက်ခရီးစဉ်နှင့်(၄)ညအိပ်(၅)ရက်အထူးခရီးစဉ်

အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့သည် ယခုနှစ် ၂၀၁၅-၂၀၁၆ခုနှစ်၊ ဘုရားဖူးရာသီတွင် သံဝေဇနီယလေးဌာန(အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များအား ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ နောက်ဆုံးပတ်မှ စတင်၍"အောင်ချမ်းသာမှသင့်ဆန္ဒပြည့်ဝစေရမည်" ဟူသောဆောင်ပုဒ်နှင့်အညီတစ်ပတ်ခြားတနင်္လာနေ့တိုင်းထွက်ခွာရန် စီစဉ်ထားရှိသည့်(၁၁)ညအိပ်(၁၂)ရက်ခရီးစဉ်အပြင်အထူးခရီးစဉ်အဖြစ်ကျန်းမာရေးအတွက်ကြောင့်ခရီးရှည်မသွားနိုင်သောသူများနှင့်အချိန်မပေးနိုင်သောသူများအတွက်(၄)ညအိပ်(၅)ရက်အထူးခရီးစဉ်ကိုစီစဉ်ထားရှိပါသည်။ခရီးစဉ်မှာ ဗုဒ္ဓဂယာ(၂)ည၊ဗာရာဏသီ(မိဂဒါဝုန်)(၁)ည၊အပြန်ဗုဒ္ဓဂယာ(၁)ညဖြစ်ပါသည်။ထွက်ခွာမည့်ရက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။(၄)ညအိပ်(၅)ရက်အထူးခရီးစဉ်များမှာ-

ခရီးစဉ်(၁)၂၁-၁၂-၂၀၁၅ မှ ၂၅-၁၂-၂၀၁၅၊(၂)၄-၁-၂၀၁၆ မှ ၈-၁-၂၀၁၆၊(၃)၁၈-၁-၂၀၁၆ မှ ၂၂-၁-၂၀၁၆

ပုံမှန်(၁၁)ညအိပ်(၁၂)ရက်ခရီးစဉ်များမှာ-

| | | | |
|---|---|---|---|
| (၁) ၂၈-၉-၂၀၁၅ (ရောက်ရှိ) | (၅) ၂၃-၁၁-၂၀၁၅ (ပြည့်ပြီး) | (၉) ၁၈-၁-၂၀၁၆ (၂၀)ဦးလို | (၁၃) ၁၄-၃-၂၀၁၆ (၁၅)ဦးလို |
| (၂) ၁၂-၁၀-၂၀၁၅ (ရောက်ရှိ) | (၆) ၇-၁၂-၂၀၁၅ (ပြည့်ပြီး) | (၁၀) ၁-၂-၂၀၁၆ (၁၀)ဦးလို | (၁၄) ၂၈-၃-၂၀၁၆ (၃၀)ဦးလို |
| (၃) ၂၆-၁၀-၂၀၁၅ (ထွက်ခွာ) | (၇) ၂၁-၁၂-၂၀၁၅ (၂၀)ဦးလို | (၁၁) ၁၅-၂-၂၀၁၆ (၅)ဦးလို | (၁၅) ၁၁-၄-၂၀၁၆ (ပြည့်ပြီး) |
| (၄) ၉-၁၁-၂၀၁၅ (ပြည့်ပြီး) | (၈) ၄-၁-၂၀၁၆ (၂၅)ဦးလို | (၁၂) ၂၉-၂-၂၀၁၆ (၂၅)ဦးလို | (သင်္ကြန်ပိတ်ရက်) |

အထက်ပါခရီးစဉ်များပြောင်းလဲခြင်းမရှိပါ။မိမိသွားလိုသောခရီးစဉ်များကိုရွေးချယ်၍ Power Palace Hotel အမှတ်-၁၆၊ပြည်သာယာလမ်း၊ဘောက်ထော်၊ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၁-၅၅၉၇၁၉၊ ၀၁-၅၄၄၂၈၇၊၀၁-၄၀၀၈၁၆၊ ၀၉-၇၃၁၅၂၈၆၀၊ ၀၉-၇၃၁၅၁၃၁၃၊ ၀၉-၅၁၂၈၆၂၁သို့အမြန်ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။ သခင်မြင့်အောင်



### ပို့ဆောင်ရေးဝန်ကြီးဌာန
### မြန်မာအမျိုးသားလေကြောင်း
### လေယာဉ်မြေပြင်ဝန်ဆောင်မှုလုပ်ငန်းဌာနသုံး စက်ယန္တရားဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်း၊ လေယာဉ်မြေပြင်ဝန် ဆောင်မှုလုပ်ငန်းဌာနသုံး စက်ယန္တရား Bridge Stone အမျိုးအစားတာယာများနှင့် 3K (or) GS ဘက်ထရီများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပေးသွင်းမှုကို ၁၂-၁၁-၂၀၁၅ရက် ၁၆း၃၀နာရီတွင် မြန်မာအမျိုးသားလေကြောင်း(ရုံးချုပ်)သို့ နောက်ဆုံးထားပေးပို့ရပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

မြန်မာအမျိုးသားလေကြောင်း
အမှတ် ၁၀၄၊ ကမ်းနားလမ်း
ရန်ကုန်မြို့



## အရသာ အသားကင်ဆိုင်
## ဆိုင်သစ်နေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်း

အရသာဆိုင်အား ယခုအမှတ်(A/1177)၊ သံသုမာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပဘုရားရှေ့တွင် ၃-၁၁-၂၀၁၅ရက်(အင်္ဂါနေ့)မှစ၍ ဖွင့်လှစ်လိုက်ပါပြီ။ ဆိုင်ဖွင့်ပွဲအစီအစဉ် ၃-၁၁-၂၀၁၅ရက်မှ ၃-၁၂-၂၀၁၅ရက်အထိ Food Only 20% discount လျှော့ပေးမည်။

မိတ်ဟောင်းမိတ်သစ်များ လာရောက်အားပေးကြပါရန် လေးစားစွာဖိတ်ခေါ်အပ်ပါသည်။ ဖုန်း-၀၉-၉၇၄၇၃၁၅၅၈




# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၆ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၃၀-၉-၂၀၁၅ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၄-၁၂-၂၀၁၅ ရက်နေ့မှ ၁၂-၁၂-၂၀၁၅ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁)အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ ၁၂၀၀၀ဝိ /- ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၁၂၅၀၀ဝိ/- ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

| | အဆင့်အတန်း | အခြေခံလစာ | အရည်အချင်းလစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) | ၁၇၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၈၄၀၀၀ |
| (ခ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ဂ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဃ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (င) | အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀ဝိ/- နှုန်းဖြင့် ၁၀၀၀ဝိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင် သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

## စုပေါင်းမဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲ
## ဖိတ်ကြားလွှာ
## စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ ၁၆/၂ရပ်ကွက် သဃ်ာန်းကျွန်း

ရန်ကုန်တိုင်းဒေသကြီး၊သဃ်ာန်းကျွန်းမြို့နယ်၊ ၁၆/၂ရပ်ကွက်၊ရတနာလမ်း၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်တွင် ပုရိမဝါမှ ထတော်မူကြကုန်သော-တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်သုန္ဒရအမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား ကထိန်ဒါယကာ၊ ကထိန်ဒါယိကာမများဖြစ်ကြသော ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့မှ ဒါယကာ၊ဒါယိကာမများနှင့် စွန်းလွန်းယောဂီများ စုပေါင်းကာ ၁၃၇၇ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၁ရက် (၈-၁၁-၂၀၁၅) ရက် တနင်္ဂနွေနေ့တွင် ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်း မည်ဖြစ်ပါ၍ (ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) ကြွရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**လှူဒါန်းလိုသော စေတနာရှင်များ**

**ဖုန်း-၀၁-၅၆၄၆၅၄၊ ၀၉-၅၅၀၀၄၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။**

**အဖွဲ့၊ စွန်းလွန်းဂူဝိပဿနာကျောင်း၊ ၁၆/၂ ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်**

## ပုလဲရတုမင်္ဂလာဆုတောင်း

ဖေဖေ ဦးတင်ထွန်း (Chief Officer, Noah Marine Co:)၊ မေမေ ဒေါ်ဝင်းဝင်းရီ [S.A.T. ငြိမ်း၊ အထက (၃) ဒဂုံ)] တို့၏ ၃၁-၁၀-၂၀၁၅ရက်တွင် နှစ် (၃၀)ပြည့် ပုလဲရတုမင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လောကီ၊ လောကုတ္တရာ၊ အကျိုးစီးပွားများကို ဆောင်ရွက်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

**သမီး - မမေသွယ်ထွန်း(သရုပ်ပြ၊ ဆေးဝါးကျွမ်းကျင်တက္ကသိုလ် ရန်ကုန်)**

**- မောင်ထွန်းယုလှိုင်** (Chief Engineer, Star Emperior Co:)

**သား - မောင်ထက်ဇာနည်ထွန်း** (Second Mate FG, Martigate Co:)

**" ဗန်ကောက်ရဲ့ Christmas ညများမှာ SHWE PYI TAW - III နဲ့အတူလည်လိုက်ကြစို့"**

SHWE PYI TAW III TRAVELS AND TOURS

၂၄-၁၂-၂၀၁၅ - ဗန်ကောက်၊ ပတ္တရား၊ Tiger Zoo၊ Boy Lady Show

၂၅-၁၂-၂၀၁၅ - Coral Island ၊ဘန်ကောက်၊ Cruise Dinner

၂၆-၁၂-၂၀၁၅ - မြဘုရား၊ ဘုရင့်နန်းတော်၊ ရေအောက်ကမ္ဘာ၊ ဖယောင်းပြတိုက်

၂၇-၁၂-၂၀၁၅ - Central World ၊Platinum Shopping Mall၊ Yangon

ခရီးစဉ်ဈေးနှုန်းမှာတစ်ဦးလျှင် **US$ 450/-**ဖြစ်ပြီးလေယာဉ်လက်မှတ်,အစားအသောက်, **3 Star Hotel,** မြန်မာဧည့်လမ်းညွှန် နှင့် ဝင်ကြေးများအားလုံးပါဝင်ပါသည်။

ဆက်သွယ်ရန်း **01 9667482/ 09 73155610/ 09 252174725**

**Shwe Pyi Taw III Travels & Tours facebook page** ပေါ်တွင်လည်းစုံစမ်းနိုင်ပါသည်။

ဟိုက်ခြောလစ်/လေဖိအား

**Fully Auto အုတ်ရိုက်စက်**

**ခေတ်မီမြေအုတ်ရိုက်စက် ရပြီ**

(၆၇)၊ သံသုမာလမ်း၊ သုဝဏ္ဏသွားဆေးတက္ကသိုလ်အနီး။

**09 420035882, 09 73199410**

**09 420035884, 09 73199257**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ညောင်လင်းဇင်းအုပ်စု၊ (အထက) လင်းဇင်း၊ တက္ကသိုလ်ဝင်တန်း (B) မှ မအိမ့်သူထွေး၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော်ဖြစ်ပါသည်။

**ဦးသိန်းဇော်**

**၈/စလန(နိုင်)၁၀၈၂၅၇**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ညောင်လင်းဇင်းအုပ်စု၊ (အထက) လင်းဇင်း၊ တက္ကသိုလ်ဝင်တန်း (B) မှ မောင်သက်ပိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ရွှေဖြစ်ပါသည်။

**ဦးခင်မောင်ရွှေ**

**၈/စလန(နိုင်)၀၉၅၁၂၇**

**PROFESSIONALS' EDUCATION CENTRE (PEC) ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်ပညာ့ရိပ်သာ**

မှတ်ပုံတင်အမှတ်-(ကက-၁၀/၀၄/၀၈၃) (မန္တလေး)



PEC SMART SCHOOL

၂၀၁၆ ပညာသင်နှစ်အတွက် စာရင်းလက်ခံနေပါပြီ။

အမှတ် (E-၅၇ & E-၅၈)၊ ၅၆လမ်း၊ ဒိုင်ရွှေဝါလမ်းနှင့် ငုရွှေဝါလမ်းကြား၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း..... ၀၉-၅၁၂၇၀၀၇၊ ၀၉-၂၅၆၁၂၀၂၉၁၊ ၀၉-၉၁၀၀၃၈၅၉၊ ၀၉-၉၁၀၁၈၉၅၂



# ဖိတ်ကြားခြင်း

A.G.T.I ကျောင်းသားဟောင်းများအသင်းမှ ကြီးမှူးကျင်းပမည့် G.T.I ပညာရေးခရီး နှစ် (၁၂၀)ပြည့်ပွဲနှင့် အကြိမ်(၂၀)မြောက် G.T.I ကျောင်းပေါင်းစုံ အာစရိယပူဇော်ပွဲအခမ်းအနားအား အောက်ဖော်ပြပါ အစီအစဉ်များအတိုင်း ခမ်းနားစည်ကားစွာ ကျင်းပမည်ဖြစ်ပါသဖြင့် G.T.I ကျောင်းဆင်း ညီအစ်ကိုမောင်နှမများနှင့် မိသားစုများ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်အတွက် မပျက်မကွက် ပါဝင်ဆင်နွှဲကြပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေရာ** - အင်းစိန် G.T.I အားကစားကွင်း

**ကျင်းပမည့်နေ့ရက်** - ၁၂-၁၂-၂၀၁၅ရက် (စနေနေ့)

**အခမ်းအနားအစီအစဉ်** - နံနက် ၉နာရီ အာစရိယပူဇော်ပွဲ ကျင်းပခြင်း၊
- နံနက် ၁၁နာရီမှ ညနေ ၅နာရီထိ G.T.I ကျောင်းများမှ စတုဒိသာ ကျွေးမွေး လှူဒါန်းခြင်းနှင့် ကျောင်းအသီးသီးမှ အစီအစဉ်အလိုက်ဖျော်ဖြေ ဧည့်ခံခြင်း၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်း၊ ညနေ ၆နာရီမှ ည ၁၁နာရီအထိ အထိမ်းအမှတ် ညစာစားပွဲနှင့် နိုင်ငံကျော် တေးသံရှင်များဖြင့် ဧည့်ခံခြင်း၊

**အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်**

၁။ ဦးခင်အေး(ရုံးအဖွဲ့မှူး) ဖုန်း-၀၁-၅၁၉၈၆၃၊ ၀၉-၈၆၂၆၈၈၅

၂။ ကိုမြင့်ကြူ ဖုန်း-၀၉-၇၃၀၉၃၂၅၆၊ ၀၉-၇၉၅၅၆၄၃၅၃၊

၃။ မသူဇာလင်း ဖုန်း-၀၉-၅၁၁၂၄၉၀၁

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက (သဲတော) တက္ကသိုလ်ဝင်တန်း(E)မှ မချမ်းငြိမ်းသီတာအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဆန်း ၉/ဝတန(နိုင်) ၀၇၂၅၀၉ ဖြစ်ပါသည်။ **ဦးအောင်ကျော်ဆန်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တင့်နိုင်ဦး ၉/တသန (နိုင်)၁၂၉၂၆၂၏ Passport (No.2410 39) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၃၅၀၇၉၄**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ ရွှေစင်နိုင်အောင် ကုမ္ပဏီလီမိတက် Shwe Sin Naing Aung Co.,Ltd. မှတ်ပုံတင်လက်မှတ် (အမှတ်-၂၆၈၉/ ၂၀၁၂-၂၀၁၃) ၁-၁၀-၂၀၁၂သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၀၅၀၈၆၅၀**




**ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၆) ရပ်ကွက်၊ နှင်းဆီလမ်း၊ Highway Complex အိမ်ရာ၊ တိုက်အမှတ် (စီ)၊ အခန်းအမှတ် (၁၁၁)၊ ပထမထပ်၊ အကျယ်အဝန်း (၂၅ × ၅၀) ပေရှိ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်**

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်ထွဋ်အောင် (ခ) ဦးနေအောင် (၁၂/အဂန (နိုင်) ၀၁၈၇၂၆) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်တွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းနှင့်ဖြစ်စေ သတ်မှတ်ရက်အတွင်း အတိအလင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ ပေါ်ပေါက်ခြင်းမရှိခဲ့ပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဦးချစ်ကိုကို
LL.B, H.G.P., Dip in Business Law, Dip in Applied Psychology,
Dip in Maritime Law, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေကြီးနှင့် စီးပွားရေးလုပ်ငန်း ဥပဒေဆိုင်ရာအကြံပေးပုဂ္ဂိုလ် (စဉ်-၂၈၀၃)

ဦးသန်းငွေ
(LL.B) WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၈၅၁)

ဦးအောင်မြင့်ထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-ရ၄ရ၁)

ဦးရာဇာဝင်း (LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၉၆၀၃)

ဦးအောင်ပြည့်ဖြိုးလွင် (LL.B) WIPO (Switzerland)
အထက်တန်းရှေ့နေ (စဉ်-၃၉၂၆၇)

အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၂၅၂၉၂၄၊ ၀၉-၃၂၀၆၉၅၄၆

## ဒေါ်ခင်ညိုညို

**B.E.Con (Eco) Hons. B.Ed, M.Ed (Q)**

**အထက်တန်းပြ (အထက-၂၊ ဗဟန်း)**

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ၁၅၃လမ်း၊ အမှတ် ၄၀နေ [ဦးတိုးစိန်(လ/ထစာရင်းအင်းမှူး)-ဒေါ်တင်အောင်]တို့၏သမီး၊ ဦးလှကျော်(တွဲဖက်ပါမောက္ခ၊ အနောက်ပိုင်းတက္ကသိုလ်၊ ပထဝီဝင်ဌာန)-ဒေါ်စန်းစန်းမြင့်(အထက-၄၊ ဗိုလ်တထောင်)တို့၏ညီမ၊ ဦးမောင်မောင်သွင် (အကောက်ခွန်မှူး၊ ငြိမ်း)-ဒေါ်မီမီခိုင်၊ဦးဝင်းဇော်(ညွှန်ကြားရေးမှူး၊ အကောက်ခွန်)-ဒေါ်ခင်မမ၊ ဒေါ်သက်သက်မာတို့၏အစ်မ၊ မောင်ဥက္ကာမင်း၊ မနှင်းဦးဝေ၊ မောင်ဉာဏ်လင်းထက်၊ မဇာဇာလွင်ထက်၊ မဖူးပြည့်ဝင်းဇော်တို့၏ကြီးကြီးသည် ၂၇-၁၀-၂၀၁၅ရက်(အင်္ဂါနေ့)ည ၉း၂၀နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂-၁၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## (၅)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဦးခင်မောင်ထွေး(ခ)ဦးလေးဖိုးထွေး**

**မန်နေဂျာ (Original Group Co., Ltd.)**

မောင်လေးရေ မတွေ့နိုင်မမြင်နိုင်
မကြုံနိုင်မဆုံနိုင်လောက်အောင်
အပြီးအပိုင်ခွဲခွာသွားတာ(၅)နှစ်တောင် ပြည့်သွားပြီနော်
ဘယ်ဘဝကိုရောက်နေပြီလဲ
ဘာတွေဖြစ်နေပြီလဲ
ဘာတွေလုပ်နေပြီလဲ
သိချင်လိုက်တာ
သြော် တွေးကြည့်လိုက်တော့လည်း
မရေမရာမသေချာနဲ့
ဘာအဖြေမှလည်းထွက်မလာတော့ဘူး
အဲဒါကြောင့် သိပ်ချစ်ရတဲ့ မောင်လေးရေ
(၅)နှစ်ပြည့်တော့ ပိုလွမ်းတယ်
ကျန်ရစ်သူမိသားစု ပြုပြုသမျှအလှူဒါနတွေကို အမျှဝေလိုက်တယ်နော်
အမျှ…အမျှ…အမျှ
မောင်လေးရောက်ရာဘုံဘဝက သာဓုခေါ်လိုက်ပါ…

**အစ်မတို့မိသားစု**

**ဇနီးဒေါ်စန်းစန်းဝေ မိသားစု**

**Original Group မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကြည်ဝင်း**

**ဆံတော်ရှင်ကျိုက်သုတ် စေတီတော်ဂေါပကအဖွဲ့**

**တွဲဖက်အတွင်းရေးမှူး(၁)**

**မွန်ပြည်နယ်၊ မော်လမြိုင်မြို့**

**အသက်(၇၄)နှစ်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ ဆရာမဒေါ်ခင်လှနွယ်၏ခင်ပွန်းသည် ၂၇-၁၀-၂၀၁၅ရက် နံနက် ၄နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဆံတော်ရှင်ကျိုက်သုတ်စေတီတော် ဂေါပကအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအေးသိန်း (ပြည်)**

**ညွှန်ကြားရေးမှူး(ငြိမ်း)**

**ဆည်မြောင်းဦးစီးဌာန**

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဇေယျာခေမာလမ်း၊ အမှတ် ၅၀၈နေ ဦးအေးသိန်းသည် ၂၃-၁၀-၂၀၁၅ရက် (သောကြာနေ့) ညနေ ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**

**မကွေးတိုင်းဒေသကြီး၊ ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး)မကွေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအေးသိန်း (ပြည်)**

**ညွှန်ကြားရေးမှူး(ငြိမ်း)**

**ဆည်မြောင်းဦးစီးဌာန**

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဇေယျာခေမာလမ်း၊ အမှတ် ၅၀၈နေ ဦးအေးသိန်းသည် ၂၃-၁၀-၂၀၁၅ရက် (သောကြာနေ့) ညနေ ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**

**မကွေးတိုင်းဒေသကြီး၊ ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး)မကွေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂ဟ/၂၅၇၀၁ Honda Dream (100)MF M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းတစ်၁၃/ကတန(နိုင်)၁၀၁၉၁၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး၊ ကျိုင်းတုံမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃ဟ/၇၆၃၄ Honlei (သုံးဘီးဆိုင်ကယ်) ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဝန်းကျော် ၁၃/ကတန(နိုင်)၀၈၈၆၄၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး၊ ကျိုင်းတုံမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဂ/၁၁၄၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး၊ ကျိုင်းတုံမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၅ယ/၁၀၁၆၄ Kawaseki LX 250 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်မြင့်(ခ)ရှောက်မြင့် ၁၃/ကတန(နိုင်)၀၂၆၁၇၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းနိုင်ဝင်း ၁၂/တတန(နိုင်)၁၅၀၁၃၈၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၁၀၇၃၃၈၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးတွန်မန် ၅/ကလထ(နိုင်)၁၁၇၀၁၄၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၅၈၉၄၄၀၅**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဝင်းဇော် ၈/ဆမန(နိုင်)၀၅၀၆၀၉၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၁၀၇၃၃၈၁**

## ဖခင်အမည်မှန်

ဘားအံမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ နန်းပန်းအိငယ်၏ဖခင်အမည်မှန်မှာ ဦးထိန်လင်း ဖြစ်ပါကြောင်း။

**ဦးထိန်လင်း**

## မိခင်အမည်မှန်

ဘားအံမြို့နယ်၊ မိကရင် အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ စောအေးမင်းကို၏ မိခင်အမည်မှန်မှာ နန်းမငွေဖြစ်ပါသည်။ **နန်းမငွေ**

## မိဘအမည်မှန်

ဘားအံမြို့နယ်၊ မိကရင် အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ နန်းဇင်မာဦး၏ မိဘအမည်မှန်မှာ စောပေါ်ဆ-နန်းဥမ္မာအေးဖြစ်ပါသည်။

**စောပေါ်ဆ-နန်းဥမ္မာအေး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်AA-3887၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

# (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်(၄)ရပ်ဖြင့် ကျင်းပမည်

စာမျက်နှာ-၃

## အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

**နေပြည်တော်  အောက်တိုဘာ ၂၀**

အောက်တိုဘာ ၂၀ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီ ၅၈ မိနစ် ၀၂ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၄၉၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း သိရသည်။ **(မိုး/ဇလ)**

## အထူးကဏ္ဍအချပ်ပိုလေးမျက်နှာပါရှိ

**ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁-၂၀၁၅ အထူးကဏ္ဍ အချပ်ပိုလေးမျက်နှာ ပါရှိပါသည်။**

# မြန်မာနိုင်ငံတွင် ကမ္ဘာ့အကြီးဆုံး လိပ်ကျောက်ဖြစ်ရုပ်ကြွင်းတွေ့ရှိ

## အစောပိုင်းပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများသည်လည်း အာဖရိကနှင့်အသွင်တူ

ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ-ဇော်မင်းလတ်

**ရန်ကုန်  အောက်တိုဘာ ၂၀**

မြန်မာပြည်တွင် တွေ့ရသည့် အစောပိုင်း ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများသည် အာဖရိက၌ တွေ့ရသည့် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် အသွင်သဏ္ဌာန်ဆင်တူမှုများရှိ၍ နှစ်သန်းပေါင်းများစွာကပင် ကူးလူးဆက်ဆံမှုများရှိခဲ့ကြောင်းနှင့် မော်တော်ကားအရွယ် အစားခန့်ရှိသည့် ကမ္ဘာ့အကြီးဆုံး လိပ်ကျောက်ဖြစ်ရုပ်ကြွင်းကိုလည်း တွေ့ရကြောင်း ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ သုတေသနပညာရှင်များက အမျိုးသားပြတိုက်(ရန်ကုန်)၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် မြန်မာနိုင်ငံ ပုံတောင်နှင့် ဧရာဝတီကျောက်လွှာစုများမှ လေ့လာသုတေသနပြု တွေ့ရှိခဲ့သော ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းများအကြောင်း ဟောပြောပွဲ၌ ပြောကြားခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ *



မြန်မာနိုင်ငံ၌ ရှာဖွေတွေ့ရှိခဲ့သော ပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်းများ ပြသထားစဉ်။

# Myanmar Wave Rider Cup and KTA Race Open 2015 ဒုတိယနေ့ယှဉ်ပြိုင်

**ငွေဆောင်  အောက်တိုဘာ ၂၀**

ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေရှိ ပင်လယ်ပြင်ရွက်လှေကလပ်၌ ကျင်းပနေသည့် Myanmar Wave Rider Cup and KTA Race Open 2015 ပြိုင်ပွဲများ၏ ဒုတိယနေ့ပြိုင်ပွဲအဖြစ် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကြသည်။

ဒုတိယနေ့ ကလပ်ပြိုင်ပွဲများကို ပထမနေ့ပြိုင်ပွဲ၌ ပါဝင်သည့် Stand Up Paddle (SUP) ကလပ်ပြိုင်ပွဲများတွင် ၁၈ နှစ်အောက် အငယ်တန်း(ကျား)ပြိုင်ပွဲ၊ ၁၈ နှစ်အောက် အငယ်တန်း(မ)ပြိုင်ပွဲ၊ အမျိုးသမီး ရိုးရိုးတန်းပြိုင်ပွဲနှင့် အလွတ်တန်းပြိုင်ပွဲဟူ၍ လေးမျိုးခွဲယှဉ်ပြိုင်ခဲ့ကြသည်။ Windsurfing ဒုတိယနေ့ပြိုင်ပွဲ၌ စင်ကာပူနိုင်ငံမှတစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုတော့၍

စာမျက်နှာ ၁၄ ကော်လံ ၁ ❑



ငွေဆောင်ကမ်းခြေတွင် ပြုလုပ်သည့် Windsurfing ရွက်လှေပြိုင်ပွဲ မြင်ကွင်းပုံရိပ်။

# ၂၀၁၅ MNL အမှတ်ပေးပြိုင်ပွဲ ရန်ကုန်အသင်းချန်ပီယံဆု လက်ခံရယူ

သတင်း-ညီမြတ်သော်တာ

**ရန်ကုန်  အောက်တိုဘာ ၂၀**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၂) ပထမနေ့အဖြစ် ရန်ကုန်နှင့် ချင်းယူနိုက်တက်အသင်းတို့မှာ ယနေ့ ညနေ ၃ နာရီခွဲတွင် YUSC ကွင်း၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်အသင်းက ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အိမ်ကွင်းနောက်ဆုံးပွဲဖြစ်သည့် ချန်ပီယံဆုလက်ခံရယူမည့်နေ့ဖြစ်သောကြောင့် ရန်ကုန်အသင်းမှာ လူစုံထုတ်ကစားကာ ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့သည်။ ချင်းအသင်းမှာ ရန်ကုန်တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိ၍ ပေးဂိုးများခဲ့ခြင်းဖြစ်ပြီး ရန်ကုန်အသင်းအတွက် တိုက်စစ်မှူး ဆီဇာက တစ်ဦးတည်း ငါးဂိုးသွင်းခဲ့သလို လူငယ်တိုက်စစ်မှူး သန်းပိုင်ကလည်း နှစ်ပွဲဆက် ဂိုးသွင်းနိုင်ခဲ့သည်။ ရန်ကုန်အသင်းမှာ MNL အမှတ်ပေးချန်ပီယံဆုကို လေးကြိမ်မြောက်ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး MNL ၏ အအောင်မြင်ဆုံးအသင်းဖြစ်လာခဲ့သည်။

ရန်ကုန်အသင်းမှာ ချန်ပီယံဖြစ်ပြီးသော်လည်း အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သလို ချင်းအသင်းကလည်း လူစုံအသုံးပြုခဲ့သည်။ ချင်းအသင်းအားထည့် ကစားမှုကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ၂၆ မိနစ်တွင် ရန်ကုန်အသင်း ဂိုးစရခဲ့သည်။ သန်းပိုင်၏ ဖန်တီးပေးမှုကို ကျော်ကိုကို ကန်သွင်းရာ ပြန်လျှံထွက်လာသည်ကို ဆီဇာက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ❍

မြန်မာ့အလင်း Gmail mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS


